# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# တတိယနေ့မှတ်တမ်း(မူကြမ်း)

## ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
## (၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဥ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၃၈၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ ၉၇.၉၇ ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၊ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နှင့် (ဂ)တို့အရ အစည်းအဝေးအထမြောက် ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။အစည်းအဝေး တတိယနေ့အစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခွင့်ပန်ကြားရန်ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိက ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးသိန်းအောင်(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင် ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်လှမောင်ကိုယ်စား ခွင့်တိုင်ကြားမှာဖြစ်ပါတယ်ခင်ဗျား။ ဦးနိုင်လှမောင်သည် ယမန်နေ့က ည ၂၃-၈-၂၀၁၁ (၁၂း၀၀) နာရီအချိန်တွင် ခုတင် ၁၀၀၀ UIC အဆောင်တွင် ဆေးကုသခွင့်ခံနေရပါသဖြင့် ၂၄-၈-၂၀၁၁ မှ ၂-၉-၂၀၁၁ ထိခွင့်ပေးပါရန် လေးစားစွာ ဖြင့်ခွင့်တောင်းခံအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါသည်။

**ဥက္ကဋ္ဌ။** ။ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်လှမောင် အတွက် ခွင့်ပန်ကြားချက်ကိုခွင့်ပြုဖို့ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကသဘောတူတဲ့အတွက် ခွင့်ပြုပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်၏ကိုယ်စား ခွင့်ပန်ကြားလိုပါတယ်။ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှု အမှတ်(၄/၂၀၁၁)အား ယနေ့ ၂၄-၈-၂၀၁၁ ရက်နေ့တွင်ရုံးထိုင်၍ ဆုံးဖြတ်ချက်ချမှတ်မည် ဖြစ်ကြောင်း အကြောင်းကြားချက်အရ သွားရောက်ရပါသဖြင့် ၂၄-၈-၂၀၁၁ ရက်နေ့အား ခွင့်တစ်ရက် အဖြစ် သတ်မှတ်ပေးပါရန် ရိုသေလေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ သည်။

**ဥက္ကဋ္ဌ။** ။ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင် အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့မှာတက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်ကခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ ခွင့်ပန်ကြား သဖြင့်ခွင့်ပြုထားသူ ၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက် ကွက်သူမရှိပါ။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်အစည်းအဝေးများ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန် ၊ ၁၀း ၀၅။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မနေ့ကကျင်းပခဲ့တဲ့ အစည်းအဝေးဒုတိယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့မေးခွန်း ၁၀ ခုကို မေးမြန်း၊ဖြေကြားခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီနေ့မှာတော့ သက်ဆိုင်ရာကိုယ်စားလှယ်များထံမှ ဖြန့်ဝေထားတဲ့ ဇယားပါ မေးခွန်း ၁၅ ခု မေးမြန်း၊ဖြေကြားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မေးမြန်းမယ့် လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖြေကြားမယ့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအနေနဲ့ တိုတိုနဲ့လိုရင်းကိုသာမေးမြန်း၊ဖြေကြားဖို့ဖြစ်ပါတယ်။

## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်(မိုးမိတ်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်း

မေတ္တာ ပို့သနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်(ခ)ဦးဖိုးတုတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နယ်စပ်ဒေသအသီးသီးမှာရှိသော တိုင်းရင်းသားလူငယ်များအတွင်း အသိပညာရှင်၊ အတတ်ပညာရှင်များမွေးထုတ်ပေးနိုင်ရေးအတွက် ၁၇-၅-၉၉ ရက်နေ့မှာ နိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၁/၉၉) အရ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနကိုဖွဲ့စည်းကာ ပြည်ထောင်စုတိုင်းရင်းသားများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကို မန္တလေးမြို့နှင့်ရန်ကုန်မြို့တို့မှာ ဖွင့်လှစ်ခဲ့ကြောင်းသိရှိရပါတယ်။ အဆိုပါကျောင်းတွေမှာ နယ်စပ်ဒေသအသီးသီးမှာရှိသော တိုင်းရင်းသားလူငယ်များ၏ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများကို သတ်မှတ်ချက်နှင့် ကိုက်ညီသူများအား စိစစ်ရွေးချယ်ရေးအဖွဲ့ကရွေးချယ်ပြီး တက်ရောက်ခွင့်ပြုနေကြောင်းလည်းသိရပါတယ်။ ၂၀၀၃-၂၀၀၄ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ ပညာသင်နှစ်အထိ ကျောင်းဆင်း သင်တန်းသူ/ သင်တန်းသားပေါင်း ၁၅၁၃ ဦးကိုလည်းမွေးထုတ်ပေးပြီး ဝန်ကြီးဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်စေကြောင်းလည်းသိရှိရပါတယ်။ အဆိုပါသင်တန်းကျောင်းမှ သင်တန်းဆင်း ကျောင်းသူ/ကျောင်းသားများဟာအမှန်တကယ်ဖွံ့ဖြိုးမှုနည်းပါးသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားလူငယ်များဖြစ်ပါသလား။ နယ်စပ်ဒေသအသီးသီးမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ တိုင်းရင်းသားများကို ယင်းကျောင်းသို့ မည်ကဲ့သို့သောသတ်မှတ်ချက်စံနှုန်းများဖြင့် စိစစ်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်ပါသလဲ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ နယ်စပ်ရေးရာဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး(ပြည်ထောင်စုဝန်ကြီး၊နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်က တော့နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း ၊ မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်(ခ) ဦးဖိုးတုတ်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ဖြေကြားပါမယ်။ မေးခွန်း မှာ အပိုင်းနှစ်ပိုင်းရှိတဲ့အတွက် အပိုင်းနှစ်ပိုင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

ပထမမေးခွန်းပိုင်းဖြစ်တဲ့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် သင်တန်းဆင်းကျောင်းသားများဟာ ဖွံ့ဖြိုးမှုနည်းပါးသော နယ်စပ်ဒေသမှတိုင်းရင်းသားလူငယ်များဖြစ်ပါ သလားဆိုတဲ့မေးခွန်းကို ဖြေကြားပါမယ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်တဲ့နေရာမှာ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရတဲ့နည်းတူပဲ Sustainable Development လို့ခေါ်ဆိုတဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက် မှုရရှိဖို့အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးဖို့လည်းမလွဲမသွေလိုအပ်တာဖြစ်ပါတယ်။ မိမိတို့ဒေသရဲ့ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက်နဲ့ စွမ်းစွမ်းတမံရေရှည်ဆောင်ရွက်သွားကြမယ့် စွမ်းရည်ပြည့်ဝတဲ့ တိုင်းရင်းသားအသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ ပြုစုပျိုးထောင်ပေးဖို့ ရည်ရွယ်ချက်နဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့လက်အောက်မှာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် မန္တလေး) တို့ကိုဖွင့်လှစ်ခဲ့ပါတယ်။ အဆိုပါ ကောလိပ်တွေမှာသင်တန်းသားများအဖြစ် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးတဲ့ နယ်စပ်ဒေသမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူငယ်များကို ဦးစားပေးပြီးတော့ အရည်အချင်းသတ်မှတ်ချက်နဲ့ ကိုက်ညီသူများကို ရွေးချယ်တက်ရောက်စေလျက်ရှိပါတယ်။ ၂၀၀၁-၂၀၀၂ ခု ပညာသင်နှစ်ကနေ ၂၀၁၀-၂၀၁၁ခု ပညာသင်နှစ်အထိ ဘွဲ့ရကျောင်းသားဦးရေ စုစုပေါင်း ၁၇၈၀ ဦးလေ့ကျင့်သင်ကြားပေးခဲ့ရာမှာ တိုင်းရင်းသားလူငယ် အသီးသီးပါဝင်မှုကို လူမျိုးအက္ခရာစဉ်လိုက် တင်ပြရမယ်ဆိုရင် ကချင်တိုင်းရင်းသား ၄၃ဦး၊ ကဒူးတိုင်းရင်းသား လေးဦး၊ ကနန်းတိုင်းရင်းသား ၁၃ ဦး၊ ကယားတိုင်းရင်းသား ၉၇ ဦး၊ ကယန်း တိုင်းရင်းသား ၉၈ ဦး၊ ကရင်တိုင်းရင်းသား ၁၃၉ ဦး၊ ကိုးကန့် တိုင်းရင်းသား တစ်ဦး၊ ချင်းတိုင်းရင်းသား ၂၆၀ ဦး၊ ခမီတိုင်းရင်းသား ၃၇ ဦး၊ ခူမီးတိုင်းရင်းသား ၂၂ ဦး၊ ဂျိမ်းဖောတိုင်းရင်းသား တစ် ဦး၊ ဂေဘားတိုင်းရင်းသား တစ်ဦး၊ တောင်ရိုးတိုင်းရင်းသား တစ်ဦး၊ တောင်သား တိုင်းရင်းသား ငါးဦး၊ ထားဝယ်တိုင်းရင်းသား တစ်ဦး၊ ဒိုင်းနက်တိုင်းရင်းသား သုံးဦး၊ ဓနုတိုင်းရင်းသား ၄၉ ဦး၊ နာဂတိုင်းရင်းသား ၁၀၆ ဦး၊ ပလောင်တိုင်းရင်းသား ၁၅၁ ဦး၊ ပအိုဝ့်တိုင်းရင်းသား ၁၀၆ ဦး၊ ပဒေါင်တိုင်းရင်းသား ငါးဦး၊ မွန်တိုင်းရင်းသား ၁၁၁ ဦး၊ မြိုတိုင်းရင်းသား ခုနှစ်ဦး၊ မြောင်ဇီးတိုင်းရင်းသား သုံးဦး၊ ရခိုင်တိုင်းရင်းသား ၉၉ ဦး၊ ရဝမ်တိုင်းရင်းသား တစ်ဦး၊ ရှမ်းတိုင်းရင်းသား ၂၇၉ ဦး၊ လီဆူးတိုင်းရင်းသား သုံးဦး၊ လားဟူတိုင်းရင်းသား ကိုးဦး၊ လီရှောတိုင်းရင်းသား နှစ်ဦး၊ သက်တိုင်းရင်းသား ၁၄ ဦး၊ 'ဝ'တိုင်းရင်းသား ၂၂ ဦး၊ အခါတိုင်းရင်းသား ၄၁ ဦးနှင့် အင်းသား

တိုင်းရင်းသား ၄၆ ဦး ဖြစ်ပါတယ်။ စုစုပေါင်း တိုင်းရင်းသားလူမျိုး ၃၄ မျိုးနဲ့ သင်တန်းသား ၁၇၈၀ဦး ဖြစ်ပါတယ်။ အလားတူပဲ ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ်မှာလည်း သင်တန်းသား ၁၂၈၉ ဦး တက်ရောက်သင်ကြားစေခဲ့ရာမှာ စုစုပေါင်းတိုင်းရင်းသားလူမျိုး ၃၈ မျိုးနဲ့ သင်တန်းသား ၁၂၈၉ ဦး သင်ကြားပေးလျက်ရှိပါတယ်။ အဆိုပါတိုင်းရင်းသားလူငယ်များအနက် ဝိဇ္ဇာဘွဲ့ ၄၃၉ ဦး၊ သိပ္ပံဘွဲ့ ၈၁၅ ဦး၊ AGTI Diploma ၅၂၆ ဦး၊ စုစုပေါင်း ၁၇၈၀ ဦး ဘွဲ့အသီးသီးရခဲ့တဲ့အပြင် ၎င်းတို့အနက်မှ ပညာရေးထူးချွန်ပြီးတော့ အဆင့်မီတဲ့သူတွေကို အဆင့်မြင့်ပညာများဆက်လက် ဆည်းပူးစေခဲ့ရာမှာ အင်ဂျင်နီယာဘွဲ့၁၁၇ ဦး၊ နည်းပညာဘွဲ့ ၁၈၂ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၅၆ ဦး၊ မဟာသိပ္ပံဘွဲ့ ၈၀ ဦးနဲ့ မဟာအင်ဂျင်နီယာဘွဲ့ ၁၄ ဦး၊ မဟာသုတေသနဘွဲ့ ၃၇ ဦး ရရှိခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါဘွဲ့ရကျောင်းသားများဟာ ယခုအခါမှာ ဝန်ကြီးဌာနအသီးသီးနဲ့ မိမိတို့ရဲ့ ဇာတိရပ်မြေ အသီးသီးမှာ နိုင်ငံ့တာဝန်တွေနဲ့ ဒေသဖွံ့ဖြိုးရေးတာဝန်အသီးသီးကို ထမ်းဆောင်နေ ကြပြီဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ မည်ကဲ့သို့သော သတ်မှတ်ချက်စံနှုန်းများဖြင့် ရွေးချယ်ပါသနည်း ဆိုတာကို ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ရွေးချယ်တဲ့နေရာမှာ အဓိကအချက်နှစ်ချက်ကို ဦးစားပေးပြီး ရွေးချယ်ပါတယ်။ ပထမအချက်ကတော့ ဝေးလံခေါင်းပါးပြီး ဖွံ့ဖြိုးမှုနည်းပါးတဲ့ ဒေသမှ တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့ တိုင်းရင်းသားလူငယ်များဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးကျောင်း၂၉ ကျောင်းရှိပါတယ်။ အဆိုပါကျောင်းများ မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့တဲ့ တိုင်းရင်းသားလူငယ်များဖြစ်ပါတယ်။ ၎င်းတို့ရဲ့အရည်အချင်း သတ်မှတ်ချက်များမှာတော့ -

(က) နယ်စပ်ဒေသတွင်နေထိုင်သော ပြည်ထောင်စုတိုင်းရင်းသားဖြစ်၍ ရိုးရာဘာသာ စကားကို တတ်ကျွမ်းရမည်။

(ခ) တက္ကသိုလ်ဝင်တန်း အောင်မြင်သူဖြစ်ပြီး ပညာသင်နှစ်၏ ဇွန်လ ၃၀ ရက်နေ့တွင် အသက် ၂၀ အထက် မကျော်လွန်စေရ ။

(ဂ) အိမ်ထောင်မရှိသူ(လူပျို)ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဃ) အဝေးသင်တက္ကသိုလ်အပါအဝင် အခြားတက္ကသိုလ်များတွင် တစ်ပြိုင်နက်တည်း ပညာ ဆည်းပူးနေသူမဖြစ်စေရ။

(င) စိစစ်ရွေးချယ်ရေးအဖွဲ့၏လူတွေ့စစ်ဆေးခြင်းကို ခံယူရမည်။

(စ) ကျန်းမာရေးဆေးစစ်၍ အောင်မြင်သူဖြစ်ရမည် ဆိုတဲ့အချက်များပဲ ဖြစ်ပါတယ်။

သင်တန်းသားများရွေးချယ်ရာမှာ ဘက်လိုက်မှုမရှိစေရန်နှင့် ကျောသားရင်သားမခွဲခြားဘဲ မျှမျှတတ ရွေးချယ်စေရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့နဲ့ စနစ်တကျရွေးချယ် ဆောင်ရွက်လျက်ရှိပါတယ်။ ယခု ၂၀၁၁ -၂၀၁၂ ပညာသင်နှစ်မှာလည်း ဝိဇ္ဇာ/သိပ္ပံတွဲ ကျောင်းသား ၂၀၀ ဦးနှင့် အင်ဂျင်နီယာသိပ္ပံကျောင်းသား ၂၀၀ ဦး အထိ တိုးမြှင့်လက်ခံသင်ကြားရန် စီမံထားရှိပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဂုတ်ထိပ်မီးရထားလမ်း ပေါင်းကူးတံတားနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်မြင့် ၊နောင်ချိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြင့်(နောင်ချိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချို မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုနှင့် ကျောက်မဲ၊ သီပေါ၊ လားရှိုးမြို့များသို့ မီးရထားလမ်းဂုတ်ထိပ် တံတားကြီးဟာ ၁၈၉၇ ခုနှစ်မှာတည်ဆောက်ခဲ့ပါတယ်။ ကမ္ဘာပေါ်မှာဒုတိယအမြင့်ဆုံးဟု ကျော်ကြား တဲ့ ချောက်ကမ်းပါးနှစ်ခုကို တစ်ခုနှင့်တစ်ခုဆက်သွယ်ထားတဲ့ ဂုတ်ထိပ်တံတား၊ ပေါင်းကူးတံတားကြီး ဖြစ်ပါတယ်။ သက်တမ်းကြာမြင့်ပြီဖြစ်တဲ့အတွက် စစ်ဆေးထိန်းသိမ်းပေးရန်ကိုလည်းတွေ့ရှိရပါတယ်။ သက်တမ်းအနှစ် ၁၀၀ ကျော်ကြာပြီဖြစ်တဲ့ ဂုတ်ထိပ်တံတားကြီးဟာ ပိုမို ဂရုစိုက် ထိန်းသိမ်းပေးရန်(က) အစီအစဉ် ရှိပါသလား။ (ခ) အဆိုပါ ဂုတ်ထိပ်တံတားကြီးအား အသစ်ပြန်လည် တည်ဆောက်ရန် အစီအစဉ်ရှိပါသလား။ (ဂ) အစီအစဉ်ရှိမည်ဆိုပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်မည်ကို သိရှိလိုကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လူစီးတွဲရထားများ၊ ရထားလမ်းများနှင့် ဘူတာများအဆင့်အတန်းမြင့်မားရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်သူ၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်သူ (ဒဂုံမြို့သစ်အရှေ့ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော် များအား မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်သူ

ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းတင်ပြလိုသည်မှာ နိုင်ငံတော်အနေနဲ့ ပို့ဆောင်ရေးကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ရထားပို့ဆောင်ရေးကဏ္ဍသည် ပြည်သူ လူထုအတွက်များစွာ ထိရောက်သက်သာစေသော ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ နိုင်ငံအတွင်းပြေးဆွဲလျက်ရှိသည့် လူစီးရထားတွဲများအား နိုင်ငံတကာအဆင့်မီစေရန်နှင့် ပြေးဆွဲလျက်ရှိသော ရထားသံလမ်းများအား ကြံ့ခိုင်စေရန်နှင့် ရထား ဘူတာရုံများအား သန့်ရှင်းလှပသပ်ရပ်စေရန်အတွက် ယခုထက်ကိုဘက်စုံ အဆင့်အတန်းတိုးတက် မြင့်မားစေရန် အစီအစဉ် ရှိ၊ မရှိ၊ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်ပါကြောင်း သိလို ပါသဖြင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မင်း(ပြည်ထောင်စုဝန်ကြီး၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းမှ ဦးကျော်မြင့်၏မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဂုတ်ထိပ်တံတားဟာ ၁၉၀၃ခုနှစ်မှာ သံမဏိတိုင်စင် ၁၆ တိုင်ပေါ်မှာ သံဘောင်တင်ပြီးတည်ဆောက် ထားတဲ့တံတားဖြစ်ပါတယ်။ အလျားအားဖြင့် ၂၆၆၀ ပေရှည်လျားပါတယ်။ အမေရိကန်နိုင်ငံ (Pensylvania နဲ့ MaryLand Bridge and Construction Co.,Ltd)က လျှိုကြီးနှစ်ခုကို ဆက်စပ်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ အမြင့်ဆုံး သံမဏိတိုင်မှာ ပေ ၃၂၀ ခန့်မြင့်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်နှင့်ဂျပန်တို့ကြောင့် သံမဏိတိုင် ၆ တိုင်နှင့် ယက်မတန်း ၄ ခန်း ပျက်စီးခဲ့ပါတယ်။ စစ်ကြီးအပြီးမှာပြန်လည်ပြုပြင်ခဲ့ရာ ၁၉၅၁ ခုနှစ်မှာပြင်ဆင်ပြီးစီး၍ ရထားလမ်း များကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

အဆိုပါတံတားကြီး၏ကြံ့ခိုင်မှုကို ပြန်လည်ဆန်းစစ်ရန်အတွက်၂၀၀၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှာ Japan International Co-operation Agency (JICA)နှင့် မြန်မာ့မီးရထားတို့ ပူးတွဲပြီးတော့စစ်ဆေးခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိချက်များအပေါ်အခြေခံပြီးတော့ JICA က လက်ရှိ အခြေအနေတွင် တံတားအခြေအနေခိုင်ခန့်ကောင်းမွန်နေပါကြောင်းနှင့် ပုံမှန်ထိန်းသိမ်းပြုပြင်သွားပါ ကသက်တမ်းကြာမြင့်စွာ ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း ထောက်ခံချက်ပေးထားပါတယ်။

မြန်မာ့မီးရထားအနေဖြင့် နှစ်စဉ်ပုံမှန်စစ်ဆေးခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ ခိုင်ခန့်မှုအားကောင်းနေတဲ့အတွက် လားရှိုး-မန္တလေး စုန်/ဆန် ရထားများ သာမက ကုန်ရထားများကိုပါ နေ့စဉ်ပုံမှန်ဖြတ်သန်းပြေးဆွဲပေးလျက်ရှိပါတယ်။ လက်ရှိစစ်ဆေးပြုပြင် ထိန်းသိမ်းခြင်းစနစ်မှာ လုံလောက်နေပြီဖြစ်သော်လည်း တံတားသက်တမ်းပိုမို ကြာရှည်စေရန်ရထား များကိုတံတားပေါ်မှာ တစ်နာရီ ၅ မိုင်နှုန်းဖြင့်သာခုတ်မောင်းစေခဲ့ပါတယ်။ အခါအားလျော်စွာသီးခြား ပညာရှင်အဖွဲ့ဖြင့်လည်း စစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဂုတ်ထိပ်တံတားအား အကြောင်းအမျိုးမျိုးကြောင့် အဆက်အသွယ်ပြတ်သွားခဲ့လျှင် ရထား ပြေးဆွဲမှုမပြတ်တောက်စေရေးအတွက် လက်ရှိဂုတ်ထိပ်တံတား၏ အောက်ဘက်အနိမ့်ပိုင်းမှာ အရန် ရထားလမ်းအဖြစ် ရထားလမ်းတစ်လမ်းကိုလည်း ဖောက်လုပ်ထားခဲ့ပါတယ်။ အရင့်အရင် ရထား လမ်းကြောင်းသည် သံလမ်းမိုင် ၃.၀၇ မိုင်ရှည်လျားပြီးတော့ ကွေ့ဒီဂရီ ၁၇ ဒီဂရီ၊ ဆင်ခြေလျော ၄ ဒီဂရီတို့ဖြင့် ဖောက်လုပ်ထားခြင်းဖြစ်ပြီး ၁၉၇၉ ခုနှစ်ကတည်းက ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

သို့ဖြစ်၍ လက်ရှိအနေအထားအရ ဂုတ်ထိပ်တံတားကြီးမှာ သက်တမ်းကြာမြင့်ပြီဖြစ်သော် လည်း ကောင်းမွန်ခိုင်ခန့်ပြီး အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ဆဲဖြစ်သဖြင့် မြန်မာ့မီးရထားအနေဖြင့် အသစ်ပြန်လည်တည်ဆောက်ရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် တံတားကြီးအန္တရာယ် ကင်းရှင်းပြီး သက်တမ်းကြာမြင့်စွာ အသုံးပြုနိုင်ရေးအတွက် နှစ်စဉ်ရန်ပုံငွေများ ခွဲဝေသတ်မှတ်လျက် ပုံမှန်စစ်ဆေး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။

ဦးမြင့်သူ၏ မေးမြန်းချက်များကိုလည်း ကျွန်တော်ကပဲ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ လူစီးရထားတွဲများနှင့် နိုင်ငံတကာအဆင့်မီရေးကိစ္စကို ဖြေကြားသွားမှာဖြစ်ပါ တယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဟာ နေ့စဉ်ရထားခရီးစဉ် ၄၃၀ ခန့်ပြေးဆွဲ လျက်ရှိပြီး ခရီးသည်ဦးရေနှစ်သိန်းခန့်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိပါတယ်။ ၁၉၈၈ ခုနှစ်မတိုင်မီ က ခရီးသည်ဦးရေ ၆၀.၈၅၉ သန်းသယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ခရီးသည် ပို့ဆောင်ရေး တိုးတက်လာခဲ့ရာ ၂၀၁၀ -၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်းမှာ ခရီးသည်ဦးရေ ၆၇.၆၅၀ သန်း သယ်ပို့ပေးနိုင်ခဲ့ပါတယ်။

လူစီးတွဲများ နိုင်ငံတကာအဆင့်မီရေးနှင့်ပတ်သက်ပြီးတော့ ယခုအသုံးပြုနေသော လူစီးတွဲ ၁၂၅၂ တွဲအနက်အများစုဟာ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယနိုင်ငံများမှ ဝယ်ယူထားသော လူစီးတွဲ

များဖြစ်ပါတယ်။ လူစီးတွဲအများစုမှာ သက်တမ်း ၂၀ ခန့် ရှိလာပြီဖြစ်ပါတယ်။ နှစ်နှစ်တစ်ကြိမ် မြစ်ငယ် စက်ရုံ၌ အကြီးတန်းပြင်ဆင်ခြင်းမှအပ ကျန်အချိန်များ၌ ဆက်လက်အနားမရဘဲ ပြေးဆွဲနေရခြင်း၊ ပြင်ဆင်စရိတ်များကြီးမြင့်လာသဖြင့်၊ အဆင့်မြင့်အဆင့်တန်ဆာများ မတပ်ဆင်နိုင်ခြင်းတို့ရှိခဲ့ပါတယ်။ အိမ်နီးချင်းနိုင်ငံအချို့ရှိ ရထားခမြင့်မားပြီး ဝန်ဆောင်မှုလည်းမြင့်မားသည့် ရထားများမှအပ ကျန်ခရီး သည်တင်ရထားများနှင့်နှိုင်းစာလျှင် ရထားအဆင့်အတန်းချင်း မကွာခြားသည်ကိုတွေ့ရှိရပါတယ်။

ယခုအခါ လူစီးတွဲအသစ်များများစားစားကို ဝယ်ယူနိုင်ရန်စီစဉ်လျက်ရှိပြီး မှာကြားသည့် ကာလမှ နှစ်နှစ်အတွင်းရောက်ရှိကြမည်ဖြစ်ရာ ထိုအချိန်တွင် လက်ရှိအဆင့်အတန်းထက် ပိုမိုမြင့်မား လာမည်ဖြစ်ပါတယ်။ လက်ရှိအနေအထားတွင်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်စေရန် အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ရထားလမ်းများကြံ့ခိုင်ရေးကိစ္စကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ရထားလမ်းများကြံ့ခိုင်ရေးတွင် အဓိကမှာဇလီဖားပဲဖြစ်ပါတယ်။ ရှေးယခင်က ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ရာ၊ ပိတောက်ကဲ့သို့သော သစ်မာများကို ဇလီဖားအဖြစ်အသုံးပြုခဲ့ရာမှ နောက်ပိုင်းတွင်ရရာ သစ်များကိုသာအသုံးပြုရသဖြစ် ရာသီဥတုဒဏ်၊ ခြဒဏ်၊ မှိုဒဏ်များကိုမခံနိုင်ဘဲ ရထားလမ်းများ အားနည်းခဲ့ရပါတယ်။

ရထားလမ်းပိုင်းအားလုံးတွင် ဇလီဖား စုစုပေါင်း ၁၀၅ သိန်း သုံးစွဲထားခဲ့ရာ ယခုအခါ ကွန်ကရစ်ဇလီဖားတုံးစက်ရုံ ခြောက် ရုံမှ တစ်နှစ်လျှင်ကွန်ကရစ်ဇလီဖား ၁၂ သိန်းခန့်ထုတ်လုပ်၍ လမ်းပိုင်း အသီးသီးတွင်ထည့်သွင်းနေရာ ရန်ကုန်-မန္တလေးလမ်းတလျှောက်၊ မန္တလေး-မြစ်ကြီးနားလမ်းတလျှောက် ကွန်ကရစ်ဇလီဖားများ ထည့်သွင်းထားပြီးဖြစ်ပါတယ်။ ရထားလမ်းကောင်းမွန်ရေးအတွက် သံလမ်း တစ်ဖက်နှင့်တစ်ဖက် ရေချိန်ညီခြင်း၊ ကွေ့များတွင်အပြင်သံလမ်းကို သတ်မှတ်ချက်နှင့်အညီမြှင့်ပေး ခြင်း၊ ရထားလမ်းများ ဖြောင့်စင်းခြင်းစသည်တို့အတွက် လမ်းခင်းကျောက်သည်လည်း အရေးကြီးပါ တယ်။ ထို့ကြောင့်လမ်းခင်းကျောက်ဖြည့်တင်းခြင်း၊ သံလမ်းပြုပြင်ခြင်းတို့ကို အလေးထားဆောင်ရွက် လျက်ရှိကြောင်း ပြန်ကြားအပ်ပါတယ်။

အဓိကမှာ လက်မှတ်ခနှုန်းထားနည်းပါးခြင်း၊ ရထားဝင်ငွေနည်းပါးခြင်း၊ ရထားဝင်ငွေနည်းပါး ပြီးအရှုံးပေါ်သဖြင့် ရင်းနှီးမြှုပ်နှံရမည့် ရထားလုပ်ငန်းများတွင် ပြည့်ပြည့်ဝဝရင်းနှီးမြှုပ်နှံမှုမပြုနိုင် ခြင်းတို့ဖြစ်ပါသည်။ ခရီးသည်လက်မှတ်ခ ကုန်တန်ဆာခများဖြစ်သင့်သည့် အတိုင်းအတာထိတိုးမြှင့် နိုင်ပါက ရထားဝင်ငွေတိုးတက်လာသည်နှင့်အမျှ ရထားအဆင့်အတန်းတိုးတက်ရေးကိုလည်း ပိုမိုလုပ်

ဆောင်နိုင်မည့်အခြေအနေရှိပါတယ်။ မြန်မာ့မီးရထားအနေဖြင့် အစဉ်တိုးတက်နေစေရန်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

တတိယအချက်အနေနဲ့ ဘူတာရုံများသန့်ရှင်းရေး၊ သာယာစည်ကားရေးတို့ကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ဘူတာများသန့်ရှင်းရေး၊ သန့်ရှင်းသာယာစည်ကားရေးလုပ်ငန်းများအတွက် မြန်မာ့မီးရထားလမ်းပိုင်းအသီးသီးမှာ ၁၉၈၈ ခုနှစ်မတိုင်မီက ဘူတာပေါင်း ၄၈၇ ဘူတာရှိပြီး ၂၀၁၀-၂၀၁၁ တွင် ဘူတာပေါင်း ၉၂၆ ဘူတာအထိ တိုးတက်လာခဲ့ပါတယ်။ ဘူတာများသန့်ရှင်းရေးအတွက် ဘူတာကြီးများ၏သန့်ရှင်းရေးအား ပြင်ပလုပ်ငန်းများသို့တင်ဒါခေါ်ယူပြီး သန့်ရှင်းရေးလုပ်ငန်းများကန်ထရိုက်ပေးခြင်းနှင့် ဘူတာငယ်များတွင် သင့်တော်သည့်ရန်ပုံငွေကို သက်ဆိုင်ရာဘူတာရုံပိုင်နှင့် တိုင်းအရာရှိများထံအပ်နှံပြီး ဆောင်ရွက်သည့်စနစ်ကို ကျင့်သုံးလျက်ရှိပါတယ်။

မြန်မာ့မီးရထားဘူတာရုံ စုစုပေါင်း ၅၀ ရာခိုင်နှုန်းကျော်မှာ လွတ်လပ်ရေးမတိုင်မီဆောက်လုပ်ခဲ့သောဘူတာများဖြစ်ပြီး အဆိုပါဘူတာရုံ ၄၆၄ ရုံအားဦးစားပေးအလိုက် ပြုပြင်သွားရန် အစီအမံများဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့မီးရထားအနေဖြင့် တွဲ၊ လမ်း၊ ဘူတာသာမက အခြားရထားဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်ရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်ဆိပ်ကမ်းတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာနေလင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က မေးခွန်းနှစ်ခု တစ်ဆက်တည်းမေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းများကတော့ ၂၀၁၁ ခုနှစ်၊ ဇွန်လအတွင်းမှာ နိုင်ငံတော်ဒုသမ္မတရဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်ခရီးစဉ်မှာ ဗိုလ်တထောင်ဘုရားအနောက်ဘက်နဲ့ဗိုလ်အောင်ကျော် ဆိပ်ကမ်းအတွင်းမှာ သင့်လျော်တဲ့နေရာမှာ တံတားအသစ်တစ်စင်းထပ်မံတည်ဆောက်ရန်နှင့် ကွန်တိန်နာစုရပ်ထားရှိရန် လမ်းညွှန်မှာကြားခဲ့ကြောင်းသိရှိရပါတယ်။ အဆိုပါ နေရာအတွင်းမှာ ဝန်ထမ်းမိသားစုများရဲ့ နေအိမ်၊ အဆောက်အအုံများရှိရာ လွတ်ကင်းမှုမရှိပါ

ကဖယ်ရှားပေးရမည်ဖြစ်ပါတယ်။ အလားတူ ဆိပ်ကမ်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများပါ နိုင်ငံတော် စီမံကိန်းအရ ဖယ်ရှားပေးရမည်ဖြစ်ပါတယ်။ ရန်ကုန်ဆိပ်ကမ်းဟာ နိုင်ငံရဲ့အရေးကြီးအားထားရာ နေရာဖြစ်ပြီးတော့ နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုပေးမယ့် ခေတ်မီဆိပ်ကမ်းတစ်ခုဖြစ်ရန် လိုအပ်တဲ့ အတွက်ကြောင့် အဆိုပါလိုအပ်ချက်ကို နိုင်ငံတော်မှကြိုးပမ်းဆောင်ရွက်နေမှုကို မျက်ဝါးထင်ထင်တွေ့ မြင်ရတာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် ဆိပ်ကမ်းတံတားများ၊ ရုံးဌာနများအစရှိတဲ့ နေရာဌာန အသီးသီးမှာ တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းများ၊ အခြေခံကုန်တင်ကုန်ချဝန်ထမ်း များနှင့် ၎င်းတို့ကို မှီခိုနေကြရတဲ့ မိသားစုအများစုဟာ ကျွန်တော့်ရဲ့မဲဆန္ဒရှင် အခြေခံလူတန်းစားများဖြစ်ပါတယ်။ ဆိပ်ကမ်းမြို့နယ်ဟာ အခြားမြို့နယ်များကဲ့သို့ လူဦးရေသောင်းဂဏန်း၊ သိန်းဂဏန်းမရှိပါဘူး။ Population Density နည်းတဲ့မြို့နယ်တစ်ခုလည်းဖြစ်ပါတယ်။ အိမ်ထောင်စု ၄၅၇ စုနှင့် မိသားစု ဦးရေ ၁၈၃၃ ဦးပဲရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ မဲဆန္ဒရှင်အခြေခံလူတန်းစားများလွယ်လင့် တကူစရိတ်စကသက်သာစွာဖြင့် လုပ်ငန်းခွင်သို့လျင်မြန်စွာသွားလာနိုင်ရေး၊ သက်သာချောင်ချိစွာ နေထိုင်နိုင်ရေး၊ ကျောင်းနေကလေးများပညာသင်ကြားမှု လွယ်ကူစေရေးအပြင် ကျွန်တော့်ရဲ့ မဲဆန္ဒနယ်အတွင်း မဲပေးမည့်လူဦးရေလျော့နည်းကျဆင်းမှုမရှိစေရေး၊ မဲဆန္ဒရှင်များကိုအကာအကွယ် ပေးရေးတို့အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဝန်ထမ်းနှင့်မိသားစုအိမ်ရာများကို ဆိပ်ကမ်းမြို့နယ်အတွင်း သင့်လျော်သည့်နေရာတွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိပါက မည်သည့်နေရာ၊ မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါသဖြင့် ပြန်လည် ဖြေကြားပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

## ရန်ကုန်မြစ်ဆိပ်ကမ်းသာယာလှပရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။တစ်ဆက်တည်း ကျွန်တော်ရဲ့ဒုတိယကြယ်ပွင့်ပြ မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်မှာရှိတဲ့ ရန်ကုန်ဆိပ်ကမ်းဟာ ပြည်တွင်းပြည်ပသင်္ဘောကြီးများဆိုက်ကပ်ရာ နိုင်ငံတကာဆိပ်ကမ်းတစ်ခုဖြစ်ပါတယ်။ ယခင်က ရန်ကုန်မြစ်အတွင်းမှာစည်းကမ်းမဲ့စွန့်ပစ်တဲ့ အမှိုက်များ၊ ဗေဒါများ မြစ်အတွင်းဆိပ်ကမ်းနှင့်ဆိပ်ခံ သင်္ဘောတံတားများမှာတွေ့ရှိရတဲ့အတွက်ကြောင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနဲ့ အပတ်စဉ် စနေနေ့တိုင်း ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ဆိပ်ကမ်းသာယာလှပမှုသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုပါ ထိန်းသိမ်းစောင့်ရှောက်မှုပြုနိုင်ခဲ့ပါ တယ်။ ယခုအခါမှာ စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များ ဆိပ်ခံတံတားများနဲ့ ရန်ကုန်မြစ်အတွင်းမှာတွေ့ရှိ

နေပြီးတော့ မည်သည့်အဖွဲ့အစည်းကမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စီမံဆောင်ရွက်ပေးနိုင်မှု မရှိကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာသင်္ဘောဆိပ်ကမ်းမျက်နှာစာ မလှမပဖြစ်နေတဲ့အတွက်ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက် ရေးဆောင်ရွက်ရန်အထူး လိုအပ်နေပါတယ်။ ဒါ့အတွက်ကြောင့် ဆိပ်ကမ်းသာယာလှပရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြန်လည်ဖြေကြားပေးပါရန် တင်ပြအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဉာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာ ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ရန်ကုန်တိုင်း ဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းရဲ့မေးခွန်းနှစ်ခုကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဆုံးမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုရင်ရန်ကုန် ဆိပ်ကမ်းဟာ မြန်မာတစ်နိုင်ငံလုံးပို့ကုန်၊ သွင်းကုန်ပမာဏရဲ့ ၈၅ ရာခိုင်နှုန်းကိုကိုင်တွယ်ဆောင်ရွက် ပေးတဲ့ဆိပ်ကမ်းဖြစ်ပါတယ်။ ရန်ကုန်ဖက်ကမ်းမှာ ဆိပ်ခံတံတား နှစ်ခု၊ သင်္ဘော ၁၇ စီး ဆိုက်ကပ်နိုင် ပြီးသီလဝါဖက်ကမ်းမှာ ဆိပ်ခံတံတားနှစ်ခု၊ သင်္ဘောခြောက်စီး တစ်ပြိုင်နက်ဆိုက်ကပ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ရန်ကုန်ဆိပ်ကမ်းမှာ နိုင်ငံခြားသင်္ဘောကြီး ၂၃ စီး တစ်ပြိုင်နက် ဆိုက်ကပ်နိုင်တဲ့ အခြေအနေရှိပါတယ်။ စုစုပေါင်းဆိပ်ခံတံတား ရှစ်ခုအနက် ရန်ကုန်ဖက်ကမ်းမှာရှိတဲ့ နန်းသီတာနဲ့ ဆူးလေဆိပ်ခံတံတားနှစ်ခုဟာ နိုင်ငံတော်ပိုင်ဖြစ်ပြီး ကျန်ဆိပ်ခံတံတားခြောက်ခုကတော့ ပုဂ္ဂလိကပိုင် ဆိပ်ခံတံတားဖြစ်ပါတယ်။ နန်းသီတာနဲ့ဆူးလေဆိပ်ခံတံတားနှစ်ခုမှာ သင်္ဘောရှစ်စင်း တစ်ပြိုင်နက်ထဲ ဆိုက်ရောက်နိုင်ပြီးတော့ ၎င်းဆိပ်ခံနှစ်ခုကနေပြီးတော့ နိုင်ငံတော်အတွက် နှစ်စဉ်နိုင်ငံခြားငွေ သန်း ၃၀ ကျော်ရှာဖွေပေးတဲ့ ဆိပ်ကမ်းဖြစ်ပါတယ်။ ရန်ကုန်ဆိပ်ကမ်းတစ်ခုလုံးအနေနဲ့ နှစ်စဉ်ကုန်တန်ချိန် ၁၆ သန်းနဲ့ ကွန်တင်နာလုံးရေသုံးသိန်းကျော် ကိုင်တွယ်လျက်ရှိပါတယ်။ အဆိုပါဆိပ်ခံတံတား ရှစ်ခုမှာ နေ့စဉ်အလုပ်လုပ်ကိုင်လျက်ရှိတဲ့ ဝန်ထမ်းဦးရေစုစုပေါင်း ၆၈၈၈ ဦး ဖြစ်ပါတယ်။ ၎င်းဝန်ထမ်းများ အနက် ၃၅၆၂ ဦးမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်ပြီး ကျန်ဝန်ထမ်း ၃၃၂၂ ဦးကတော့ ပုဂ္ဂလိကဝန်ထမ်းများ

ဖြစ်ပါတယ်။ နိုင်ငံပိုင်ဆိပ်ကမ်းနှစ်ခုမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အရာထမ်း ၂၁၄ ဦးနဲ့ အမှုထမ်း ၃၃၄၈ ဦး စုစုပေါင်း ၃၅၆၂ ဦးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှာ ဝန်ထမ်းအိမ်ရာ စုစုပေါင်း ၅၀၂ ခန်းဆောက်လုပ်ပြီး ပံ့ပိုးထားပါတယ်။ ကျန်ဝန်ထမ်းများကိုတော့ ရန်ကုန်မြို့ထဲမှာ မိမိအစီအစဉ် ဖြင့်နေထိုင်လျက်ရှိပြီး ဌာနမှဝန်ထမ်းကြိုပို့ယာဉ် ၃၁ စီးဖြင့် ရုံးသွား၊ ရုံးတက်အဆင်ပြေအောင် ကျွန်တော်တို့ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ နိုင်ငံတော်မှရန်ပုံငွေတောင်းခံရရှိပါက ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ မြေကွက်လပ်များရှာဖွေပြီးတော့ အိမ်ရာများတိုးချဲ့ဆောင်ရွက်သွားမယ့် အစီအစဉ်ရှိပါကြောင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေးနဲ့ပတ်သက်ပြီး ယခင် အစိုးရလက်ထက်မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ဦးဆောင်မှုနဲ့ ဆိပ်ကမ်း နယ်မြေအတွင်း သန့်ရှင်းသာယာလှပရေးနဲ့ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါကော်မတီဟာ ရန်ကုန်မြို့တွင်းစည်းကမ်းမဲ့စွန့်ပစ်ထားတဲ့ အမှိုက်များ၊ ဗေဒါပင်များ၊ ရေစုန်၊ ရေဆန်မျှောပါနေမှုများကို ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနဲ့ အပတ်စဉ်စနေနေ့တိုင်း ပူးပေါင်းဆောင်ရွက်ပြီးတော့ သန့်ရှင်း ရေးလုပ်ခဲ့တဲ့အခါမှာ ဆိပ်ကမ်းသာယာလှပရေးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ပါတယ်။ ၎င်း ကော်မတီဟာ ဒေသဆိုင်ရာအဖွဲ့အစည်းများနဲ့ညှိနှိုင်းပြီး ပုဇွန်တောင်ချောင်း၊ ရန်ကုန်မြစ်၊ လှိုင်မြစ်၊ တွံတေးတူးမြောင်းတို့တည်ရှိရာ ရန်ကုန်တိုင်းမြို့နယ်များမှာ မြို့နယ်အလိုက်ဆောင်ရွက်လျက်ရှိပြီး တော့ ဒိုက်၊ ဗေဒါနဲ့ အမှိုက်များ ရန်ကုန်ထိမျှောပါခြင်းမရှိအောင် ရန်ကုန်တိုင်းအာဏာပိုင် အဖွဲ့အစည်းတို့ရဲ့ အကူအညီများရယူပြီး ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါတယ်။ ရန်ကုန်မြစ် တစ်လျှောက်မှာ ရှိတဲ့သမ္ဗာန်ဆိပ် ၁၃ ဆိပ်ကိုလည်း နေ့စဉ်သမ္ဗာန်နှစ်စီးစီဖြင့် မြစ်တွင်းအမှိုက်များကို ဆယ်ယူစေခဲ့ ပါတယ်။ ရန်ကုန်ဆိပ်ကမ်းကို ဝင်ထွက်သွားလာလျက်ရှိတဲ့ ရေယာဉ်များပေါ်မှာလည်း အမှိုက်ပုံးများ ထားရှိပြီး စနစ်တကျစွန့်ပစ်စေခဲ့ပါတယ်။ ရေယာဉ်ငယ်လျှင် အမှိုက်ပုံးတစ်ပုံး၊ ရေယာဉ်ကြီးလျှင် အမှိုက်ပုံးနှစ်ပုံးထားရှိပြီးဆောင်ရွက်ခဲ့ပါတယ်။ ယခုအစိုးရသစ်လက်ထက်မှာတော့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးများ ဦးဆောင်တဲ့ဗဟိုပြည်တွင်း ကုန်တင်ကုန်ချလုပ်သားများက မြစ်အတွင်းမျှောပါ နေတဲ့အမှိုက်များ၊ မြစ်ကမ်းတင်အမှိုက်များကိုဆယ်ယူပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နဲ့ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီတို့က နိုင်နင်းစွာသယ်ယူစွန့်ပစ်လျက်ရှိပါတယ်။ စနေနေ့ ရုံးပိတ်ရက်များမှာလည်း ယခင်ကကဲ့သို့ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ

ပူးပေါင်းပြီး ရန်ကုန်မြစ်အတွင်း ရေစုန်ရေဆန်မျောပါနေတဲ့ စွန့်ပစ်အမှိုက်များ၊ ဗေဒါပင်များကို စုပေါင်းဆယ်ယူပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ရေယာဉ်များပေါ်မှာ ထားရှိတဲ့ အမှိုက်ပုံးများကိုလည်း ယခင်ကတိုင်း ဆက်လက်ကျင့်သုံးခဲ့ပါတယ်။ နောက်ဆုံးအခြေအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် မြို့တော်စည်ပင်သာယာရေးကော်မတီကို ရန်ကုန်မြစ်အတွင်းသန့်ရှင်းသာယာလှပရေးအတွက် တာဝန်ယူဆောင်ရွက်ရန် တာဝန်ပေးအပ်ထားပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့လည်း လိုအပ်တဲ့အဖွဲ့အစည်းများ ထပ်မံတိုးချဲ့ဖွဲ့စည်းပြီး ဆိပ်ကမ်းသာယာလှပရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ယခင်ကထက်ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် ပန်းတော-ကမာကလုတ်-မင်းဝန်း-ခနောင်-တံတားမြို့အနက် ကျန်ရှိသောလမ်းပိုင်း ၁၅ မိုင် ၆ ဖာလုံအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ် လမ်းအဖြစ်တိုးမြှင့်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကျော်ခင်၊ ကျောက်တန်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်၊

**ဦးအောင်ကျော်ခင်(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်ခင်ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် မှော်ဝန်းချောင်းတစ်ဖက်ကမ်းမှာရှိတဲ့ ပန်းတော-ကမာကလုတ်-မင်းဝန်း-ခနောင်ကျေးရွာများနဲ့ တံတားမြို့သို့ဆက်သွယ်ထားတဲ့ ၂၂ မိုင် တစ်ဖာလုံရှိတဲ့ ကျောက်ခင်းလမ်းမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကတ္တရာလမ်း ၆.၅ မိုင် ခင်းကျင်းထားပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့လမ်းပိုင်း ၁၅ မိုင် ခြောက် ဖာလုံအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ အစီအစဉ်ရှိပါက မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို ပြန်လည်ဖြေကြားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် ပန်းတော-ဘောဂလွတ်-ချောင်းဝ-မီးပြ-ဖွဲ့ဘာကုန်းတန်း-သံတဲလမ်းပိုင်း ၈ မိုင် ၇ ဖာလုံအား ကျောက်ချောလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဦးအောင်ကျော်ခင်(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ဒုတိယမေးခွန်းအနေနဲ့ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မှော်ဝန်းချောင်းတစ်ဖက်ကမ်းမှာရှိတဲ့ ပန်းတော-ဘောဂလွတ်-ချောင်းဝ-မီးပြ-ဖွဲ့ဘာကုန်းလမ်း သံတဲကျေးရွာများသို့ ဆက်သွယ်ဖောက်လုပ်ထားတဲ့ ၁၄.၅ မိုင်ရှိတဲ့ မြေသားလမ်းအား ကျောက်ဂဝံ လေးမိုင် တစ်ဖာလုံ၊ ကျောက်ကြမ်းခင်းပြီး တစ်မိုင် ငါးဖာလုံ၊ စုစုပေါင်း ငါးမိုင် ခြောက်ဖာလုံအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်ထားပြီး ကျန်လမ်းပိုင်း ရှစ်မိုင် ခုနှစ်ဖာလုံအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ အစီအစဉ်ရှိပါက မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြန်လည်ဖြေကြားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင်၏ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းထားမှုအပေါ်မှာ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မှော်ဝန်းချောင်းတစ်ဖက်ကမ်းရှိ ပန်းတော-ကမာကလုတ်-မက်လွန်း-ခနောင် တံတားမြို့သို့ဆက်သွယ်ထားတဲ့ မိုင်အရှည်ဟာ ၂၂ မိုင်နဲ့ တစ်ဖာလုံ ရှိပါတယ်။ ဒီလမ်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ဖြစ်ပြီးတော့ လမ်းစာရင်းများအရ ကဒ္ဒပနတံတား၊ ကမာကလုတ်-ပန်းတောလမ်းဖြစ်ပြီး ၂၂ မိုင် နဲ့ တစ်ဖာလုံအရှည်ရှိတာဖြစ်ပါတယ်။ ကျောက်တန်းမြို့နယ်နဲ့သုံးခွမြို့နယ် ဆက်သွယ်ထားပြီးတော့ မှော်ဝန်းချောင်း တစ်ဖက်ကမ်းမှသုံးခွမြို့ထိ ကားလမ်းနဲ့ချိတ်ဆက်ထားတဲ့ လမ်းလည်းဖြစ်ပါတယ်။ ပင်လယ်ကမ်းခြေနဲ့ နီးကပ်စွာတည်ရှိပြီး ရေမြုပ်ဒေသများကို ဖြတ်သန်းဖောက်လုပ်ထားတဲ့အတွက်

ဒေသခံအတွက်လည်း အဘက်ဘက်ကနေပြီးတော့ မှီခိုအားထားတဲ့လမ်းလည်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ မေလမှာရှိနေတဲ့လမ်းအခြေအနေကို တင်ပြရရင် ကတ္တရာလမ်းက ခြောက်မိုင်နဲ့ လေး ဖာလုံ၊ ကျောက်လမ်းကတော့ ၁၅ မိုင် ငါး ဖာလုံ၊ စုစုပေါင်း ၂၂ မိုင် တစ်ဖာလုံဖြစ်ပါတယ်။ ပန်းတောရွာအတွင်း တစ်မိုင်နဲ့ ကဒ္ဒပနမှ တံတားမြို့အထိ ငါးမိုင် လေးဖာလုံတို့ကို ၁၂ပေ အကျယ် ကတ္တရာလမ်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ကျန်လမ်းပိုင်းများအနေနဲ့ ကျောက်လမ်းသာဖြစ်ပါ တယ်။ ရာသီမရွေးသွားလာနိုင်တဲ့လမ်းဖြစ်ပြီး မိုးရာသီကာလများဟာ မိုးရွာသွန်းရက်များပြားပြီး အောက်ခံမြေသားများရေစိမ့်ဝင်ပြီးခံနိုင်ဝန်များ အားနည်းတဲ့အတွက် အချို့သောကျောက်လမ်းပိုင်းဟာ ပျက်စီးမှုရှိတဲ့လမ်းဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် သာမန်ပြင်ဆင်သုံးစွဲခြင်း ခွဲဝေရရှိတဲ့ရန်ပုံငွေအရအောက်ပါလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကတ္တရာလမ်းနဲ့ ကျောက်လမ်းသာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ၂၂ မိုင် တစ်ဖာလုံ၊ ပျက်စီးနေသော ကတ္တရာလမ်းပျက်များ ကျောက်ဖြည့်ခြင်း၊ အနိမ့်အမြင့်ညှိခြင်း၊ ရေပိတ်လွှာလောင်းခြင်းဟာ လေးမိုင် သုံးဖာလုံ၊ ပျက်စီးနေသော ကျောက်လမ်းပျက်များကို နှစ်လက်မ လေးလက်မ ကျောက်ဖြည့်ပြီးတော့ အပွန်းခံလွှာတင်ခြင်းလေးမိုင်၊ သစ်သားတံတား အဟောင်းအရှည်ဖြစ်တဲ့ ၁၀ ပေ၊ ၁၅ ပေ၊ ၂၀ ပေ တံတားများ ရဲ့ ယက်မ၊ ကြမ်းခင်းများ၊ ဘီးလမ်းများ၊ လက်ရမ်းများလဲခြင်းကတော့ ခြောက်စင်း၊ သစ်သားတံတား အရှည်ဖြစ်တဲ့ ကဒ္ဒပနတံတား ၁၈၀ ပေ၊ ခနောင်တံတား ၂၂၀ ပေ ဒီတံတားကြီးများရဲ့ ယက်မရယ်၊ ကြမ်းခင်းရယ်ဘီးလမ်းများကိုလဲခြင်းလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် သစ်သားတံတားအရှည်ပေ ၂၀ ပေရှိတဲ့တံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်း တစ်စင်း ဒီနှစ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကဒ္ဒပန-ခနောင်-ကမာကလုတ်-ပန်းတောလမ်းဟာ ရေငန်တား တာပတ်၊ တာပေါင်ကို ဒေသတွင်းဆက်သွယ်ရေးလမ်းအဖြစ် ဖောက်လုပ်အသုံးပြုထားခြင်းသာဖြစ်ပါတယ်။ ပင်လယ်နှင့်နီးခြင်း၊ မိုးရွာသွန်းမှုများပြားခြင်း၊ ရေဝပ်ရေနေများ၊ တာပတ်လမ်းအဖြစ်ဖောက်လုပ်ထားသော တာလမ်းဖြစ်တဲ့အတွက် ရေစိမ့်ဝင်မှုများ များပြားပြီးလမ်းသားခံနိုင်မှုဟာအားနည်းပါတယ်။ ကတ္တရာလမ်းအဆင့်မြှင့်ဆောင်ရွက်ပါကလည်း အချိန်တိုအတွင်းမှာပျက်စီးသွားနိုင်ပါတယ်၊ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ရန်လည်း ရန်ပုံငွေလိုအပ်ချက် များပြားတဲ့အတွက်ဆောင်ရွက်နိုင်တဲ့အစီအစဉ် လောလောဆယ်မရှိသေးပါ။ ရာသီမရွေးလမ်းပန်းဆက်သွယ်ရေးချောမွေ့သွားလာနိုင်ရေးအတွက်လည်း အဓိကထားပြီးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် စံပြရွာကြီးများအတွင်းရှိ ကျောက်ချောလမ်းများကို ကတ္တရာလမ်းအပိုင်းလိုက်ခင်းခြင်းနှင့် သစ်သား

တံတားများကို သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းနှင့်သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့ တွင် တင်ပြတောင်းခံသွားမှာဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအခြေနေပေါ်မူတည်ပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပါတယ်ခင်ဗျား။

ဆက်လက်ပြီး ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒုတိယမေးခွန်း ကလည်း ကျောက်တန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင်ကနေပြီးတော့ ပြည်သူ့လွှတ်တော်အစည်းဝေးကို မေးမြန်းထားသော မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ ပန်းတော-မီးပြ-ဇွဲဘာကုန်း-ကွနှီး-ကမာကလုတ် လမ်းဟာ အရှည်ပေ ၁၄ မိုင် ငါးဖာလုံရှိပြီး ကျောက်တန်းမြို့ရဲ့တစ်ဖက်ကမ်း ပန်းတောမှနေပြီးတော့ ရန်ကုန်မြစ်ဝကမ်းနားအထိ မီးပြကိုဖြတ်ပြီးတော့ ကဒ္ဒပန-ခနောင်-ကမာကလုတ်-ပန်းတောလမ်းနှင့် ကမာကလုတ်နဲ့ တွေ့ဆုံသောလမ်းပဲဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ မေလ လမ်းအခြေအနေကိုတင်ပြရရင် ကျောက်လမ်းက လေးမိုင်နဲ့ တစ်ဖာလုံ၊ အမာခံလမ်းက တစ်မိုင်နဲ့ ငါးဖာလုံ၊ မြေသားလမ်းက ရှစ်မိုင် နဲ့ ခုနှစ်ဖာလုံ စုစုပေါင်း ၁၄ မိုင်နဲ့ ငါးဖာလုံဖြစ်ပါတယ်၊ အမာခံလမ်းနဲ့ မြေသားလမ်းဖြစ်တဲ့အတွက် မိုးရာသီမှာသွားလာမှုခက်ခဲသော်လည်း ပွင့်လင်းရာသီတွင် အဆင်ပြေစွာအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးထားတဲ့လမ်းဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ သာမန်ပြင်ဆင်ထိန်းသိမ်း ခြင်းရရှိတဲ့ရန်ပုံငွေအရ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

လမ်းတံတား သာမန်ပြင်ဆင်ထိန်းသိမ်းရေး ၁၄ မိုင် နဲ့ ငါးဖာလုံ၊ ဂဝံလမ်းအား ကျောက်ဖြည့် ခင်းပြီး ဂဝံအပွန်းခံလွှာခင်းပြုပြင်ခြင်းက လေးဖာလုံ၊ အရှည်ပေ ၁၂၆ ပေရှိသော အငူတံတား၊ အရှည်ပေ ၆၀ ပေရှည်ရှိသော ဘောဂလွတ်တံတား အဲဒီတံတားများရဲ့ ယက်မ၊ ကြမ်းခင်း၊ ဘီးလမ်းများ လဲခြင်းနှစ်စင်းတို့ဖြစ်ပါတယ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပန်းတော-မီးပြ-ကမာကလုတ် လမ်းသည်ရေငန်တား တာပတ်၊ တာပေါင်လမ်းဖြစ်ပြီး ဒေသဆက်သွယ်ရေးလမ်းသာဖြစ်ပါတယ်။ ဆက်သွယ်သွားလာမှုမပြတ်တောက်စေရေးနှင့် ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် အဓိထားပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်နိုင်ရန်လည်းရန်ပုံငွေလိုအပ်ချက် များပြားတဲ့အတွက် လောလောဆယ်ဆောင်ရွက်နိုင်တဲ့ အစီအစဉ်မရှိသေးပါ။ မြေသားလမ်းမှ အမာခံ လမ်းအဆင့်၊ အမာခံလမ်းမှ ကျောက်ချောလမ်းအဆင့် အဆင့်ဆင့်မြှင့်တင်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်တဲ့အပြင် သစ်သားတံတားမှသည် သံကူကွန်ကရစ်တံတားအဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရန်

အတွက်၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့တွင် တင်ပြတောင်းခံသွားမှာဖြစ်ပြီး ရန်ပုံငွေရရှိမှုအခြေအနေပေါ်မူတည်ပြီးလုပ်ငန်းများဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အသေးစားငွေစုငွေချေးလုပ်ငန်းဥပဒေရေးဆွဲပြဋ္ဌာန်းပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကြည်မြင့်၊ မှော်ဘီမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်မြင့်(မှော်ဘီမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မှော်ဘီမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆင်းရဲနွမ်းပါးမှုလျော့ချရေးများ ထိရောက်မှုရှိရေးအတွက်လိုအပ်တဲ့ ဥပဒေပြဋ္ဌာန်းဖို့မေးခွန်းများတင်ပြခဲ့ပြီးဖြစ်သော်လည်း ၂၃-၈-၂၀၁၁ ရက်နေ့ ဒုတိယနေ့အစည်းအဝေးမှာဘဏ္ဍာအခွန်ဝန်ကြီးဌာနဝန်ကြီးက နိုင်ငံတော်အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ဥပဒေကို ပြည်သူ့လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ၎င်းအပြင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း သုံးသပ်တင်ပြခဲ့ပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေဖြင့် အဆိုပါမေးခွန်းအား မေးမြန်းရန်မလိုအပ်တော့ဟုယူဆပါ၍ ပြန်လည်ရုပ်သိမ်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဉာဏ်ဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သရင်း ကာယစိတ္တနှစ်ဖြာသုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲသည် ၆-၁၂-၂၀၀၈ ရက်နေ့တွင် ရေနွေးအိုးတည်ရာမှ အပူလွန်ကဲပြီးမီးလောင်ခဲ့သဖြင့် ဘဏ်အဆောက်အဦးပျက်စီးဆုံးရှုံးခဲ့ရာ ယနေ့အထိ ပြန်လည်ဆောက်လုပ်ဖွင့်လှစ်နိုင်ခြင်းမရှိသောကြောင့် မြို့နယ်အတွင်းရှိစီးပွားရေးလုပ်ငန်းရှင်များ၊ ငွေစုဆောင်းလိုသူများ၊ ငွေလွှဲပြောင်းသူများအနေဖြင့် ငွေထုတ်ငွေသွင်းကိစ္စရပ်များပြုလုပ်ရာတွင် ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်ဘဏ်ခွဲ၌ ဆောင်ရွက်နေကြရသောကြောင့် အချိန်ကုန်လူပန်းဖြစ်နေ

ကြရပါတယ်။ ယင်းအခက်အခဲများကြောင့် ဒေသခံပြည်သူများမှ လှိုင်သာယာမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲအား ပြန်လည်တည်ဆောက်ပေးရန် လိုလားတောင့်တနေကြသဖြင့် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ရှိပါက မည်သည့်ကာလတွင်ဆောင်ရွက်ပေးမည်။ မရှိပါက မည်သည့်အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါသည်ခင်ဗျား။

**နိုင်ငံ့ဝန်ထမ်းများ၏ အခြေခံလစာငွေကို တိုးမြှင့်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသာဝင်း၊ ရန်ကင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆန္ဒပြုနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ရန်ကင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်းဖြစ်ပါတယ်။ ကျွန်တော်တင်ပြမယ့်မေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ၂၀၁၁ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၂၀၁၁ နှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများရဲ့ ပင်စင်လစာငွေကို တိုးမြှင့်ခံစားခွင့်ပြုခဲ့တဲ့အတွက် တိုင်းရင်းသားပြည်သူများက ဝမ်းမြောက်ဝမ်းသာဖြစ်လျက် နိုင်ငံတော်အစိုးရအား အထူးကျေးဇူးတင်လျက်ရှိကြပါတယ်။ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနည်းတူပဲ ယနေ့နိုင်ငံတော်ရဲ့တာဝန်ကို ထမ်းဆောင်လျက်ရှိကြတဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့အခြေခံလစာငွေကို ယနေ့ ဖြစ်ပေါ်နေတဲ့အခြေခံကုန်ကျစရိတ်အားကာမိစေမယ့် သင့်တင့်လျောက်ပတ်တဲ့ပမာဏနဲ့ အောက်ခြေဝန်ထမ်းများ၏ အခြေခံလစာနှုန်းထားအားတိုးမြှင့်ပေးရန်အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တိုးမြှင့်ပေးမည်ကိုလည်းကောင်း၊ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်သေးသည်ကိုလည်းကောင်း ဖြေကြားပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ

ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ရှေးဦးစွာဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းမေးမြန်းသည့် လှိုင်သာယာမြို့နယ်မှာ မြန်မာ့စီးပွားရေးဘဏ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနဲ့ပတ်သက်၍ ပြန်လည်ဖြေကြားလိုပါတယ်။ ဦးဉာဏ်ဝင်းတင်ပြခဲ့တဲ့အတိုင်း ၂၀၀၈ ခုနှစ်မှာ လှိုင်သာယာရှိမြန်မာ့စီးပွားရေးဘဏ် ဝါယာရှော့ဖြစ်ပြီးတော့မီးလောင်ဆုံးရှုံးခဲ့ပါတယ်။ သို့အတွက်ကြောင့် ယာယီအားဖြင့် အင်းစိန်မြန်မာ့စီးပွားရေးဘဏ်မှာ ပူးတွဲလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း လှိုင်သာယာမြို့နယ်မှာ မြန်မာ့စီးပွားရေးဘဏ် ပြန်လည်တည်ဆောက်ဖို့အတွက် ကျွန်တော်တို့မှာ အစီအစဉ်ရှိပါတယ်။ ဒါကြောင့် လာမယ့်နှစ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံပြီး ရရှိမယ်ဆိုရင် ဘဏ်ခွဲကိုအသစ် ပြန်လည်ဆောက်လုပ်ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

တစ်ဆက်တည်းပဲ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်းမေးမြန်းခဲ့သော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနည်းတူ နိုင်ငံ့ဝန်ထမ်းများရဲ့ အခြေခံလစာကို ယနေ့ဖြစ်ပေါ်သည့် အခြေခံကုန်ဈေးနှုန်းအားကာမိစေရန် အောက်ခြေဝန်ထမ်းများ၏အခြေခံလစာနှုန်းများ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီးရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များကို မိန့်ကြားခဲ့တဲ့မိန့်ခွန်းမှာ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်ပင်စင်လစာများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံ၍ နိုင်ငံတော်အတွင်းလှည့်လည်သုံးစွဲသော ငွေကြေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းအခြေအနေ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု တန်ဖိုးတို့ကို ထည့်သွင်းစဉ်းစားပြီး သင့်တော်သောအချိန်ကာလတွင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၆/၂၀၁၁ ဖြင့် အငြိမ်းစားဝန်ထမ်းများ၏ပင်စင်လစာငွေကို ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ပင်စင်လစာမှစ၍ လက်ရှိတာဝန်ထမ်းဆောင်သောဝန်ထမ်းများ၏ ခံစားနေသည့်လစာနှုန်းထားများနှင့်အညီ အငြိမ်းစားဝန်ထမ်းများကို တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း လက်ရှိတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများ၏ အခြေခံလစာနှုန်းထားများကိုတိုးမြှင့်ပေးရန် နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲနေသော ငွေကြေးအခြေအနေ၊

ငွေကြေးဖောင်းပွမှုနှုန်း၊ ကုန်စျေးနှုန်းအခြေအနေ၊ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ကို ထည့်သွင်းစဉ်းစားပြီး သင့်တော်သောအချိန်ကာလတွင် ဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများတွင် လိုအပ်နေသော စာသင်ခုံ အစုံ(၈၉၀)နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးညာဏ်ဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညာဏ်ဝင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း ၁၂ ကျောင်းတွင် စာသင်ခုံများမလုံလောက်၍ ကျောင်းသား၊ ကျောင်းသူများကြပ်တည်းစွာ ပညာသင်ကြားနေကြရပြီး စာသင်ခုံအစုံ ၈၉၀လုံး လိုအပ်လျက်ရှိသောကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များအား စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်။ မရှိပါက မည်သည့်အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်မည်ကို ပြန်လည်ဖြေကြားပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**လက်ရှိအခြေခံပညာအထက်တန်းအဆင့် ပညာသင်နှစ်ကို တစ်နှစ်ထပ်မံတိုးမြှင့် သင်ကြားပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသာဝင်း၊ ရန်ကင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်း ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမယ့် မေးခွန်းကတော့ ယခုအခါမှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ အခြေခံကျောင်းများမှာ အခြေခံပညာသင်ကြားရာမှာ မူလတန်း၊ အလယ်တန်းနဲ့အထက်တန်းအဆင့်များအတွက် ၅း၄း၂ ဦးရေဟူ၍ ပညာသင်နှစ်နှစ်အပိုင်းအခြားအသီးသီး သတ်မှတ်ထားပြီးတော့မှ သင်ကြားလျက်ရှိပါတယ်။ အထက်တန်းအဆင့်ကို

နှစ်နှစ်သင်ပေးရန်သတ်မှတ်ထားရာ နိုင်ငံတကာကျောင်းများတွင် တက္ကသိုလ်ဝင်ခွင့်အတွက် သတ်မှတ်ထားတဲ့ပညာသင်နှစ်ထက် တစ်နှစ်လျော့နည်းနေသည်ကိုတွေ့ရပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံကနေပြီးတော့မှ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်မြင်သူများဟာ နိုင်ငံတကာတက္ကသိုလ်များကိုကျောင်းဝင်ခွင့်ရရှိရန်အတွက်လျှောက်ထားရာမှာ ပညာသင်နှစ်အဆင့်မမီဟုသတ်မှတ်ခံရပြီးတော့မှ တက္ကသိုလ်သို့တိုက်ရိုက်ဝင်ခွင့်ရရှိရေးအတွက် အခက်အခဲများရှိကြောင်း သိရှိရပါတယ်။

ယခုအခါမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာနှင့်အညီ ပညာရည်မြင့်မားစေရေးအတွက်လိုအပ်တဲ့အစီအစဉ်များ ချမှတ်ဆောင်ရွက်နေကြောင်းလည်းသိရှိရပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ အခြေခံပညာရည်အဆင့်မြင့်မားရေးအတွက်လည်းကောင်း၊ အထက်တန်းအဆင့်ပညာသင်နှစ်များ နိုင်ငံတကာကျောင်းများနှင့် အဆင့်တူညီစေရေးအတွက်လည်းကောင်း၊ လက်ရှိအခြေခံပညာအထက်တန်းအဆင့် ပညာသင်နှစ်ကို တစ်နှစ်ထပ်မံတိုးမြှင့်ပြီး သင်ရိုးများဖြည့်စွက်၍ သင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်မည်။ မရှိပါက မည်သည့်အတွက်ကြောင့် အကောင်အထည်ဖော်မဆောင်ရွက်နိုင်သည်ကို ဖြေကြားပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**စာသင်ကျောင်းများ၌ အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ပတ်သက်သည့် ကဗျာ၊ အတ္ထုပ္ပတ္တိများ ဖတ်ကြားဆွေးနွေးခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့် (သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကတော့ အာဇာနည်နေ့တွင်စာသင်ကျောင်းများ၌ အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ပတ်သက်သည့် ကဗျာရွတ်ဆိုခြင်း၊ အတ္ထုပ္ပတ္တိများ ဖတ်ကြားဆွေးနွေးခြင်းများမရှိတော့သည်ကို (က) ပြည်ထောင်စုအစိုးရကသိပါသလား။ (ခ) ပြန်လည်ပြုလုပ်ရန်ရည်ရွယ်ချက်ရှိပါသလား။ (ဂ) မရည်ရွယ်လျှင် အဘယ်ကြောင့်ပါနည်း။ ကျေးဇူးတင်ပါတယ်။

**MRTV-4 တွင် တက္ကသိုလ်ဝင်တန်းအတွက် သင်ခန်းစာပို့ချနေမှု ရပ်ဆိုင်းသွားရခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကြည်မြင့် (လသာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ လသာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ဖြစ်ပါတယ်။ ကျွန်တော် ယခု မေးမြန်းလိုတဲ့မေးခွန်း ကတော့ ကျွန်တော်တို့ MRTV-4 မှာ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လဆန်းပိုင်းက ညနေ ၅း၀၀ နာရီမှာ တစ်ကြိမ်၊ ည ၁၁း၃၀ နာရီမှာ တစ်ကြိမ် ထုတ်လွှင့်ပြသခဲ့တဲ့ တက္ကသိုလ်ဝင်တန်းသင်ခန်းစာပို့ချမှု အစီအစဉ်ကို ကျွန်တော်တို့ လူကြီးမိဘတွေအနေနဲ့လည်းပဲ ကြည့်ရတဲ့အခါမှာ တော်တော်လေးအားရ ကျေနပ်မှုရှိခဲ့ပါတယ်။ ဒါ့ကြောင့်လည်းပဲ ကျွန်တော့်ကို မေးမြန်းဖို့လည်းပဲ မဲဆန္ဒရှင်ပြည်သူတွေက တောင်းဆိုတာတွေရှိလို့ပါ။ ဒီအစီအစဉ်ကိုသုံးရက်လောက်သာ ထုတ်လွှင့်ခဲ့ပြီးတဲ့နောက်ပိုင်းမှာ အဘယ့်ကြောင့်ရပ်ဆိုင်းသွားရတယ်ဆိုတဲ့အကြောင်းနဲ့ ဆက်လက်ပြီးတော့ထုတ်လွှင့်သွားဖို့ အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာရွှင်လန်း ချမ်းမြေ့ကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီးလေးဦး မေးထားတဲ့မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ အဆင့်ဆင့်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမဆုံး ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးဉာဏ်ဝင်းရဲ့ ပညာရေးဆိုင်ရာမေးမြန်းချက်ကို ကျွန်တော့်အနေနဲ့ဖြေကြားခွင့်ပြုပါ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများအား ကျောင်းသားဦးရေ နှင့်လက်ရှိ စာသင်ခုံအရေအတွက်ကို စိစစ်တွက်ချက်၍ လိုအပ်သောစာသင်ခုံများအား ခွဲဝေပေးလျက်ရှိရာ

လှိုင်သာယာမြို့နယ်အတွင်း အခြေခံပညာကျောင်း ၁၂ ကျောင်း၌ လိုအပ်သောစာသင်ခုံ ၈၉၀ ခုံအား ခွဲဝေပေးနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စိစစ်ပြီးဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်ခင်ဗျား။

မေးခွန်းနှစ်ကိုတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသာဝင်းက မေးထားတာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဖြေကြားရမယ်ဆိုရင် မြန်မာနိုင်ငံ၏ လက်ရှိအခြေခံပညာရေးဖွဲ့စည်းမှုပုံစံမှာ မူလတန်းအဆင့်တွင် ငါးနှစ်၊ အလယ်တန်းအဆင့်တွင် လေး နှစ်နှင့် အထက်တန်းအဆင့်တွင် နှစ်နှစ်၊ စုစုပေါင်း ၁၁ နှစ်၊ ၅း၄း၂ ပုံစံဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်နိုင်ငံများနှင့် အာဆီယံနိုင်ငံများအနက် မလေးရှားနိုင်ငံတွင် မူလတန်းအဆင့်ခြောက်နှစ်၊ အလယ်တန်းအဆင့်တွင် သုံးနှစ်နှင့် အထက်တန်း အဆင့် နှစ်နှစ်၊ စုစုပေါင်း ၁၁ နှစ် ဖြင့်လည်းကောင်း၊ လာအိုနိုင်ငံတွင် မူလတန်းအဆင့် ငါးနှစ်၊ အလယ်တန်းအဆင့်တွင် သုံးနှစ်၊ အထက်တန်း အဆင့် သုံး နှစ်၊ စုစုပေါင်း ၁၁ နှစ်ဖြင့် လည်းကောင်း သတ်မှတ်သင်ကြားပေးလျက်ရှိပြီး ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံ များတွင် ပညာသင်နှစ် ၁၂ နှစ်ဖြင့်လည်းကောင်း၊ စင်္ကာပူနှင့် ဘရူနိုင်းနိုင်ငံတို့တွင် ပညာသင်နှစ် ၁၃ နှစ်ဖြင့်လည်းကောင်း သတ်မှတ်သင်ကြားပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစု တွင် အလယ်တန်းအဆင့်အထိ ပညာသင်နှစ် ကိုးနှစ် သတ်မှတ်သင်ကြားပေးလျက်ရှိပါသည်။ အထက် တန်းအဆင့်တွင် ဇကဒသမတန်းတစ်တန်းကို ၁၉၈၅-၁၉၈၆ ပညာသင်နှစ်မှစ၍တိုးချဲ့ဖွင့်လှစ် နိုင်ရန်စီစဉ်ဆောင်ရွက်ခဲ့သော်လည်း မိဘပြည်သူများ၏ သဘောဆန္ဒအရ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း မရှိခဲ့ပါ။ အထက်တန်းအဆင့်တွင် အင်္ဂလိပ်စာ ဘာသာရပ်၊ သင်္ချာဘာသာရပ်နှင့် သိပ္ပံဘာသာရပ် သုံး ခု (ဓာတု၊ ရူပ၊ ဇီဝ)တို့ကို အင်္ဂလိပ်ဘာသာဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အထက်တန်းအဆင့် ပညာသင်ကာလနှစ်နှစ်အတွင်း အဆိုပါဘာသာရပ်အကြောင်းအရာများကို အင်္ဂလိပ်ဘာသာဖြင့် ကျွမ်းကျင်စွာ လေ့လာသင်ယူရန် အခက်အခဲရှိပါသည်။ အထက်တန်းအဆင့်တွင် ဘာသာရပ်အလိုက် သင်ကြားရမည့်အကြောင်းအရာနှင့် သင်ချိန်နာရီသတ်မှတ်ချက်များ လိုက်လျောညီထွေမှုရှိသော်လည်း အင်္ဂလိပ်ဘာသာဖြင့်ပြုစုထားသဖြင့် ဘာသာရပ်အကြောင်းအရာထက် ဘာသာစကားကျွမ်းကျင်မှုကို ပိုမိုအာရုံစိုက်သင်ကြားပေးနေရပါသည်။ ပထဝီနှင့် သမိုင်း ဘာသာရပ်များတွင်လည်း သင်ချိန်နာရီနှင့် သင်ခန်းစာအကြောင်းအရာများ မမျှမတဖြစ်နေပါသည်။ သို့ဖြစ်၍ အထက်တန်းအဆင့်တွင် နိုင်ငံတကာသင်ရိုးမာတိကာအဆင့်မီပြုစုရေးဆွဲ သင်ကြားပေးလျက်ရှိသော်လည်း ဘာသာရပ်အလိုက်

အကြောင်းအရာများကို ပိုမိုနက်ရှိုင်းစွာ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ပညာသင်ကာလ သုံးနှစ်သတ်မှတ်သင်ကြားပေးရန် သင့်၊ မသင့် လေ့လာသုံးသပ်ဆဲဖြစ်ပါတယ်။

အထက်တန်းအဆင့်တွင် ပညာသင်ကာလ သုံးနှစ် သတ်မှတ်သင်ကြားမည်ဆိုပါက အောက်ပါ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်လာမည်ဖြစ်ပါသည် -

(က) ကျောင်းသားဦးရေတိုးတက်မှုအရအခြေခံပညာအထက်တန်းကျောင်းများတွင်မြေလွတ် မကျန်ရှိတော့သဖြင့် မူလတန်းအဆင့်အတန်းများကို နှုတ်ပယ်ရမည်ဖြစ်ခြင်း၊

(ခ) မူလတန်းအဆင့်ကို နှုတ်ပယ်လိုက်သဖြင့် လိုအပ်ချက်ရှိသည့်ရပ်ကွက်၊ ကျေးရွာများ တွင် မူလတန်းကျောင်းသစ်များ ထပ်မံဖွင့်လှစ်ပေးရန်လိုအပ်လာမည်ဖြစ်ခြင်း၊

(ဂ) မူလတန်းအဆင့်အတန်းများကို နှုတ်ပယ်လိုက်ပါက ဇကေဒသမတန်းအတွက်စာသင်ခန်း များပေါ်ထွက်လာမည့်အပြင် အလယ်တန်းအဆင့်အတန်းများနှင့် နဝမတန်းတို့တွင် ကျောင်းသားအင်အား ပိုမိုလက်ခံသင်ကြားနိုင်ခြင်း၊

(ဃ) ဇကေဒသမတန်း ကျောင်းသား/ကျောင်းသူများအတွက် အထက်တန်းပြဆရာ ၁၂၀၀၀ ခန့် တိုးချဲ့ခန့်ထားပေးရန်လိုအပ်လာခြင်း၊

(င) အထက်တန်းအဆင့် ဘာသာရပ်အလိုက် သင်ချိန်နှင့်သင်ခန်းစာပမာဏ လိုက်လျော ညီထွေမှုရှိရေးအတွက် ပြန်လည်ပြုပြင်ရေးဆွဲရန်လိုအပ်လာခြင်း၊

(စ) နိုင်ငံတကာပညာအရည်အချင်းနှင့် ရင်ဘောင်တန်းနိုင်ရေးအတွက် လိုအပ်သည့်သိပ္ပံ ပစ္စည်းနှင့် ဓာတ်ဆေးများ၊ မီဒီယာပစ္စည်းများ၊ သင်ခန်းစာဆိုင်ရာ ထပ်ဆောင်းလေ့လာ ဖတ်ရှုနိုင်မည့် ရည်ညွှန်းစာအုပ်၊ စာစောင်များ ထပ်မံဖြည့်ဆည်းပေးရန်လိုအပ်လာ ခြင်း၊

(ဆ) နိုင်ငံတကာအဆင့်မီ အထက်တန်းပညာရေးအဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် နိုင်ငံတကာတက္ကသိုလ်များနှင့် နိုင်ငံတကာအထက်တန်းကျောင်းများမှ သင်ရိုးညွှန်းတမ်း ဆိုင်ရာပညာရှင်များနှင့် ပညာရည်စစ်ဆေးတိုင်းတာမှုအရ ပညာရှင်များကိုဖိတ်ခေါ် စစ်ဆေးပြီးလိုအပ်ချက်များ ထပ်မံဖြည့်ဆည်းပေးရန်လိုအပ်နိုင်ခြင်း။

အထက်တန်းအဆင့်တွင် အထက်တန်းတစ်တန်း တိုးချဲ့သင်ကြားနိုင်ရေးအတွက် အထက်ပါ အချက်များကို ပြင်ဆင်ဆောင်ရွက်နိုင်ရန် အချိန်ကာလ နှစ်နှစ်ခွဲ(၃၀)လခန့် ကြာမြင့်နိုင်ပါသည်။ ကျခံ သုံးစွဲရမည့် ဘဏ္ဍာငွေပမာဏကိုလည်း နိုင်ငံတော်မှထိုကာလအတွင်း ဖြည့်ဆည်းပေးရမည် ဖြစ်သဖြင့်

ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ကုန်ကျစရိတ်များကို အသေးစိတ် စိစစ်တွက်ချက်၍ ပြည်ထောင်စုအစိုးရအဖွဲ့အတွင်း ပြန်လည်ဆွေးနွေးညှိနိုင်းပြီးမှသာ စတင်နိုင်မည်ဖြစ်သည်ကိုဖြေကြားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ် သုံးကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ မေးခွန်းဖြစ်ပါတယ်။ အဲဒီမေးခွန်းကို ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဖြေကြားရမယ်ဆိုလို့ရှိရင် ၁၉၈၈ ခုနှစ် အရေးအခင်းကာလနှင့် နောက်ပိုင်းနှစ်များတွင် အာဇာနည်နေ့ကိုအကြောင်းပြုပြီး နိုင်ငံတော်အေးချမ်းတည်ငြိမ်မှုပျက်ပြားစေရန် စည်းရုံးလှုံ့ဆော်မှုများရှိခဲ့၍ အကြိုလှုပ်ရှားမှုများကိုလျော့ပေါ့ခဲ့သော်လည်း မြန်မာစာနှင့်သမိုင်းသင်ခန်းစာများတွင် အာဇာနည်နေ့ဖြစ်ရပ်များအပါအဝင် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းသင်ခန်းစာများကို ယခင် အတိုင်းထည့်သွင်းသင်ကြားပေးလျက်ရှိပါသည်။ ပြည်ထောင်စုအစိုးရလက်ထက်တွင် အာဇာနည်နေ့ အကြိုလှုပ်ရှားမှုများဖြစ်သည့် ကဗျာရွတ်ဆိုခြင်း၊ စာစီစာကုံးပြိုင်ပွဲကျင်းပခြင်း၊ ဟောပြောပွဲများကျင်းပခြင်းများကို နှိုးဆော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရှင်းလင်းဖြေကြားအပ်ပါသည်။

နောက်ဆုံးမေးခွန်း လေး ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်၏ ပညာရေးမေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဖြေကြားရမယ်ဆိုရင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးဆိုင်ရာ သိကောင်းစရာများ၊ ပညာရေးသင်ခန်းစာများနှင့် ဆရာအတတ်ပညာ သင်ခန်းစာများကို ရေဒီယိုသင်ခန်းစာများအဖြစ် မြန်မာ့အသံမှ ထုတ်လွှင့်ပို့ချနိုင်ရေးအတွက် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနက သက်ဆိုင်ရာဘာသာရပ်တာဝန်ခံများအားရေးသားပြုစုစေပြီး ဌာနတာဝန်ခံများက ပညာရေးဆိုင်ရာမူဝါဒနှင့် လမ်းညွှန်ချက်များ၊ သင်ခန်းစာ၏ရည်ရွယ်ချက်များနှင့်ကိုက်ညီမှု ရှိ၊ မရှိ စိစစ်၍ မြန်မာ့အသံသို့ ဆက်လက်ပေးပို့ထုတ်လွှင့်ပေးလျက်ရှိပါသည်။ အဝေးသင်တက္ကသိုလ်ဘာသာရပ်အလိုက် သင်ခန်းစာပို့ချချက်များကိုသက်ဆိုင်ရာတက္ကသိုလ်ဆရာများကပြုစုပြီး အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ၏ အစီအစဉ်ဖြင့် ပညာရေးစတူဒီယိုခန်းမ၌ ရိုက်ကူးထုတ်လွှင့်၍ မြန်မာ့ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ပေးလျက်ရှိပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများကိုလည်း ပညာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့်ရိုက်ကူးပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ တစ်ဆင့်ထုတ်လွှင့်ပေးလျက်ရှိပါသည်။ MRTV-4 မှ ပညာရေးသင်ခန်းစာများ ထုတ်လွှင့်ရာတွင်

ပညာရေးဝန်ကြီးဌာနကပေးပို့ထားသည့် သင်ခန်းစာပို့ချချက်များမဟုတ်ဘဲ ကိုယ်ပိုင်ကျောင်း၊ ကိုယ်ပိုင်သင်တန်းများတွင် ဘာသာပြကိုယ်ပိုင်ကျောင်းဆရာ သို့မဟုတ် ဘာသာရပ်ကြီးကြပ်သူအဖြစ် ဆောင်ရွက်နေသည့် နာမည်ကြီးကျူရှင်ဆရာများက ပို့ချနေကြောင်းတွေ့ရှိရသဖြင့် အဆိုပါ ကိုယ်ပိုင်ကျောင်းနှင့် ကိုယ်ပိုင်သင်တန်းများသို့တက်ရောက်ရန် ဆွဲဆောင်စည်းရုံးခွင့်ရရှိသကဲ့သို့ ဖြစ်နေပါသည်။ အခြားသောကျူရှင်ဆရာများက အလားတူ ထုတ်လွှင့်ခွင့်ပြုရန် တောင်းဆိုလာပါက လုပ်ငန်းများမနိုင်မနင်းဖြစ်လာမည့်အပြင် သင်ခန်းစာတစ်ခုအတွက် ကျူရှင်ဆရာများက အာဘော်အမျိုးအမျိုးဖြင့် ပို့ချပေးနေပါက ကျောင်းသားကျောင်းသူများအနေဖြင့် ဝေဝါးရှုပ်ထွေးလာနိုင်ပါသည်။

သင်ခန်းစာတစ်ခုချင်းအလိုက် ရည်ရွယ်ချက်၊ အကြောင်းအရာ၊ သင်ပြမှုအစီအစဉ်၊ သင်ထောက်ကူအသုံးပြုမှုနှင့် စစ်ဆေးတိုင်းတာမှုပုံစံများကို သတ်မှတ်ပေးထားသဖြင့် သင်ခန်းစာစာမူများသည် အဆိုပါအချက်များနှင့်ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးအတည်ပြုရန်လိုအပ်ပါသည်။ သက်ဆိုင်ရာကျောင်းများ၊ ကျောင်းသား၊ ကျောင်းသူများ၏ အသက်အရွယ်နှင့်ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့နှင့် လိုက်လျောညီထွေစွာ သင်ကြားပေးနိုင်ရန်လိုအပ်ပါသည်။

သို့ဖြစ်၍ ပြန်ကြားရေးဝန်ကြီးဌာန သို့မဟုတ် ရုပ်မြင်သံကြားဌာနများက ပညာရေးသင်ခန်းစာများကို ထုတ်လွှင့်လိုပါက ပညာရေးဝန်ကြီးဌာနက ပေးပို့ထားသည့် ပို့ချချက်များကိုသာ ထုတ်လွှင့်ပေးသင့်ပါသည်။ ထုတ်လွှင့်ချိန် တိုးချဲ့ပေးနိုင်ပါက ပညာရေးဝန်ကြီးဌာနက ကျန်ဘာသာရပ်သင်ခန်းစာများကိုလည်း ဆက်လက်ထုတ်လွှင့်ပေးနိုင်ပါသည်။ MRTV-4တွင် ကျောင်းသင်ခန်းစာများ ထုတ်လွှင့်မှုနှင့်ရပ်ဆိုင်းမှုများမှာ ပြန်ကြားရေးဝန်ကြီးဌာန၏ အစီအစဉ်သာဖြစ်ပါသည်။ ပညာရေးဆိုင်ရာ ဂျာနယ်၊ မဂ္ဂဇင်း ၊ စာစောင်များထုတ်ဝေရေးနှင့် ရေဒီယို၊ ရုပ်မြင်သံကြား အစီအစဉ်များမှာထုတ်လွှင့်ရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဝန်ကြီးဌာနနှစ်ခု ပြန်လည်ညှိနှိုင်းသတ်မှတ်ရန်ရှိသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ရပ်ဆိုင်းထားခြင်းဖြစ်ပါကြောင်းနှင့် ဝန်ကြီးဌာနနှစ်ခုညှိနှိုင်းဆုံးဖြတ်သည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။ လေးစားပါတယ်ခင်ဗျား။

## ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဘိုးအောင်၊ မူဆယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့မူဆယ်မဲဆန္ဒနယ်ကပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၄-၅-၂၀၀၆ ရက်နေ့မှာ ထုတ်ပြန် ပြီးတော့ ၄-၅-၂၀၀၇ ရက်မှာ စတင်အာဏာတည်ခဲ့တဲ့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု၊ ထိန်းချုပ်ရေးဥပဒေရဲ့ အခန်း ၄၊ ပုဒ်မ ၆ မှာ ဆေးလိပ်သောက်သုံးခွင့် မရှိသော နေရာများကိုပြဋ္ဌာန်းထားပါတယ်။ အထူးသဖြင့် ပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ)မှ (င)တို့မှာ ကလေးကစားရုံ၊ ကစားကွင်းများ၊ ကျောင်းပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့်အိမ်ခန်းများမှအပ သင်ကြားရေး အဆောက်အဦ၊ စာသင်ခန်း၊ ရုံးခန်းပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အဆောက်အဦများစသည့်နေရာ များသည် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများဖြစ်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဆေးလိပ် သောက်ခြင်းမပြုသော်လည်း ဆေးလိပ်ငွေ့ကိုရှူရှိုက်ရတဲ့ ကလေးသူငယ်အပါအဝင် အခြားသူများ ဟာ ဆေးလိပ်သောက်သုံးသူကဲ့သို့ ကျန်းမာရေးထိခိုက်နိုင်ပါတယ်။ နိုင်ငံတကာမှာ စီးကရက်စက်ရုံ များနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထုတ်လုပ်တဲ့စက်ရုံများကို ပတ်ဝန်းကျင်ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိ စေရန်အတွက် ကန့်သတ်ထိန်းချုပ်မှုများစွာပြုလုပ်ကြကြောင်း သိရှိရပါတယ်။ လူနေရပ်ကွက် အတွင်းနှင့် စာသင်ကျောင်းများ၊ ကစားကွင်းများအနီး ပတ်ဝန်းကျင်တွေမှာတည်ရှိနေတဲ့ စီးကရက် စက်ရုံများနှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်တဲ့စက်ရုံများဟာ နေ့စဉ်ဆေးရွက်ကြီး ပေါင်းရာက နေထွက်လာတဲ့ ဆေးရွက်ကြီးရဲ့အငွေ့အနံ့များက ပတ်ဝန်းကျင်လူနေရပ်ကွက်အတွင်း အစဉ်ပျံ့နှံ့နေ ပြီးတော့ ရပ်ကွက်နေလူထုနဲ့ကလေးသူငယ်များတွေကို အစဉ်ဆေးလိပ်ငွေ့ရှူရှိုက်နေစေသကဲ့သို့ ဖြစ်နေပါတယ်။ ၎င်းစက်ရုံထွက် ရေဆိုးများကြောင့်လည်း သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းပျက်စီး စေတာကိုတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ -

၁။ အထက်အပိုဒ် ၁ ပါ ဥပဒေပါပြဋ္ဌာန်းချက်မှာ ဆေးလိပ်သောက်ခွင့် မရှိသောနေရာများ အပြင် ဆေးလိပ်ငွေ့ကင်းစင်ရမည့်နေရာများဟု ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းပေးနိုင်ပါ မည်လား။

၂။ လူနေရပ်ကွက်များမှာတည်ရှိတဲ့ ကျန်းမာရေးထိခိုက်စေနိုင်တဲ့ စီးကရက်စက်ရုံ၊ ဆေးရွက်ကြီးထွက်ပစ္စည်းများထုတ်လုပ်တဲ့စက်ရုံများသည် အထက်ပါဥပဒေပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသက်ဆိုင်ခြင်း ရှိ၊ မရှိ သိရှိလိုပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ စီးကရက်စက်ရုံများနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထုတ်လုပ်တဲ့စက်ရုံများကို ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရန် မည်ကဲ့သို့ ကန့်သတ်ထိန်းချုပ်မှုများဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်က ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာထွန်းရှင်(ပြည်ထောင်စုရှေ့နေချုပ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ပထမဆုံး ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ရှမ်းပြည်နယ်၊ မူဆယ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်မေးတဲ့မေးခွန်းများအတွက် ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဖြေကြားခွင့်ရတဲ့အတွက်လည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။ မေးခွန်း(၁)နဲ့စပ်လျဉ်းလို့ မြန်မာနိုင်ငံဟာတစ်မျိုးသားလုံး ကျန်းမာရေးဦးတည်ချက်ဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း(Framework Convention on Tobacco Control -FCTC)ကို ၂၀-၄-၂၀၀၁ ရက်နေ့တွင်အတည်ပြုလက်ခံခဲ့ပါသည်။ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် ၄-၅-၂၀၀၆ နေ့တွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါဥပဒေ ပုဒ်မ ၆ တွင် ပုဒ်မခွဲ(က)မှ (ဏ)အထိ ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများကိုလည်းကောင်း၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)မှ (ဆ)အထိ လူအများဝင်ထွက်သွားလာနိုင်သည့် နေရာများ၌လည်းသတ်မှတ်ထားသည့်နေရာတွင်သာ ဆေးလိပ်သောက်သုံးရန်ကိုလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားသည့်အတိုင်း ကလေးကစားရုံများနှင့် ကစားကွင်းများ၊ ကျောင်းပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့်အိမ်ခန်းများမှအပ သင်ကြားရသောအဆောက်အအုံ၊ စာသင်ခန်း၊ ရုံးခန်းပရိဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများသည် ဆေးလိပ်လုံးဝသောက်သုံးခွင့် မရှိသောနေရာများတွင်အကျုံးဝင်ပါတယ်။ ဆေးလိပ်လုံးဝသောက်သုံးခွင့်

မရှိသောနေရာများတွင် ဆေးလိပ်သောက်သုံးခြင်းမပြုရန် တားမြစ်ပြဋ္ဌာန်းချက်များကို လိုက်နာခြင်းဖြင့် ထိုနေရာများဟာ ဆေးလိပ်ငွေ့ကင်းစင်သည့်နေရာအဖြစ် ရောက်ရှိမည်ဖြစ်သောကြောင့်ဥပဒေမှာ ဆေးလိပ်ငွေ့ကင်းစင်ရမည့်နေရာကို ဖြည့်စွက်ရန်လိုအပ်မည်မဟုတ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းနှစ်ခုနဲ့စပ်လျဉ်းပြီးတော့ ဆေးလိပ်နဲ့ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေပုဒ်မ ၂(ဂ) တွင် ဆေးလိပ်ငွေ့ဆိုသည်မှာ ဆေးလိပ်ကိုမီးလောင်ကျွမ်းစေခြင်းဖြင့် ထွက်ပေါ်လာသော အခိုးအငွေ့နဲ့ဆေးလိပ်ကိုသောက်ဖွာခြင်း၊ ရှူထုတ်ခြင်း(သို့)ရှူရှိုက်ခြင်းကြောင့် ထွက်ပေါ်လာသောအခိုးအငွေ့တို့ကိုဆိုလိုကြောင်း ပြဋ္ဌာန်းထွက်ဆိုထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသော စက်ရုံများရဲ့နေ့စဉ်ဆေးရွက်ကြီးပေါင်းရာမှ ထွက်သောဆေးရွက်ကြီးအငွေ့အနံ့ဆိုသည့်စကားရပ်ဟာ ဤဥပဒေအရသတ်မှတ်ထားတဲ့ ဆေးလိပ်ငွေ့ဆိုတဲ့စကားရပ်မှာအကျုံးမဝင်ပါ။ ဖော်ပြပါ စီးကရက်စက်ရုံနဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများဟာ ဤဥပဒေပုဒ်မ ၇(ခ)အရ ဆေးလိပ်သောက်ခွင့်နေရာရှိ၊ စီမံထားရှိရမည့် အခြားစက်ရုံ၊ အလုပ်ရုံများနည်းတူ ဤဥပဒေနှင့်သက်ဆိုင်ပါတယ်။

မေးခွန်း ၃ နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်လုပ်သော စီးကရက်စက်ရုံ ၁၄ ရုံရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ နှစ်ရုံ၊ မကွေးတိုင်းဒေသကြီးမှာ နှစ်ရုံ၊ မန္တလေးတိုင်းဒေသကြီးနဲ့ကချင်ပြည်နယ်မှာ တစ်ရုံစီ၊ ရှမ်းပြည်နယ်မှာ ရှစ်ရုံ ရှိပါတယ်။ စီးကရက်စက်ရုံများ တိုးချဲ့မှုမပြုလုပ်နိုင်ရေးနဲ့နောင်တွင် တဖြည်းဖြည်းလျော့ပေါ့သွားစေရေးအတွက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အကန့်အသတ်ဖြင့်ဆောင်ရွက်လျက်ရှိပါတယ်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများသောက်သုံးခြင်းဟာ ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်စေသည်မှာ မှန်သော်လည်းသောက်သုံးသူပမာဏမြင့်မားနေဆဲဖြစ်ပါတယ်။ သောက်သုံးသူပမာဏ တိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ ရင်းနှီးမြှုပ်နှံမှုအခြေအနေတို့ကိုထောက်ရှု၍ စီးကရက်စက်ရုံများအား ပိုမိုထိန်းချုပ်ကန့်သတ်ရာမှာ အချိန်ယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ အမှတ်(၁)စက်မှုဝန်ကြီးဌာနအနေဖြင့် စီးကရက်စက်ရုံများအား မိုးလုံလေလုံအဆောက်အအုံများတွင် ထုတ်လုပ်မှုပြုစေခြင်း၊ ဆေးမှုန့်ဖြတ်ခြင်း၊ ဆေးလှော်ခြင်းများအားသင့်လျော်သော အမြင့်ရှိခေါင်းတိုင်များဖြင့်ပြုလုပ်စေခြင်း၊ ဘေးထွက်ဆေးရိုးကြမ်းနှင့် စက္ကူကိုလည်းအများပြည်သူနှင့်ဝေးကွာသည့်နေရာများမှာ မီးရှို့ဖျက်ဆီးစေခြင်းဖြင့် ဆေးရွက်ကြီးအနံ့အသက်များလူနေရပ်ကွက်အတွင်းပျံ့နှံ့စေမှုကို လျော့ကျစေရန် ကြီးကြပ်လျက်ရှိပါတယ်။ မေးခွန်းမှာ ပူးတွဲပါရှိတဲ့မူဆယ်မြို့ရှိ စီးကရက်စက်ရုံများအပြင် စီးကရက်စက်ရုံအားလုံးကို ကွင်းဆင်းစစ်ဆေးကြပ်မတ်လျက်

ရှိပါတယ်။ သို့ပါ၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနဟာ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ အများပြည်သူကျန်းမာရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ဘေးအန္တရာယ်မကျရောက်စေရေးအပြင် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးအတွက် နယ်မြေ အလိုက်ကွင်းဆင်းစစ်ဆေး၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်နှင့်ဆက်စပ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာနက ရေးဆွဲလျက်ရှိပါကြောင်းနှင့်ယင်းဥပဒေပါ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ထိခိုက်မှုများနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြဋ္ဌာန်းချက် များပါရှိ မည်ဖြစ်သည့် အတွက် အဆိုပါဥပဒေပြဋ္ဌာန်းပြီးပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပိုမိုထိရောက်စွာဆောင်ရွက် နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ ဒီနေ့မေးခွန်းများ မေးမြန်းမှုရော၊ ဖြေကြားမှုရော အင်မတန်မှကောင်းမွန် ပါတယ်။ မသိတဲ့အချက်များသိလာသလို ဆင်ခြင်သင့်တဲ့အချက်များလည်းဆင်ခြင်ဖို့ ဒီအမေးအဖြေ ကဏ္ဍကပေါ်လွင်ပါတယ်။ ဒါကြောင့်မို့လို့ ယနေ့လိုပဲ မေးခွန်းမေးမှုနှင့်ဖြေကြားမှုကို ကျစ်ကျစ် လစ်လစ်နှင့် ထိရောက်အောင်ဆောင်ရွက်သွားဖို့ တိုက်တွန်းလိုပါတယ်။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ အစည်းအဝေးကို ၁၅ မိနစ်ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို ၁၁း၄၅ မိနစ်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅ မိနစ် ခန့်ရပ်နားပါသည်။]

**အခမ်းအနားမှူး။** ။ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးမကြာမီ ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။ အစည်းအဝေး မစတင်မီမှာ အစည်းအဝေးအစီအစဉ်(၆)မှာ ဆွေးနွေးမှုအစီအစဉ်လေးကိုပြောင်းလဲမှုကို ကြိုတင် အသိပေးတင်ပြလိုပါတယ်။ အစည်းအဝေးအစီအစဉ်(၆)ဆောင်ရွက်ရာမှာ ယခင် အမှတ်စဉ်(ခ) ဦးရဲထွန်းကနေ စတင်ဆွေးနွေးပြီး ဦးအောင်သိန်း၊ ဦးလွင်ဦး၊ ဦးမြင့်စိုး၊ ဒေါ်ခင်စောဝေ၊ ဦးသန်းမြင့် တို့က အစီအစဉ်အတိုင်း ဆွေးနွေးသွားဖို့ ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အစည်းအဝေး ဒုတိယနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း ၄၈။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယမန်နေ့က တင်သွင်းခဲ့တဲ့ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၃၊ နည်းဥပဒေခွဲ(ဂ)အရ ကိုယ်စားလှယ်များကမိမိတို့ရဲ့ ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကိုပေးနိုင်ပါတယ်။ သို့သော်လည်း အစီရင်ခံစာနှင့်ပတ်သက်ပြီး ငြင်းဆင်ချက်ပြုလုပ်၍မရကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။ ပထမဦးစွာ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်း ဖြစ်ပါတယ်။ မနေ့က လွှတ်တော်မှာ တင်ပြသွားခဲ့တဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးလိုတာကတော့ ဒီအစီရင်ခံစာမှာဖော်ပြထားတဲ့ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနတစ်ခုခုရဲ့ ဆောင်ရွက်ပေးချက်တွေဟာ မှန်ကန်ကြောင်း၊ ဟုတ်မှန်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်ချလက်ချသိရှိနိုင်ကြစေရန်အတွက် တင်ပြပုံတင်ပြနည်းကိုစေတနာဖြင့် အပြုသဘောအကြံပြုလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူတို့ကိုယ်စား မိမိတို့ကြုံတွေ့ရင်ဆိုင်နေကြရတဲ့ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခက်အခဲများ၊ ပညာသင်ကြားရေးဆိုင်ရာအခက်အခဲများ၊ ဆေးဝါးကုသရေးဆိုင်ရာအခက်အခဲများကို တင်ပြကြတဲ့အခါမှာ စာနှင့်ရေးသားပြီးတင်ပြနေတဲ့တစ်ပြိုင်နက်မှာ မိမိတို့ရိုက်ယူလာတဲ့ ဗွီဒီယိုမှတ်တမ်းဖြင့်လည်း လွှတ်တော်ရှေ့က ရုပ်မြင်သံကြားဖန်သားပြင်မှာပြသတင်ပြလျှင် ပိုမိုကောင်းမွန်မှာဖြစ်ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုအစိုးရဝန်ကြီးကလည်း မိမိတို့ဌာနက လုပ်ကိုင်ဆောင်ရွက်ထားပြီးသမျှကို စာဖြင့်ဖတ်ကြားတင်ပြနေစဉ်မှာ ဗွီဒီယိုမှတ်တမ်းဖြင့်တင်ပြနိုင်လျှင် လွှတ်တော်ကိုယ်စားလှယ်

အားလုံးကတွေ့မြင်နိုင်ပြီး အစိုးရဝန်ကြီးဌာနများရဲ့ ကတိကဝတ်များ အကောင်အထည်ဖော်ပေးမှုကို ကျေနပ်ဖွယ်ရာ ရှိ၊ မရှိ မျက်ဝါးထင်ထင်တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒီလို လုပ်ဆောင်ဖို့ရာလည်း သိပ်ခက်ခက်ခဲခဲကြီး မဟုတ်လှဘဲ လက်ရှိကျွန်တော်တို့ လွှတ်တော်ရဲ့ ပြည့်စုံလှတဲ့ခေတ်မီ ဆက်သွယ်ရေးပစ္စည်းတွေ ပိုင်ဆိုင်ထားမှုကြောင့် အလွယ်တကူအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်နိုင်ဖို့အတွက် လွှတ်တော်ကလိုအပ်တဲ့ နည်းဥပဒေများ ပြဋ္ဌာန်းပေးဖို့လိုရင် ပြဋ္ဌာန်းပေးဖို့ အကြံပေးတင်ပြရင်းနဲ့ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကိုလည်း ထောက်ခံပါကြောင်း နိဂုံးချုပ်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်း၊ ရွာငံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရွာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကောင်းကျိုးလိုရာဆန္ဒနဲ့ ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို ဖတ်ကြားတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ကျွန်တော်မေးမြန်းခဲ့တဲ့ မေးခွန်းတွေ အပေါ်မှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ကတိပေးဖြေကြားထားခဲ့တာတွေနဲ့ ပတ်သက်လို့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီက တစ်ဖန် ထပ်ဆင့်စိစစ်ပြီး ယခု ဒုတိယပုံမှန်အစည်းအဝေးမှာ တင်ပြဖြေကြားပေးတဲ့အတွက် ကျွန်တော့်အနေနဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း ကော်မတီကိုလည်း ကျေးဇူးတင်ရပါကြောင်း ရှေးဦးစွာပြောကြား လိုပါတယ်။ ပြည်သူ့လွှတ်တော် နည်းဥပဒေပုဒ်မ ၇၃ အရ သာမန်အားဖြင့် အစိုးရရဲ့အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များကို ကော်မတီကစိစစ်ပြီးတဲ့နောက် စိစစ်တွေ့ရှိချက်များနဲ့ ပတ်သက်ပြီး အစီရင်ခံစာတင်သွင်းရမှာဖြစ်ပါတယ်။ အစီရင်ခံစာကိုမပြုစုမီ ပြည်သူ့လွှတ်တော်နည်းဥပဒေပုဒ်မ ၇၁၊ ပုဒ်မခွဲ(က)မှာ ပြည်ထောင်စုအစိုးရက ၎င်း၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေအထိ ဆောင်ရွက်ပြီးစီးကြောင်း ပုဒ်မခွဲ(ခ)မှာ အဆိုပါအာမခံချက်များ၊ ကတိများ နှင့်တာဝန်ခံချက်များကို ပြည်ထောင်စုအစိုးရကဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့်ကာလအတွင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ၊ မရှိနှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း

ရှိ/မရှိ တို့ကို လေ့လာစိစစ်ပြီးမှ လွှတ်တော်သို့တင်ပြရမည်လို့ ပြဋ္ဌာန်းထားတာဖြစ်ကြောင်း သဘော ပေါက်နားလည်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျင်းပပြုလုပ်နေတဲ့ ဒုတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့တဲ့ ကော်မတီရဲ့အစီရင်ခံစာကို ပြန်လည်ဆန်းစစ်သုံးသပ်ပါက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များရဲ့ ပြန်ကြားချက်(ရုံးစာ)တစ်ခုတည်းအပေါ်မှာသာ အခြေခံထားပြီး ပြုစုတင်ပြထားတာဖြစ်ကြောင်း တွေ့ရှိသုံးသပ်ရပါတယ်။ အခုလို ဆွေးနွေးရခြင်းဟာလည်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များရဲ့ ပြန်ကြားချက်အပေါ်မှာ သံသယဖြစ်လို့ဆွေးနွေးခြင်းမဟုတ်ပါဘူး။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဝင်များက ပြန်ကြားထားတာဖြစ်တဲ့အတွက် ရိုးဖြောင့်မှု၊ မှန်ကန်မှုနဲ့ပတ်သက်ပြီး သံသယဖြစ်စရာ လည်းအကြောင်းမရှိပါ။ ဒါပေမယ့် နောင်လာမယ့် အစီရင်ခံစာတွေအတွက် ပြုစုဖို့စိစစ်တဲ့နေရာမှာ တော့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်တွေရဲ့ ပြန်ကြားချက်တစ်ခုတည်းအပေါ်မှာသာ အခြေမခံ ဘဲ၊ အားမထားဘဲ ပြည်သူ့လွှတ်တော် နည်းဥပဒေ ပုဒ်မ ၇၁ မှာပါတဲ့အတိုင်း ကော်မတီကိုယ်တိုင် အတတ်နိုင်ဆုံးလေ့လာစိစစ်ပြီးမှ ဖြစ်နိုင်မယ်ဆိုရင် ကွင်းဆင်းစိစစ်ပြီးမှ ဒါမှမဟုတ် ကာယကံရှင် ဖြစ်တဲ့မေးခွန်းရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ပါတွေ့ဆုံပြီး အခြေအနေအရပ်ရပ်ကို ပြန်လည်ဆွေးနွေးပြီးမှ အစီရင်ခံစာကိုပြုစုခြင်းကပို၍ သဘာဝကျလာနိုင်စရာရှိပါကြောင်းနှင့် လွှတ်တော်၏ဂုဏ်သိက္ခာအပိုင်းကိုလည်း ပိုမိုမြင့်မားလာစေနိုင်မည်ဟု ယုံကြည်ယူဆပါသဖြင့် ယခုကဲ့သို့ ဆွေးနွေးရခြင်းဖြစ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလွင်ဦး (သန်လျင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြချက်ကို ဖတ်ကြားတင်ပြခွင့်ပြုပါရန် ခွင့်ပန်အပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေး ဒုတိယနေ့မှာတင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ ဆွေးနွေးတင်ပြ သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီအနေနဲ့ ကော်မတီ၏တာဝန်များဖြစ်တဲ့ (က)

ပြည်ထောင်စုအစိုးရက ၎င်း၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့် အခြေအနေအထိဆောင်ရွက်ပြီးစီးကြောင်း (ခ) အဆိုပါအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များကို ပြည်ထောင်စုအစိုးရကဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့် ကာလအတွင်း ဆောင်ရွက်ပြီးခြင်း ရှိ၊ မရှိ နှင့် မူလသတ်မှတ်ချက်အတိုင်းပြီးစီးခြင်း ရှိ၊ မရှိ ဆိုသည့် သတ်မှတ်ထားတဲ့ တာဝန်၊ ဝတ္တရားများအတိုင်း ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး တွင်တင်သွင်းခဲ့တဲ့အဆိုများနှင့် မေးခွန်းများအပေါ်မှာ လေ့လာစိစစ်ဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရ ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးမှာ အဆို (၁၇)ခုနှင့် မေးခွန်း (၄၆)ခု တင်သွင်းခဲ့ပြီး အဆို(၄)ခုနှင့် မေးခွန်း (၁၃)ခုအား ဆက်လက် ဆောင်ရွက်ရန်လုပ်ငန်း အဖြစ်စိစစ်တွေ့ရှိရတဲ့အတွက်ကော်မတီအနေနဲ့ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံဆွေးနွေးကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို အသေးစိတ်တင်ပြ ထားတဲ့အတွက် ကော်မတီရဲ့ဆောင်ရွက်ချက်ကို ကြိုဆိုအပ်ပါတယ်ခင်ဗျား။ ဆက်လက်ပြီး ဆောင်ရွက်ရန် ကျန်ရှိနေသေးတဲ့ လုပ်ငန်းများလည်းရှိတဲ့အတွက် ထိုလုပ်ငန်းများကို ကော်မတီအနေနဲ့ လေ့လာဆောင်ရွက်ပြီး ပြည်သူတို့၏လိုလားချက်များ၊ ဆန္ဒများအကောင်ထည်ဖော်ဆောင်ရွက်နိုင် ရေးအတွက် သက်ဆိုင်ရာဌာနအသီးသီးနဲ့ ဆက်စပ်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကော်မတီရဲ့လုပ်ငန်း များ လွှတ်တော်ရဲ့လုပ်ငန်းများကို ဆထက်ထမ်းပိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းရင်း ထောက်ခံဆွေးနွေးနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကော်မတီဖြစ်တဲ့ အစိုးရ၏အာမခံ ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဟာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ အခန်း(၁၁) ပုဒ်မ ၇၁(က)(ခ) နှင့် အညီ ပထမအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ တင်သွင်းသည့်အဆိုများနှင့်

မေးခွန်းများအပေါ် သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့အစည်းများမှ ဆောင်ရွက်မှုအခြေအနေကို သေချာစွာစိစစ်သုံးသပ်ထားကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။ အဲဒီလို စိစစ်ရာတွင် အဆိုလေးခုနှင့် မေးခွန်း ၁၃ ခုကို ဆက်လက်ဆောင်ရွက်သွားရန်လုပ်ငန်းအဖြစ် စိစစ်တွေ့ရှိရကြောင်းအစီရင်ခံစာမှာ ဆိုထားပါတယ်ခင်ဗျား။ ယင်းစိစစ်တွေ့ရှိချက်များကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ပုဒ်မ ၇၂ (ဂ)နှင့်အညီ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့်တာဝန်ရှိပုဂ္ဂိုလ်များ အား ဖိတ်ကြားမေးမြန်းဆွေးနွေးထားတာကိုလည်း တွေ့ရပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စေ့စပ်သေချာစွာ စိစစ်ဆောင်ရွက်ပြီး ပြုစု တင်သွင်းသောအစီရင်ခံစာဖြစ်ပါ၍ သဘောတူလက်ခံသင့်ကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ မင်္ဂလာပါရှင်။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်၊ ကျွန်မအနေနဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာနဲ့ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာကိုလေ့လာတဲ့အခါ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးနဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်အသီးသီးက တင်သွင်းခဲ့တဲ့ အဆိုများ၊ မေးခွန်းများကို ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားချက်ထဲမှာ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များအဖြစ် တွေ့ရှိရတဲ့အချက်များကို အစီရင်ခံစာအဖြစ်စုစည်းထားကြောင်းလည်းတွေ့ရှိရပါတယ်ရှင်။ အဆိုပါအစီရင်ခံစာပါအချက်များဟာ နယ်မြေအသီးသီးက ပြည်သူများရဲ့ခံစားချက်များ၊ လိုလားချက်များ၊ ဆန္ဒများကို ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ ပြည်သူ့ကိုယ်စား လွှတ်တော်အစည်းအဝေးမှာ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ လွတ်လွတ်လပ်လပ်တင်ပြခဲ့တဲ့ တင်ပြချက်များဖြစ်ကြောင်း တွေ့ရှိရပါတယ်ရှင့်။

တစ်နည်းအားဖြင့် အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းခဲ့တဲ့ အဆို(၁၇)ခု မေးခွန်း ၄၆ ခုထဲမှာ ဆက်လက်ဆောင်ရွက်ရန် လိုအပ်တဲ့အဆို လေး ခု နှင့် မေးခွန်း ၁၃ ခုအပေါ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအခန်း(၁၁)၊ အပိုဒ် ၇၁ တွင်ဖော်ပြထားတဲ့ လွှတ်တော်တွင် ပြည်ထောင်စုအစိုးရက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကိုမည်သည့်အခြေအနေထိ ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ လွှတ်တော်သို့တင်ပြရန် သတ်မှတ်ထားချက်နှင့်အညီ အစီရင်ခံစာများကို ပြုစုတင်ပြထားပြီးဖြစ်ကြောင်းကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသိရှိပြီး ဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ အစီရင်ခံစာနှင့်ပတ်သက်လို့ ပိုမိုပြည်စုံစေမည့် အချက်တချို့ကို တင်ပြလိုပါတယ်ရှင့်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၇၁ ၊ (က) နဲ့ (ခ) မှာပါတဲ့ ကော်မတီသို့ ပေးအပ်ထားတဲ့ တာဝန်များအတိုင်း -

ကျွန်မတို့ ကော်မတီဟာ ဖြေကြားနိုင်မည့်တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍မေးမြန်းကြားနာခြင်းများလိုအပ်ပါက သက်ဆိုင်ရာဒေသများသို့ အဖွဲ့ဖြင့်ကွင်းဆင်းဆောင်ရွက်ခြင်းများ၊ ပြည်ထောင်စုအစိုးရမှ အာမခံကတိပေးတာဝန်ခံထားတဲ့အတိုင်း ထိရောက်မှန်ကန်စွာဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စိစစ်နိုင်ရေးအတွက်လိုအပ်တဲ့ ဝန်ကြီးဌာနများသို့သွားရောက်ခြင်းများကို နောင်စိစစ်ရေးလုပ်ငန်း တွေမှာ ပြည်စုံအောင်ဖြည့်သွင်း ဆောင်ရွက်သွားဖို့ ရှိပါတယ်ရှင့်။

အစီရင်ခံစာပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များအား အစိုးရအဖွဲ့သစ်ဖွဲ့စည်းပြီးနောက်ပိုင်း သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ရှေးလုပ်ငန်းစဉ်များအဖြစ်သတ်မှတ်ပြီး အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်နေကြတာကိုလည်းတွေ့ရပါတယ်ရှင့်။ ဥပမာဆိုလို့ရှိရင် ရခိုင်ပြည်နယ်အတွင်း ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလမှာ ဂီရိဆိုင်ကလုန်းမုန်တိုင်းကြောင့် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီမှုများပေးခြင်း၊ ချင်းပြည်နယ်၊ ပလက်ဝမြို့မှ မြောက်ဘက် (၂၉) မိုင်ကွာဝေးသော ကုလားတန်မြစ်နေရာတွင် တောင်ပြိုပြီးရေလမ်းပိတ်ဆို့မှုများအပေါ်တွင် (၆-၄-၂၀၁၁) နေ့တွင် ကျွမ်းကျင်ပညာရှင်အဖွဲ့စေလွှတ်ပြီး ကွင်းဆင်းစစ်ဆေးခြင်း၊ စစ်တွေမြို့သောက်သုံးရေပေးရေး စီမံကိန်းနဲ့ပတ်သက်ပြီး စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်းစတဲ့ လုပ်ငန်းဆောင်ရွက်ချက်များဟာ ပြည်သူများရဲ့ကိုယ်စားလှယ်များဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြချက်များထဲကရလဒ်အချို့ကို ထုတ်နှုတ်တင်ပြထားခြင်း ဖြစ်ပါတယ်ရှင့်။

သို့ပါ၍ ကျွန်မအနေနဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ ဥက္ကဋ္ဌဖြစ်တဲ့ ဦးဝင်းစိန်တင်ပြအဆိုပြုသွားတဲ့ အစီရင်ခံစာပါအချက်များဟာ ပြည်ထောင်စုအဆင့်အဖွဲ့အသီးသီးမှ ဆက်လက်ဆောင်ရွက်နေသော လုပ်ငန်းများဖြစ်တဲ့အတွက် ၎င်းအစီရင်ခံစာအား ထောက်ခံအဆိုပြုဆွေးနွေးတင်ပြလိုက်ရပါတယ်ရှင့်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော့်အနေနဲ့ အစိုးရရဲ့အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာအပေါ် ဆွေးနွေးသုံးသပ်အကြံပြုသွားမှာဖြစ်ပါတယ်။ ယခု ကျွန်တော်ဆွေးနွေးမယ့် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာဟာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့လိုလားချက်၊ ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုမယ့် အချက်များကို မေးခွန်းများ၊ အဆိုများဖြင့်တင်သွင်းခဲ့ပြီး ဒီတင်သွင်းချက်ထဲက ကော်မတီက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ဖြေကြားချက်ပေါ်မူတည်ပြီး အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များအဖြစ် စုစည်းအစီရင်ခံစာတင်ပြထားခြင်းဖြစ်ပါတယ်။ အစီရင်ခံစာမှာ အဆို လေးခုနဲ့ပတ်သက်ပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ ဖြေကြားချက်များ အပေါ်မှလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးချက်များအပေါ်မှလည်းကောင်း၊ ပြည်သူ့ကိုယ်စားလှယ်များမှဆွေးနွေးပြီး သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့်အဆိုကို လွှတ်တော်ကအတည်ပြုပြီး ဆုံးဖြတ်ခြင်းပြုလုပ်ခဲ့ပါတယ်။ ဒါဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၇(စ)နှင့်အညီ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းဖြစ်ကြောင်းတွေ့ရမှာဖြစ်ပါတယ်။ အစီရင်ခံစာမှာ ဖော်ပြထားတဲ့မေးခွန်း ၁၃ ခုနဲ့ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းတဲ့မေးခွန်းများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၇(ဆ)နှင့်အညီ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားချက်များကို လွှတ်တော်က မှတ်တမ်းများဖြစ်ပါ

ကြောင်းဆွေးနွေးတင်ပြအပ်ပါတယ်။ ဒါ့ကြောင့် ကော်မတီရဲ့အစီရင်ခံစာပါ မေးခွန်းများနဲ့ ပတ်သက်ပြီး နောက်ဆက်တွဲ(ခ) ပါအတိုင်းသာဖြစ်၍ သက်ဆိုင်ရာနိုင်ငံတော်အဆင့်အဖွဲ့အစည်းများကဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစီရင်ခံစာနဲ့ ပတ်သက်ပြီး သုံးသပ်အကြံပြုချက်အဖြစ် တင်ပြလိုတာကတော့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ကော်မတီရဲ့အစီရင်ခံစာပါအဆိုများ၊ မေးခွန်းများအား အချိန်မီ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၇၁(က)၊ (ခ)နှင့်အညီ ဆောင်ရွက်ကြရန်နှင့် ကော်မတီသို့ ဆောင်ရွက်ချက်များအားပေးပို့ကြပါရန် ဆွေးနွေးရင်းနိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၂း ၀၈။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၃၊ နည်းဥပဒေခွဲ(ဃ)အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့်အတည်ပြုချက်ရယူခြင်းများဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းစိန်(ကဝမဲဆန္ဒနယ်)**။ ။ မနေ့က ကျွန်တော်တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို ဒီနေ့ ကိုယ်စားလှယ်ကြီး ခြောက်ဦးကလည်း ဆွေးနွေးပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအစီရင်ခံစာနဲ့ ပတ်သက်လို့ သဘောတူအတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခု တင်သွင်းထားတဲ့အဆိုကို အတည်ပြုနိုင်ဖို့အတွက် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရဲ့အစီရင်ခံစာအား လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၂း၁၀။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ စားသုံးရန်အတွက် လွှတ်တော်အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကိုနေ့လယ် ၁နာရီ ၁၀ မိနစ်မှာပြန်လည်စတင်မှာ ဖြစ်ပါတယ်ခင်ဗျား။ ဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါသည်။]

**အခမ်းအနားမှူး။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်မစတင်မီ ကြိုတင်အသိပေးတင်ပြလိုတာလေးရှိပါတယ်။ အစည်းအဝေး ပြန်လည်စတင်တဲ့အချိန်မှာ ယမန်နေ့က ကိုယ်စားလှယ်ကြီးများတင်သွင်းထားတဲ့ အဆိုလေးခုကို ဆက်လက်ဆွေးနွေးခြင်းနဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီလို လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူခြင်းဆောင်ရွက်တဲ့နေရာမှာ လျှို့ဝှက်စက်ခလုတ်အသုံးပြုပြီးတော့ လျှို့ဝှက်ဆန္ဒပြုသည့်နည်း လမ်းနဲ့လိုအပ်ပါကလည်း အသုံးပြုဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီတော့ စက်ခလုတ်အသုံး ပြုမှုနဲ့ပတ်သက်လို့ ကိုယ်စားလှယ်ကြီးများပြန်လည်အမှတ်ရအောင် အနည်းငယ်တင်ပြလိုပါတယ်။ စက်ခလုတ်နဲ့ဆန္ဒမဲပေးတဲ့အခါမှာ တင်သွင်းလိုတဲ့အဆိုကို အတည်ပြုရန်အတွက် ထောက်ခံလိုတယ်ဆိုရင်အစိမ်းရောင်ခလုတ်၊ ကန့်ကွက်ရင်အနီရောင်ခလုတ်နဲ့ ကြားနေမယ်ဆိုရင်တော့ အဝါရောင် ခလုတ်ကိုနှိပ်ဖို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(ထ)အရ ထောက်ခံဆန္ဒမဲပေးသူ အရေအတွက်များလျှင် အတည်ပြုကြောင်းဆုံးဖြတ်ပြီးတော့ ကန့်ကွက်ဆန္ဒမဲပေးသူဦးရေများလျှင် အတည်မပြုကြောင်းဆုံးဖြတ်မှာဖြစ်ပါတယ်။ စက်ခလုတ်နှိပ်ခြင်းနဲ့ပတ်သက်လို့ ဥက္ကဋ္ဌမှ ဆန္ဒမဲပေး ကြဖို့ အသင့်ရှိစေလိုပါတယ်လို့ ကြေညာတာနဲ့ လွှတ်တော်အစည်းအဝေး ခန်းမမျက်နှာစာမှာရှိတဲ့ ဖန်သားပြင်မှာ အစိမ်းရောင်အချက်ပြမီးတန်း လင်းချီမှိတ်ချီဖြစ်လာပါတယ်။ ဒီလို ဖြစ်လာတာနဲ့ တစ်ပြိုင်တည်း ဥက္ကဋ္ဌကြီးက ဆန္ဒမဲပေးနိုင်ကြပါပြီလို့ ဖိတ်ခေါ်တဲ့အချိန်ကစပြီး အချက်ပြမီးစိမ်း လင်းချီမှိတ်ချီဖြစ်နေတဲ့ အချိန်အတွင်းမှာ မိမိဆန္ဒရှိရာစက်ခလုတ်ကိုနှိပ်ဖို့ဖြစ်ပါတယ်။ အချက်ပြ

မီးစိမ်းဟာ ဆန္ဒမဲပေးဖို့အတွက် သတ်မှတ်ထားတဲ့ စက္ကန့် ၃၀ ပြည့်တာနဲ့ငြိမ်းသွားမှာဖြစ်ပါတယ်။ ဆန္ဒမဲစက်ခလုတ်ကို မှားယွင်းပြီးတော့နှိပ်မိလို့ ပြန်လည်ပြင်ဆင်လိုတယ်ဆိုရင် အချက်ပြမီးစိမ်း ငြိမ်းမသွားမီ အချိန်အတွင်းမှာ မိမိအမှန်တစ်ကယ်ဆန္ဒမဲပေးလိုတဲ့ ခလုတ်ကိုထပ်မံနှိပ်ဖို့ ဖြစ်ပါတယ်။ အချက်ပြမီးစိမ်းငြိမ်းမသွားမီအချိန်တွင်း နောက်ဆုံးနှိပ်တဲ့ခလုတ်ဟာ ဆန္ဒမဲပေးခြင်းအတွက်အတည် ဖြစ်ပါတယ်။ စက်ခလုတ်အသုံးပြုတဲ့အချိန်မှာ ဥက္ကဋ္ဌကြီးအနေနဲ့ စောစောကရှင်းလင်းတင်ပြချက် များကိုပြန်လည်ပြောကြားခြင်းမပြုတော့ဘဲနဲ့ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်ဆိုတဲ့ အနေ အထားကနေစတင်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အစိမ်းရောင် အချက်ပြမီးတန်း လင်းလာတဲ့အချိန်ကစပြီးတော့ ဆန္ဒမဲပေးလို့ရပြီဖြစ်တဲ့အကြောင်း ဖြည့်စွက်တင်ပြ လိုပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊၁၃း၁၀။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီတစ်ပတ်ပြုလုပ်ကျင်းပတဲ့ လွှတ်တော် အစည်းအဝေးဟာ ထူးခြားမှုနှစ်ခုရှိပါတယ်။ ပထမအကြိမ်ပုံမှန် လွှတ်တော်အစည်းအဝေးဟာ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကြီးမှူးကျင်းပတဲ့ အစည်းအဝေးဖြစ်ပါ တယ်။ ဒီတစ်ပတ်အစည်းအဝေးကတော့ နံပါတ်တစ်ထူးခြားချက်က သက်ဆိုင်ရာလွှတ်တော် ဥက္ကဋ္ဌ များကခေါ်ယူပြုလုပ်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ နောက်ဒုတိယထူးခြားချက်ကတော့ ဒီအစည်းအဝေးကျင်းပတဲ့နေရာမှာ သတင်းမီဒီယာများ လာရောက်သတင်းယူမှုအတွက် ခွင့်ပြုပေးခဲ့ တဲ့ ထူးခြားမှုတစ်ခုဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ စည်းကမ်းတကျရှိဖို့၊ လုံခြုံရေး ကောင်းဖို့၊ လွှတ်တော် ကိုယ်စားလှယ်များလာရောက်တဲ့အခါမှာ သွားရေး၊ လာရေး၊ တည်းခိုနေထိုင်၊ စားသောက်ရေး အဆင်ပြေဖို့၊ ပြီးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ကိုလာရောက် တက်တဲ့အခါမှာ မိမိတို့ လွှတ်တော်ကို မိမိတို့လာတက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဂုဏ်အင်များ ထိုက်သင့်တာရှိဖို့အတွက်စဉ်းစားပြီး ကျွန်တော်တို့ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ တချို့ပြေလည်တာတွေလည်းရှိမယ်။ တချို့လည်းပြေလည်တာတွေလည်း ရှိချင်မှရှိမယ်။ ဒီနေ့ဆိုလို့ရှိရင်တော့ ဒီလွှတ်တော်လာရောက်တက်တဲ့အခါမှာ အစစ်အဆေးက လိုတာထက်ပိုပြီးတော့များတဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်ရတယ်ဆိုတဲ့ဟာကို ဒီနေ့ကြားရပါ

တယ်။ တကယ်တမ်းကျတော့ ဒီနေ့ကြားရတာမဟုတ်ပါဘူး။ ကျွန်တော် မနေ့ကတည်းက သက်ဆိုင်ရာ အဖွဲ့များနဲ့ အစည်းအဝေးမှာတင်ပြညှိနှိုင်းချက်အရ ဒီလိုဖြစ်တယ်ဆိုရင်တော့မသင့်ဘူး။ ဘယ်လို လုပ်သင့်တယ်ဆိုပြီး ကျွန်တော် မနေ့ကပြောခဲ့ပါတယ်။ သို့ရာတွင် ဒီနေ့ တစ်ခါထပ်ပြီးတော့ အဲဒီလို ကိစ္စမျိုးထပ်ဖြစ်တယ်ဆိုတာကြားရတဲ့အတွက် ကျွန်တော် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိတဲ့သူတွေ အခုပဲကျွန်တော်ပြောခဲ့ပါတယ်။ ကျွန်တော်ပြောတဲ့စကားအရင်းအတိုင်းပြောမယ်ဆိုလို့ရှိရင်တော့ လုံခြုံရေးအတွက်တာဝန်ရှိတဲ့သူတွေဟာတာဝန်ရှိတာလုပ်ပါ။ သို့ရာတွင် လိုတာထက်မပိုပါစေနဲ့၊ အဲဒီ နည်းတူပဲ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ မိမိလွှတ်တော်ကို လာရောက်တက်တဲ့အခါ မှာလည်း ဂုဏ်အင်္ဂါနဲ့အညီအဆင်ပြေစေဖို့အတွက် ဘယ်လိုလုပ်သင့်ပါတယ်လို့အကြံပြုပြီးတော့ သက်ဆိုင်ရာတာဝန်ရှိတဲ့ကော်မတီတွေ ဒီလိုပဲဆောင်ရွက်ထားရှိပါတယ်။ ကျွန်တော်တို့ကတော့ လွှတ်တော်အတွင်းမှာ အခုလိုပဲ အစည်းအဝေးလုပ်ပြီးတော့၊ ကျန်တဲ့လုံခြုံရေးကိစ္စ၊ စည်းကမ်း ထိန်းသိမ်းရေးကိစ္စကတော့ သက်ဆိုင်ရာကော်မတီကလုပ်တာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဆင်ပြေမှု၊ မပြေမှုတွေဟာ ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌမှာပဲ တာဝန်ရှိတယ်လို့ ကျွန်တော် ဒီလိုခံယူ ပါတယ်။ ဒါကြောင့်မို့လို အဆင်ပြေတာ၊ အဆင်မပြေတာများ အဆင်ပြေတာနဲ့ပတ်သက်လို့ ဘာမှ ကျွန်တော့်ဆီပြောစရာမလိုပါဘူး။ အဆင်မပြေတာများရှိလို့ရှိရင်တော့ အချိန်မရွေးသတင်းပို့ညှိနှိုင်းဖို့ ကျွန်တော့်အနေနဲ့ဖိတ်ခေါ်ပါတယ်။ တစ်ခါ စားရေး၊ သောက်ရေးနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့လွှတ်တော် များဆောင်ရွက်တဲ့အတွေ့အကြုံအရ တချို့အဆင်မပြေတာလေးတွေရှိတယ်ဆိုတဲ့အတွက် စားရေး၊ သောက်ရေး အဆင်ပြေအောင်နည်းစနစ်များ၊ လုပ်နည်းများကိုရှာကြံပြီးတော့ လုပ်ဖို့လိုအပ်တဲ့နေရာ မှာ ဒီတစ်ပတ်တနင်္လာနဲ့ အင်္ဂါမှာတော့ အပိုအလိုတွေရှိတယ်။ အဆင်မပြေဘူး။ ဒါပေမယ့် ဒီနေ့ကျတဲ့ အခါကျတော့ ဗုဒ္ဓဟူးနေ့ကျတဲ့အခါကျတော့ အဆင်ပြေပြီစသည်ဖြင့် ဒီလိုလည်းပြန်သိရတဲ့အတွက် ဒါလည်းဝမ်းမြောက်ပါတယ်။ ကျွန်တော် နှစ်ဖက်ကိုမေးပါတယ်။ တစ်ဖက်ကဘာလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ တစ်ဖက်ကချက်ပြုတ်ကျွေးမွေး စီစဉ်ပေးရတဲ့အဖွဲ့များမေးတဲ့အခါမှာ ဒီနေ့တော့အဆင်ပြေသွားပြီလို့ သိရပါတယ်။

သို့ရာတွင် အဝင်အထွက်ကိစ္စ၊ လုံခြုံရေးကိစ္စကတော့ လိုတာထက်ပိုပြီးတော့ တင်းကျပ်တဲ့ ကိစ္စမျိုးများရှိတယ်ဆိုတာကြားရတဲ့အတွက် ကျွန်တော်လိုတာတော့ ညှိနှိုင်းပြီးဖြစ်ပါတယ်။ ဒီကြားထဲ ကမှထပ်မံတွေ့ရှိလာတယ်ဆိုလို့ရှိရင် အချိန်မရွေးကျွန်တော်တို့ဆီ သတင်းပို့ညှိနှိုင်းလို့ရပါတယ်။ ဒီနေရာမှာ ခုနကကျွန်တော်သုံးစွဲသွားတဲ့စကားရှိပါတယ်။ ဒီနေ့လည်း လွှတ်တော်ကိုယ်စားလှယ်

တစ်ဦးကနေတင်ပြသွားတာရှိပါတယ်။ တစ်ဦးဆိုတဲ့နေရာမှာ အားလုံးနည်းနည်း နည်းနည်းပြောသွားတယ်ဆို သုံးဦးလောက်ရှိပါတယ်။ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာ၊ ဂုဏ်အင် များလည်းရှိဖို့လိုပါတယ်။ အဲဒီ ဂုဏ်သိက္ခာ၊ ဂုဏ်အင်များက ဘယ်မှာတည်သလဲဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များပေါ်မှာပဲတည်ပါတယ်။ ကျွန်တော်တို့ရဲ့ အနေအထိုင်၊ အပြုအမူ၊ အပြောအဆို ပြီးတဲ့အခါမှာ ကျွန်တော်တို့ကိုပေးထားတဲ့ အခြေအနေ၊ အခွင့်အလမ်းတွေပေါ်မှာတည်ပါတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့ရဲ့စေတနာနဲ့ အရည်အချင်းတွေပေါ်မှာလည်း တည်ပါတယ်။

ဒါကြောင့်မို့လို့ ခုနကတင်ပြဆွေးနွေးသွားသလို ဂုဏ်အင်များပြည့်စုံဖို့ဆိုရင် ကျွန်တော်တို့ဘက်က၊ လွှတ်တော်ကိုယ်စားလှယ်များဘက်က မိမိလွှတ်တော်ရဲ့ ဂုဏ်၊ မိမိရဲ့ဂုဏ်၊ မိမိလွှတ်တော်ရဲ့ ဂုဏ်သိက္ခာရရှိရေးအတွက် ဆောင်ရွက်နေရမှာဖြစ်သလို ကျွန်တော်တို့ဘက်က တာဝန်ရှိတဲ့သူတွေကလည်း၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ရရှိမယ့်လုပ်ပိုင်ခွင့်များ၊ အခွင့်အရေးများကိုလည်း အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးမယ်ဆိုတဲ့အကြောင်း အစည်းအဝေးမစခင် ကျွန်တော် ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

**ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်၏ “ရင်းနှီးမြှုပ်နှံမှုစရိတ်ကျဆင်းစေရန် သွင်းကုန်များနှင့် ပို့ကုန်တိုးတက်ပြီး စီးပွားရေးတိုးနှုန်းမြင့်မားမြန်ဆန်ရန် ပို့ကုန်ခွန်များကိုလုံးဝဖယ်ရှားသွားရေး” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၃း ၂၀။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးဒုတိယနေ့မှာ တင်သွင်းထားတဲ့ **“ရင်းနှီးမြှုပ်နှံမှုစရိတ်ကျဆင်းစေရန် သွင်းကုန်များနှင့် ပို့ကုန်တိုးတက်ပြီး စီးပွားရေးတိုးတက်နှုန်း မြင့်မားမြန်ဆန်ရန် ပို့ကုန်ခွန်များကို လုံးဝဖယ်ရှားသွားရေး”**အဆိုနဲ့ စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်သုံးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်အား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးမောင်လှ(ခ)ဦးလှမြင့်(ပုလောမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြား၍တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်၊

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်လှ(ခေါ်)ဦးလှမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် တင်သွင်းထားတဲ့ရင်းနှီးမြှုပ်နှံမှုစရိတ်ကျဆင်းစေရန် သွင်းကုန်များနှင့်ပို့ကုန်တိုးတက်ပြီး၊ စီးပွားရေးတိုးတက်နှုန်းမြင့်မားမြန်ဆန်ရန် ပို့ကုန်ခွန်များကို လုံးဝဖယ်ရှားသွားရေးအဆိုနဲ့ပတ်သက်ပြီး အကြံပြုဆွေးနွေးခွင့်ပြုပါခင်ဗျား။

ကျွန်တော်ဟာ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းရေပြင်မှာ ငါး၊ ပုစွန်များကို ကိုယ်ပိုင်ဖမ်းဆီးပြီး၊ ကမ်းနီးငါးဖမ်း ရေလုပ်သားများဆီမှ ငါး၊ ပုစွန်များဝယ်ယူ ထုတ်လုပ်သည့် ကုန်ချောအဖြစ်ပြည်ပသို့တင်ပို့ရောင်းချနေသော ပို့ကုန်လုပ်ငန်းရှင်တစ်ဦးဖြစ်ပါတယ်။ ကျွန်တော်ဟာ ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းကို ၁၉၉၁ ခုနှစ်မှစတင်ပြီးပို့ခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်မှာ နိုင်ငံတော်မှ ပို့ကုန်လုပ်ငန်းတန်ဖိုးအပေါ် ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်ရဲ့လိုအပ်ချက်အရကောက်ခံခဲ့ပါတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူများအတွက် ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ လမ်းတံတားများပြုလုပ်ရန်အတွက် အခွန်အခ ၁၀ ရာခိုင်နှုန်း ကောက်ခံတယ်လို့ခံယူပြီးတော့ ကျွန်တော့်အနေနဲ့ဆောင်ခဲ့တာ ဒီနေ့အထိဆို ကျွန်တော်တို့ ၁၂ နှစ်ကျော်ရှိခဲ့ပါပြီ။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ပို့ကုန်လုပ်ငန်းမှရရှိတဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းဟာ ၂၀၁၁ ခုနှစ်မှာ ကျဆင်းလာပါတယ်။ ကျွန်တော်တို့ရဲ့ ပို့ကုန်လုပ်ငန်းရှင်များအခက်အခဲနဲ့ အနည်းငယ်ရင်ဆိုင်ရပါတယ်။ ဒါကို ပြည်ထောင်စုအစိုးရအနေနဲ့ ပို့ကုန်လုပ်ငန်းရှင်များရဲ့အခက်အခဲကို တစ်ဖက်တစ်လမ်းက ဝန်ထုပ်ဝန်ပိုးပေါ့ရန်အတွက် ၂၀၁၁ ခုနှစ် ဇူလိုင်လမှာ သုံးရာခိုင်နှုန်းလျှော့ပြီးတော့ ၁၀ ရာခိုင်နှုန်းကနေပြီးတော့ ခုနှစ်ရာခိုင်နှုန်းဆောင်ရပါတယ်။ ဒါကလည်း ကျွန်တော်တို့ရဲ့ ပို့ကုန်လုပ်ငန်းရှင်များဟာ နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားဟာ တစ်နှစ်ပြီးတစ်နှစ် ကျဆင်းလာသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရကနေပြီးတော့ ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၁ဖြင့် ကုန်ပစ္စည်း ၇ မျိုးကို ပို့ကုန်အခွန်ကင်းလွတ်ခွင့်ပြုခဲ့ပါတယ်။ ပြုခဲ့တာလည်း ကျွန်တော်တို့ ကုန်သွယ်ခွန် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)အရပြုခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီခုနှစ်မျိုးကတော့ (၁) ဆန်၊ (၂) ပဲမျိုးစုံ၊ (၃) ပြောင်း၊ (၄) နှမ်း၊ (၅) ရော်ဘာ၊ (၆) ရေချိုု ရေငန်ထွက်ပစ္စည်းထုတ်လုပ်ရေး၊ (၇) တိရိစ္ဆာန်နဲ့တိရိစ္ဆာန်ထွက်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်း များမှအပ အဲဒီ ၇ မျိုးကို ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့အထိ ခြောက်လတာကာလ ကျွန်တော်တို့ကို ကင်းလွတ်ခွင့်ပြုလိုက်ခြင်းဖြစ်ပါတယ်။ အဲလို ကင်းလွတ်ချက်

ပြုလိုက်တာလည်း ကျွန်တော်တို့ရဲ့ ကုန်ပစ္စည်းခုနှစ်မျိုးဟာ ပို့ကုန်လုပ်ငန်းရှင်အများစုမှ လုပ်ကိုင်တဲ့ ပစ္စည်းများဖြစ်သလို တချို့သောပို့ကုန်များအပေါ်မှာ အခွန်ကင်းလွတ်ခြင်းမရှိခဲ့တာကိုလည်းသိခဲ့ပါတယ်။ ဒါကိုယ်စားလှယ်ကြီး ဦးကြည်မြင့်အနေနဲ့တင်ပြတဲ့ကိစ္စကို ကျွန်တော့်အနေနဲ့တော့ ကျွန်တော် ပို့ကုန်လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ပို့ကုန်အခွန်လုံးဝဖယ်ရှားရေးဆိုတာ ကျွန်တော့်အနေနဲ့တော့ ဝမ်းသာပါတယ်။

သို့သော်လည်း ကျွန်တော်တို့ဟာ နိုင်ငံတိုင်းမှာ အခွန်အခနဲ့ရပ်တည်နေတာ ကိုယ်စားလှယ်ကြီး ဦးကြည်မြင့် လည်းသိပါတယ်။ နောက်ကိုယ်စားလှယ်ကြီး ဦးကြည်မြင့်တင်ပြသွားတဲ့ အာဆီယံနိုင်ငံများမှာ ပို့ကုန်လုပ်ငန်းဟာမယူဘူး။ ပို့ကုန်လုပ်ငန်းဟာ သုညဆိုသော်လည်း အာဆီယံနိုင်ငံများမှာ ပို့ကုန်ပေါ်မှာ အခွန်မယူပေမယ့် အခြားအခြားသော အခွန်အမြောက်အများဆောင်နေရတာကိုလည်း ကိုယ်စားလှယ်ကြီးအသိဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က အဲဒီပို့ကုန်လုပ်ငန်းများနဲ့ပတ်သက်ပြီး ဒီကုန်များအပေါ်မှာ နိုင်ငံတော်ကနေပြီးတော့ လက်ရှိပြည်ထောင်စု အစိုးရမှအခွန်အခများကို ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်များကိုလည်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ နောက်အခွန်အခများနဲ့ ပတ်သက်ပြီးတော့ ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အမြတ်ခွန်များ ဥပဒေကိုလည်း ပယ်သင့်တာပယ်၊ လျှော့သင့်တာလျှော့ ပြည်ထောင်စုအစိုးရကလုပ်နေဆဲကိစ္စဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ရဲ့ အခွန်ကိစ္စနဲ့ပတ်သက်ပြီး လက်ရှိသက်သာခွင့်ပြုထားခြင်းအခြေအနေကို အချိန်အတိုင်းအတာတစ်ခုအထိ စောင့်ကြည့်ပြီးမှ ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုသင့်၊ မပြုသင့် စဉ်းစားဆုံးဖြတ်သင့်ပါတယ်။ ဒါ့ကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်မြင့်ရဲ့ ပို့ကုန်အခွန်များကို လုံးဝဖယ်ရှားသွားရေးအဆိုကို တင်သွင်းရန်မသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ အလေးအနက် အကြံပြုတင်ပြဆွေးနွေးလိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် တင်သွင်းထားတဲ့ ရင်းနှီးမြှုပ်နှံမှုစရိတ်ကျဆင်းစေရန် သွင်းကုန်များနှင့်ပို့ကုန်တိုးတက်ပြီး စီးပွားရေးတိုးနှုန်းမြင့်မားမှန်ကန်မြန်ဆန်ရန် ပို့ကုန်ခွန်များလုံးဝဖယ်ရှားသွားရေးအဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ ကျွန်တော့်အနေနဲ့ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအကျိုး၊ နိုင်ငံတော်ရဲ့အကျိုးကို ရှေးရှုပြီးတော့ ဒီအဆိုကို တင်သွင်းတဲ့ ဦးကြည်မြင့်အား လေးစားပါကြောင်းပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်လက်ဆွေးနွေးလိုတာကတော့ ဒီ ပို့ကုန်အခွန်ဆိုတဲ့နေရာမှာ နှစ်ပိုင်းပါရှိကြောင်း ကျွန်တော်တင်ပြပြီးဆွေးနွေးလိုပါတယ်။ ပို့ကုန်အခွန်ဆိုတာ တကယ်တမ်းကြတော့ ကုန်သွယ်လုပ်ငန်းခွန် ရှစ်ရာခိုင်နှုန်းနှင့် ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း ပေါင်းပြီးတော့ ၁၀ ရာခိုင်နှုန်း ကောက်ခံထားခြင်းဖြစ်ကြောင်းတင်ပြလိုပါတယ်။ အဲဒီမှာပါရှိတဲ့ အခွန်နှစ်မျိုးအနက် တစ်မျိုးစီ သီးခြားစဉ်းစားသွားဖို့လိုကြောင်းလည်း ဆွေးနွေးတင်ပြလိုပါတယ်။

ပို့ကုန်ခွန်ဆိုတဲ့နေရာမှာ ကုန်သွယ်လုပ်ငန်းခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုတဲ့နေရာမှာ ကုန်သွယ်လုပ်ငန်းခွန်ဆိုတာက တကယ်တမ်းကြတော့ စားသုံးသူကပေးဆောင်ရန် Consumer Tax ဖြစ်ပါတယ်။ စားသုံးသူကပေးဆောင်ရန်တာဝန်ရှိတဲ့ Consumer Tax ကို Indirect Taxation လုပ်ပြီးတော့ ကျွန်တော်တို့ ရောင်းချသူကနေပြီးတော့ ကောက်ခံပေးရတဲ့အခွန်ဖြစ်ပါတယ်။ အခွန်မှာ ကျွန်တော်တို့ Indirect Taxation လုပ်နေတဲ့ဟာမှာ တကယ်တမ်းကျတော့ နှစ်မျိုးနှစ်စားရှိပါတယ်။

တစ်မျိုးကတော့ လက်ရှိကျွန်တော်တို့နိုင်ငံမှာကျင့်သုံးနေတဲ့ ကုန်သွယ်လုပ်ငန်းခွန် Commercial Tax ဖြစ်ပြီးတော့ နောက်တစ်မျိုးကတော့ တချို့နိုင်ငံများမှာ ပြောင်းလဲကျင့်သုံးလာပြီဖြစ်တဲ့ Value Added tax ဖြစ်ပါတယ်။ တန်ဖိုးမြှင့်အခွန်ဖြစ်ပါတယ်။ အဲဒီနှစ်မျိုးနဲ့ ကျွန်တော်တို့က နိုင်ငံတကာမှာ စားသုံးသူတွေဆီကနေပြီးတော့ Indirect Taxation ကို ကောက်ခံလျက်ရှိပါတယ်။ ဒီနှစ်မျိုးနဲ့ကောက်ခံနေတဲ့နေရာမှာ ကုန်သွယ်လုပ်ငန်းခွန်ကို ကျင့်သုံးတဲ့နိုင်ငံတွေမှာတော့ တချို့နိုင်ငံတွေမှာ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းကို ကုန်ပစ္စည်းထုတ်လုပ်သော နေရာ (သို့မဟုတ်) Retail Selling နောက်ဆုံး Consumerသို့ ရောင်းချသောနေရာ တစ်နေရာတည်းမှာပဲ ကောက်ခံတာကိုတွေ့ရှိရပါတယ်။ အကြိမ်ကြိမ်ကောက်ခံခြင်းမပြုပါဘူး။ Whole Sale လက်ကားရောင်းချခြင်းပြုလုပ်တဲ့နေရာတွေကိုလည်း ကောက်ခံခြင်းမပြုပါဘူး။ နောက်ဒီလို ကောက်ခံတဲ့နေရာမှာ ရောင်းချတဲ့သူသည် မိမိဆီကဝယ်ယူသောသူအား ဆုံးဖြတ်ပေးဖို့တာဝန်ရှိလာပါတယ်။ မိမိဆီမှာ လာရောက်

ဝယ်ယူတဲ့သူသည်သုံးစွဲသော Consumer သို့မဟုတ် ပြန်လည်ရောင်းချသူဖြစ်ကြောင်း ဆုံးဖြတ်ပြီး တော့မှ မိမိဟာ Tax ကောက်သင့်၊ မကောက်သင့် ဆုံးဖြတ်ရတာ ဖြစ်လာရတဲ့အတွက်ကြောင့်မို့လို့ ရှုပ်ထွေးမှု ရှိလာတာကို တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ တချို့နိုင်ငံတွေမှာတော့ ပိုမိုရှင်းလင်းလွယ်ကူတဲ့ Value added Tax ဆိုပြီးတော့ ကောက်ခံတာကိုပြုလုပ်ပါတယ်။ Value added Tax ကတော့မြင့်လာတဲ့ တန်ဖိုး ပေါ်မှာပဲ အခွန်အဆင့်ဆင့်ကောက်ခံပြီးတော့သွားခြင်းအားဖြင့် ပိုမိုလွယ်ကူတဲ့အခွန်စနစ်ဖြစ်တယ် ဆိုပြီးတော့ တချို့နိုင်ငံတွေမှာတော့ ကျင့်သုံးတာရှိပါတယ်။ ကျွန်တော်တို့ လက်ရှိ မြန်မာနိုင်ငံမှာ ကတော့ ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax)ကိုပဲ ကျင့်သုံးပြီးတော့ Indirect Taxation ကို ပြုလုပ်နေပါတယ်။ အဲဒီလိုပြုလုပ်တဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံကတော့ လက်ရှိကျင့်သုံးနေတဲ့ အနေအထားက ပထမဖော်ပြသွားတဲ့ နှစ်မျိုးစလုံးရဲ့ အနေအထားကိုပေါင်းစပ်ပြီးတော့ ကျင့်သုံး နေတယ်လို့ ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ ရောင်းဝယ်မှုပြုလုပ်ရာနေရာတိုင်း မှာဖြစ်ပေါ်လာတဲ့ ရောင်းကုန်တန်ဖိုးပေါ်မှာ ငါးရာခိုင်နှုန်း တွက်ချက်ပြီးတော့မှ ကုန်သွယ်လုပ်ငန်းခွန်ကို ဖြစ်ပေါ် တဲ့နေရာတိုင်းမှာကောက်ခံဖို့ ပထမအဆင့်သတ်မှတ်ပါတယ်။ နောက်တစ်ဆင့်ကတော့ ဒုတိယ အဆင့်ဖြစ်တဲ့ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်တဲ့သူကိုတော့ ပထမအဆင့်မှာ ပေးဆောင်ပြီးသား အခွန်ကို ပြန်လည်ခုနှိမ်ခွင့်ပေးပြီးတော့မှ ပေးဆောင်စေခြင်း၊ အဆင့်ဆင့်ခုနှိမ်ပြီးတော့ ပေးဆောင် စေခြင်းစနစ်နဲ့ ကောက်ခံတယ်လို့ ကျွန်တော်လေ့လာသိရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကောက်ခံ တဲ့စနစ်ကတော့ တချို့နိုင်ငံတွေမှာ ကျင့်သုံးနေသော ကုန်သွယ် လုပ်ငန်းခွန်နှင့် Value added Tax ပုံစံနှစ်မျိုးပေါင်းပြီးတော့ ကောက်ခံနေတာတွေတွေ့ရှိရပါတယ်။ ကုန်သွယ်လုပ်ငန်းခွန် Indirect Taxation Consumer Tax ဆိုတဲ့ အဓိပ္ပာယ်ကတော့ စားသုံးသူကို တိုက်ရိုက်ရောင်းချတဲ့အချိန်မှာ ကောက်ခံရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံမှာလည်းပဲ ကောက်ခံတဲ့စနစ်အရ Export မလုပ်ခင်မှာကုန်သွယ်လုပ်ငန်းခွန်တွေအားလုံးသည် အဆင့်ဆင့်ပေးဆောင်ထားပြီးသား ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒီ Export လုပ်တဲ့အချိန်မှာ ပေးဆောင်ရသောကုန်သွယ်လုပ်ငန်း ခွန်ကို လျှော့ပေါ့ပေးခြင်းသည် လိုအပ်ကြောင်း တင်ပြလိုပါတယ်။ တချို့နိုင်ငံတွေမှာတော့ Consumer Tax ကို ကောက်ထားပြီးသော်လည်းပဲ ဒီ Consumer Tax က မိမိနိုင်ငံသားတွေအတွက် ကောက်ခြင်း ဖြစ်လို့ ကျွန်တော်တို့ စင်္ကာပူ၊ ယိုးဒယားနိုင်ငံတွေသွားတဲ့အခါမှာ ပြန်လည်ပြီးတော့ ပြည်ပကို ပြန်လည်ထွက်ခွာသွားလို့ရှိရင် Refund အနေနဲ့ GST refund ပြန်ပြီးတော့ပေးပြီးတော့ ဆွဲဆောင်

တာမျိုးတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် တင်ပြလိုတာက ဒီ Export လုပ်တဲ့နေရာမှာ ဆွဲဆောင်နိုင်အောင်လို့ ကုန်သွယ်လုပ်ငန်းခွန်ကို လျှော့ပေါ့စဉ်းစားနိုင်ဖို့တင်ပြလိုပါတယ်။ တစ်ဆက်တည်းမှာပဲ ကုန်သွယ်လုပ်ငန်းခွန်ကို လျှော့ပေါ့စဉ်းစားမယ့်အခါမှာ ကျွန်တော်တို့နိုင်ငံသည် နှစ်ပေါင်းများစွာ ဒီကုန်သွယ်လုပ်ငန်းခွန်ကိုကောက်ခံပြီးတော့ နိုင်ငံတော်ရဲ့ Budget ကိုရပ်တည်နေရတဲ့အနေအထားရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ပြည်ထောင်စုအစိုးရအဖွဲ့က ကုန်သွယ်လုပ်ငန်းခွန်ကိစ္စကို လျှော့ပေါ့ဖို့စဉ်းစားပြီးတော့ တစ်ဖက်မှာလည်း စဉ်းစားလာခဲ့တာတွေ့ရပါတယ်။ စဉ်းစားတဲ့အတိုင်းလည်းပဲလျှော့ပေါ့မှုကို ကုန်ပစ္စည်းခုနှစ်မျိုးပေါ်မှာစတင်ပြီးတော့ ခွင့်ပြုထားပေးခဲ့ပြီးဖြစ်ပါတယ်။ တစ်ဖက်မှာတော့ မိမိနိုင်ငံရဲ့ Budget ရရှိရေးအတွက်ကို ချန်ထားသင့်ချန်ထားနိုင်သေးသောလုပ်ငန်းရပ်များကိုတော့ ချန်ထားပြီးတော့ပေးသင့်ပေးထိုက်သော အရေးကြီးသောလုပ်ငန်းများ ကုန်သွယ်မှုပြိုင်ဆိုင်ရန်လိုအပ်သောလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် သွားရောက်အခက်အခဲဖြစ်နေသောလုပ်ငန်းများကို စိစစ်ပြီးတော့ခွင့်ပြုပေးထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကုန်သွယ်လုပ်ငန်းခွန်လျှော့ပေါ့ရေးစဉ်းစားတဲ့နေရာမှာ လုံးဝဖယ်ရှားရေးအနေနဲ့ မစဉ်းစားဘဲနဲ့ ယခုလက်ရှိခွင့်ပြုပေးထားတဲ့ ကုန်ပစ္စည်းခုနှစ်မျိုးကိုခြောက်လခွင့်ပြု ပေးထားတာတွေ့ရပါတယ်။ ဒါ ကာလအကန့်အသတ်နဲ့ ခွင့်ပြုထားခြင်းဖြစ်ပါတယ်။ လက်ရှိခွင့်ပြုပေးထားတဲ့ ကုန်ပစ္စည်းများဟာလည်းပဲ နိုင်ငံတကာဈေးကွက်မှာ တကယ်ပြိုင်ဆိုင်ပြီးတော့ ရောင်းချဖို့ဈေးကွက်အရလိုအပ်ချက်ဖြစ်နေတဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခြောက်လအစား မနေ့က ဦးကြည်မြင့်ဆွေးနွေးသွားတဲ့အထဲမှာလည်းပါပြီးဖြစ်ပါတယ်။ ကာလအကန့်အသတ် ပယ်ဖျက်ပြီးတော့ ဒီကုန်ပစ္စည်းခုနှစ်မျိုးကို Commercial Tax ကင်းလွတ်ခွင့်ပြုဖို့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။

နောက်တစ်ဖက်ကတော့ Commercial Tax ကို ကျွန်တော်တို့နိုင်ငံက နှစ်ပေါင်းများစွာ မှီခိုပြီးတော့နေလာခဲ့ရတဲ့အတွက်ကြောင့်လည်း လက်ရှိအနေအထားမှာ ထိုက်သင့်သလောက်လျှော့ပေါ့ပေးထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျန်တဲ့နိုင်ငံအတွက် မလျှော့ပေါ့သေးနိုင်တဲ့ Commercial Tax များကိုလည်းပဲ ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့ နားလည်လက်ခံပေးဖို့ ဆွေးနွေးလိုပါတယ်။ နောက်တစ်ခုကတော့ အကယ်၍ ကျန်ရှိနေသောကုန်ပစ္စည်းအမျိုးအစားများထဲမှ လိုအပ်ချက်ရှိ၍ တင်ပြလာလို့ရှိရင် နိုင်ငံတော်ရဲ့အခွန်ရရှိမှုအနေအထား၊ ပို့ကုန်လုပ်ငန်းရှင်များရဲ့ ဈေးကွက်ပြိုင်ဆိုင်မှုအနေအထားဆောင်ရွက်နိုင်မှု၊ ထုတ်လုပ်သူလုပ်ငန်းရှင်များရဲ့ ထုတ်လုပ်နိုင်မှု အနေအထား ပေါ်မှာ

သုံးသပ်ပြီးတော့ ထပ်မံခွင့်ပြုပေးနိုင်ရင်ခွင့်ပြုပေးဖို့ စဉ်းစားပေးဖို့လည်းပဲ အကြံပြုဆွေးနွေး လိုပါတယ်။

နောက်တစ်ပိုင်းကတော့ ဒုတိယအပိုင်းအနေနဲ့ Income Tax နှစ်ရာခိုင်နှုန်းကိစ္စ ကျွန်တော် ဆက်လက်ဆွေးနွေးလိုပါတယ်။ Income Tax နှစ်ရာခိုင်နှုန်းကတော့ ကျွန်တော်တို့နိုင်ငံမှာ စီးပွားရေးလုပ်ငန်းဆောင်ရွက်တဲ့ စီးပွားရေးကုမ္ပဏီများ အဖွဲ့အစည်းများအားလုံးသည် မိမိ၏ဝင်ငွေ ရရှိသည့်အပေါ်တွင် အသားတင်ဝင်ငွေရရှိသည့်အပေါ်တွင် ၃၀ ရာခိုင်နှုန်း နိုင်ငံတော်သို့အခွန်ပေး ဆောင်ရန်တာဝန်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ကလည်းပဲ ဒီအခွန်ရရှိမှသာလျှင် တိုင်းပြည်ရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များ လိုအပ်သည့်ကိစ္စရပ်များကို ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီ ပို့ကုန်အခွန်မှာပါရှိတဲ့ Income Tax ဝင်ငွေခွန်ကိုတော့ လျှော့ပေါ့မပေးသင့်ကြောင်းတင်ပြဆွေးနွေး လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် နိဂုံးချုပ်အနေနဲ့ဆွေးနွေးတင်ပြရလျှင် ဦးကြည်မြင့်ရဲ့ တင်ပြခဲ့တဲ့အဆိုမှာပါရှိတဲ့ ပို့ကုန်ဝင်ငွေများလုံးဝဖယ်ရှားရေးအစား လက်ရှိခွင့်ပြုထားပြီးသော ပထမအချက်နှင့် လက်ရှိခွင့်ပြုထားပြီးသော ပို့ကုန်အခွန်များအားခြောက်လအစား ကာလအပိုင်း အခြားပယ်ဖျက်ပြီး ဆက်လက်ခွင့်ပြုပေးသွားရေးနှင့် အခြားမရရှိသေးသော ပို့ကုန်များကိုလည်းပဲ သက်ဆိုင်ရာလုပ်ငန်းရှင်များမှ တင်ပြလာသောအခါတွင် အခြေခံမူများနှင့်စဉ်းစားပြီး ထပ်မံတိုးချဲ့ ခွင့်ပြုပေးသွားနိုင်ရေး လုံးဝဖယ်ရှားရေးမဟုတ်ဘဲနဲ့ အကျိုးအကြောင်းသုံးသပ်ပြီးတော့မှ ထပ်မံခွင့်ပြု ပေးသွားနိုင်ရေးအဆိုနှင့် အမြတ်ခွန်နှစ်ရာခိုင်နှုန်းကိုတော့ သက်သာခွင့်မပြုဖို့ အဲဒီအဆိုလေးပြောင်း လဲပြီးတော့တင်ဖို့ ဦးကြည်မြင့်ကို ကျွန်တော့်အနေနဲ့မေတ္တာရပ်ခံလိုပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွဋ်တင်၊ ဖာဆောင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရဲထွဋ်တင်(ဖာဆောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ဖိတ်ကြားထားသောဧည့်သည်တော်များ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဖာဆောင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်တင် ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ဟာလည်း သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကိုဆောင်ရွက်နေတဲ့ ပို့ကုန် လုပ်ငန်းရှင်တစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လသာမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်မြင့်က တင်သွင်းသော ရင်းနှီးမြှုပ်နှံမှုစရိတ်ကျဆင်းစေရန် သွင်းကုန်များနှင့်

ပို့ကုန်တိုးတက်ပြီး စီးပွားရေးတိုးနှုန်းမြင့်မားမြန်ဆန်ရန် ပို့ကုန်ခွန်များကို လုံးဝဖယ်ရှားသွားရေး အဆိုကို အပြုသဘောနဲ့ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရရဲ့ ဘတ်ဂျက်အသုံးစရိတ်နဲ့ ပြည်နယ်တိုင်းဒေသကြီး အစိုးရများရဲ့ဘတ်ဂျက်အသုံးစရိတ်တွေမှာ လိုငွေများပြသလျက်ရှိပါတယ်။ လိုအပ်ငွေပမာဏဟာလည်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အသားတင်လိုအပ်ငွေ ၂၂၀၁.၄၅၀ ဘီလီယံကျပ်အထိရှိတယ်ဆိုတာ မနေ့ကကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေး ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာမှာဖော်ပြထားတာ လွှတ်တော်ကိုယ်စားလှယ်များအားလုံးအသိပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံဖွံ့ဖြိုးမှုအခြေအနေချင်းမတူကြပါဘူး။ တူညီတာကတော့ ဘယ်နိုင်ငံမဆို အခွန်ငွေရရှိမှုကို အဓိကထားပြီး ရပ်တည်နေကြပါတယ်။ မကြာမီကာလကပဲ နိုင်ငံတော်အစိုးရက ပင်စင်စားများကို ပင်စင်လစာငွေများတိုးပေးခြင်း၊ ပို့ကုန်ခွန်များကို သုံးရာခိုင်နှုန်းလျှော့ချပေးခြင်းအပြင် အဓိကပို့ကုန်တွေဖြစ်တဲ့ ဆန်အပါအဝင် ပို့ကုန်ခုနှစ်မျိုး၊ ပုဂ္ဂလိကလက်ခစားလုပ်ငန်းမှရရှိသည့် နိုင်ငံခြားငွေ၊ ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်ပနေနိုင်ငံသားများက နိုင်ငံခြားငွေဖြင့်ရရှိသော လစဉ်၊ လစာခေါင်းစဉ်မှ ရရှိငွေများအား ကာလသတ်မှတ်၍ ပို့ကုန်ကင်းလွတ်ခွင့်ပေးထားခြင်းများကို ဆောင်ရွက်ပေးခဲ့ ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဘတ်ဂျက်အခက်အခဲများကြားက ဆောင်ရွက်ပေးခဲ့တဲ့အတွက် ကျွန်တော်အပါအဝင် ပြည်သူများက ဝမ်းမြောက်စွာကြိုဆိုကြပါတယ်။ သက်ဆိုင်ရာပို့ကုန်လုပ်ငန်းရှင်များလည်း ဈေးကွက်ယှဉ်ပြိုင်နိုင်မှု ပိုမိုရရှိလာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြားအာဆီယံနိုင်ငံများမှာ ပို့ကုန်ခွန်မကောက်ခံသော်လည်း အခြားအခွန်အခများပိုမိုရရှိတဲ့အတွက် အခွန်ရရှိနှုန်းဟာ GDP ရဲ့ ၁၀ ရာခိုင်နှုန်းအထက်ရှိပါတယ်။ လက်ရှိအနေအထားအရ မြန်မာနိုင်ငံရဲ့အခွန်ငွေရရှိမှုနှုန်းဟာ GDP ရဲ့ သုံးရာခိုင်နှုန်းကျော်ခန့်သာရှိပါတယ်။ ပို့ကုန်ခွန်အပြင် အခြားအခွန်အခများ ပြည့်ဝစွာရရှိရေးအတွက် အခွန်ထမ်းပြည်သူများနားလည်လက်ခံပြီး ကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ်ရောက်ရှိအောင် ဆောင်ရွက်ဖို့အတွက်အချိန်ပေးရဦးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတိုင်းမှာ နိုင်ငံ့ရဲ့လိုအပ်ချက်အရလည်းကောင်း စီးပွားရေးမဟာဗျူဟာအရလည်းကောင်း၊ ကန့်သတ်ထားတဲ့ကုန်ပစ္စည်းများရှိပါတယ်။ ဒါ့ကြောင့် ပို့ကုန်အားလုံးကို ပို့ကုန်ခွန်ကင်းလွတ်ခွင့်ပေးရန် အခက်အခဲရှိနိုင်ပါတယ်။ အခွန်ကိစ္စများဟာ နိုင်ငံတိုင်းရဲ့ သတိထားကိုင်တွယ်ရမယ့် သိမ်မွေ့ခက်ခဲတဲ့ကိစ္စရပ်လည်းဖြစ်ပါတယ်။ ပို့ကုန်ခွန်

လုံးဝဖယ်ရှားရေးကို လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ လိုလားသော်လည်း နိုင်ငံတော်ရဲ့ အခက်အခဲများနဲ့ ပကတိအခြေအနေများကို နားလည်လက်ခံရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်တင်သွင်းတဲ့ ရင်းနှီးမြှုပ်နှံမှုစရိတ်ကျဆင်းစေရန် သွင်းကုန်များနှင့်ပို့ကုန်တိုးတက်ပြီး စီးပွားရေးတိုးနှုန်းမြင့်မားမြန်ဆန်ရန် ပို့ကုန်ခွန်များကိုလုံးဝဖယ်ရှားသွားရေးအဆိုဟာ ဆောင်ရွက်သင့်တဲ့ကိစ္စမှန်သော်လည်း နိုင်ငံတော်ရဲ့လက်ရှိပကတိအရှိတရားအရ ပို့ကုန်ခွန်များလုံးဝဖယ်ရှားရေးသည် သင့်မြတ်လျော်ကန်မှုမရှိသေးပါကြောင်း လေးစားစွာဖြင့် ဆွေးနွေးအကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

## ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်၏အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်ရဲ့ ရင်းနှီးမြှုပ်နှံမှုစရိတ် ကျဆင်းစေရန် သွင်းကုန်များနှင့် ပို့ကုန်တိုးတက်ပြီး စီးပွားရေးတိုးနှုန်းမြင့်မား မြန်ဆန်ရန်ပို့ကုန်ခွန်များအားလုံး လုံးဝဖယ်ရှားသွားရေးအဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်အား ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း ၄၆။**

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ခုနတင်ပြဆွေးနွေးခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်ကျဆင်းပြီး ပိုမိုတိုးတက်ပြီး စီးပွားရေးတိုးတက်နှုန်းမြင့်မားမြန်ဆန်ရန် ပို့ကုန်သွင်းကုန်အခွန်များကို လုံးဝဖယ်ရှားသွားရေးအဆိုနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်အသီးသီးလည်း ဆွေးနွေးပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးအနေနဲ့ ရှင်းလင်းတင်ပြဆွေးနွေးမှုများ ဆက်လက်တင်ပြလိုပါတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ဆောင်ရွက်တဲ့နေရာမှာ စီးပွားရေးဆိုင်ရာမူဝါဒအပြင် အခွန်ဆိုင်ရာမူဝါဒတွေနဲ့လည်း ချိန်ဆပြီးဆောင်ရွက်ပေးရတာရှိပါတယ်။ အခွန်မူဝါဒမှာအခွန်ကောက်ခံခြင်းဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်မှုရရှိအောင် ဆောင်ရွက်ရေး ဆိုတဲ့

အချက်တစ်ချက်ပါဝင်ပါတယ်။ ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူဦးရေ ၇၀ ရာခိုင်နှုန်းလောက်က စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်ပြီး အဲဒီကရရှိတဲ့လုပ်ငန်းများရဲ့ဝင်ငွေတွေ ပိုမိုရရှိခြင်းအားဖြင့် တစ်မျိုးသားလုံးရဲ့ အသားတင်ထုတ်လုပ်မှုတန်ဘိုး တိုးတက်လာတာ တင်မက တစ်ဦးကျဝင်ငွေတွေတိုးတက်လာစေရေးအတွက် ပြည်ပပို့ကုန်တိုးမြှင့်ရေးကိုအားပေးတဲ့ အနေနဲ့ကုန်စည်ခုနှစ်မျိုး ပြည်ပကိုပို့တဲ့နေရာမှာ ကုန်သွယ်လုပ်ငန်းခွန်ကို ကျွန်တော်တို့ ကင်းလွတ်ခွင့်ပြုခဲ့ပါတယ်။ ဒါလည်း ကျွန်တော်တို့ တိုင်းပြည်ရဲ့အခြေအနေအရ ကန့်သတ်ပြီးတော့ ကျွန်တော်တို့ ခြောက်လခွင့်ပြုခဲ့သော်လည်းပဲ လိုအပ်ရင်လိုအပ်သလို ဆက်လက်စဉ်းစားပြီးတော့မှ နိုင်ငံတော်အစိုးရအနေနဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျန်တဲ့ကုန်စည်တွေကိုတော့ ယခင်က ရှစ်ရာခိုင်နှုန်း အစားငါးရာခိုင်နှုန်းသာပေးဆောင်ဖို့ သက်သာခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ မနှစ်ကအနေအထားကို ပြန်ကြည့်မယ်ဆိုရင် သက်သာခွင့်မပြုခင်အနေအထားမှာ မနှစ်က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကုန်သွယ်ခွန်ကရရှိတဲ့ကောက်ခံရရှိတဲ့ငွေတွေကို ပြန်လေ့လာတဲ့အခါမှာ နိုင်ငံခြားငွေနဲ့ ၁၃၃.၅၄ သန်း၊ နယ်စပ်ကုန်သွယ်ရေးကနေပြီးတော့ ကျပ်ငွေနဲ့ရရှိတာ ၉၉၇၈.၉၆ သန်းရရှိခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ပပို့ကုန်တွေကို ကဏ္ဍအသီးသီး ပြန်ပြီးတော့ခွဲကြည့်လိုက်တဲ့အခါမှာ ပို့ကုန်အမျိုးအစားများရဲ့ အနေအထားမှာ လယ်ယာဥယျာဉ်၊ ခြံမြေထွက်ပစ္စည်း ခုနဖော်ပြခဲ့တဲ့ ဆန်၊ ပဲအမျိုးမျိုး၊ နှမ်းစသည်အားဖြင့် ပါဝင်မှုရာခိုင်နှုန်းဟာ ၂၀.၃ ရာခိုင်နှုန်းရှိပါတယ်။ တိရစ္ဆာန်ထွက်ပစ္စည်း၊ သား၊ ငါးအပါအဝင် ပါဝင်မှုရာခိုင်နှုန်းဟာ ၁.၀၆ ရာခိုင်နှုန်းရှိပါတယ်။ ရေချိုရေငန်ထွက်ပစ္စည်းပါဝင်မှုဟာ ၅.၆၃ ရာခိုင်နှုန်းရှိပါတယ်။ သတ္တုတွင်းထွက်ပစ္စည်းပါဝင်မှု ရာခိုင်နှုန်းဟာ ၂၅.၆၆ ရာခိုင်နှုန်းရှိပါတယ်။ သစ်တောထွက်ပစ္စည်းရဲ့ပါဝင်မှုရာခိုင်နှုန်းဟာ ၇.၁၈ ရာခိုင်နှုန်းရှိပါတယ်။ စက်မှုကုန်ချောပစ္စည်း သဘာဝဓာတ်ငွေ့အပါအဝင် ကျွန်တော်တို့ ရောင်းရတဲ့ပို့ကုန်ရဲ့တန်ဖိုး ရာခိုင်နှုန်း ဟာ ၃၂.၈၂ ဖြစ်ပါတယ်။ တခြားတခြားသောပစ္စည်းများဟာ ၇.၂၄ ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ယနေ့ ကျွန်တော်တို့ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်သက်သာခွင့်ပြုလိုက်တဲ့အတွက်ကြောင့် နိုင်ငံတော်ရဲ့ကုန်သွယ်လုပ်ငန်းခွန်ပမာဏ လျော့နည်းသွားရာ နိုင်ငံခြားငွေအားဖြင့် မနှစ်က ကိန်းဂဏန်းအပေါ်မှာမှီပြီးတော့ တွက်ချက်တဲ့အခါမှာ ဒေါ်လာသန်းပေါင်း ၄၀ နဲ့ ကျပ်သန်းပေါင်း ၂၆၀၀ လောက်ကောက်ခံလျော့နည်းသွားမှာဖြစ်ပါတယ်။ ဒါပေမယ့်လို့ သွင်းကုန်ပမာဏတွေပိုမိုပြီးတော့မှ ငွေတွေရလာတဲ့အတွက်ကြောင့် ပိုမိုတင်သွင်းနိုင်တဲ့အတွက်ကြောင့် သွင်းကုန်လုပ်ငန်းဖက်ကနေ အခွန်အကောက်တွေ တိုးတက်လာမယ်လို့မျှော်လင့်ပြီးတော့ လျှော့ပေးခဲ့

တာလည်းဖြစ်ပါတယ်။ ဒီလိုလျှော့ပေးတဲ့အထဲမှာ ဆက်လက်ပြီးတော့ ငါးရာခိုင်နှုန်းနဲ့ထားခဲ့တဲ့ သတ္တုတွင်းထွက်ပစ္စည်းများကို ပြန်ကြည့်မယ်ဆိုရင်အများစုဟာ ကျောက်မျက်ရတနာနဲ့ ရောင်းရတဲ့ ပစ္စည်းတွေဖြစ်ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာခွန်ဥပဒေ၊ နည်းဥပဒေတွေနဲ့ အညီကောက်ခံပါ တယ်။ ကုန်သွယ်လုပ်ငန်းခွန်အပြည့်အဝမရသော်လည်း ငါးရာခိုင်နှုန်းပဲ ကျွန်တော်တို့ ကောက်ခံထား တဲ့အတွက်ကြောင့်မို့လို့ ဒီကျောက်မျက်ရတနာဟာဖြင့် အခြားတိုင်းပြည်တွေကနေပြီးတော့ လိုလို လားလားနဲ့ ဝယ်လိုတဲ့ပစ္စည်းတစ်မျိုးဖြစ်တဲ့အတွက် မလျှော့ပေးသင့်တဲ့ကိစ္စဖြစ်ပါတယ်။ အလားတူပဲ သဘာဝဓာတ်ငွေ့ကလည်း ကျွန်တော်တို့ရဲ့ စက်မှုကုန်ထုတ်လုပ်ငန်းများဖြစ်တဲ့အတွက် သဘာဝ ဓာတ်ငွေ့ကလည်း အခြားပြည်ပတိုင်းပြည်တွေကနေ လိုလိုလားလားနဲ့ယူနေတဲ့ပစ္စည်းအပေါ်မှာ ကျွန်တော်တို့ကလျှော့ပေါ့ပေးရင် သူ့အတွက် သက်သာသွားမယ့်အနေအထားဖြစ်ပါတယ်။ အလားတူပဲ သစ်တောထွက်ပစ္စည်းတွေလည်း ဒီအတိုင်းပဲဖြစ်ပါတယ်။ မြန်မာ့သစ်တောထွက်ပစ္စည်းနဲ့ ကျွန်းသစ် အပါအဝင် သစ်မာများဟာ ကမ္ဘာ့ဈေးကွက်မှာ မျက်နှာပန်းလှ၊ လူကြိုက်များတဲ့ကုန်စည် ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ရောင်းလိုအားထက် ဝယ်လိုအားတွေကများပါတယ်။ ဝယ်လိုအားများတဲ့အတွက် ကြောင့်မို့လို့ ရောင်းသူအနေနဲ့ စိတ်ကြိုက်ဈေးနှုန်းကိုတင်ပြီးတော့မှ Seller Market အနေနဲ့ ရောင်းနိုင်တဲ့ ကုန်စည်တစ်ခုဖြစ်ကြောင်းတွေ့ရပါတယ်။ ဒါ့ကြောင့် ဒီကုန်စည်များအနေနဲ့ ကုန်သွယ် လုပ်ငန်းခွန် ပေးဆောင်တဲ့နေရာမှာ ကျွန်တော်တို့ ပြန်ကြည့်လိုက်ရင် ဝယ်သူ(Buyer) ကနေပြီးတော့မှ ပေးဆောင်တဲ့အနေအထားဖြစ်ပါတယ်။ ဒီပစ္စည်းကိုဝယ်ချင်လွန်းလို့ ဝယ်သူကနေဈေးပိုပေးပြီးတော့ တောင် ကျွန်တော်တို့အတွက် ဝယ်ရတဲ့အတွက်ကြောင့် တိုင်းပြည်ရဲ့ဝင်ငွေပိုတိုးပါတယ်။ တိုင်းပြည်ရဲ့ ဝင်ငွေပိုတိုးသလို ရောင်းသူရဲ့အနေအထားမှာလည်း ပိုတိုးလာတာဖြစ်ပါတယ်။ အခြားပစ္စည်းဖြစ်တဲ့ လက်မှုပညာပစ္စည်းများမှာလည်း ဈေးကွက်မှာဝယ်လိုအားရှိမှသာတင်ပို့ရတာ ဖြစ်တဲ့အတွက်ကြောင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်တဲ့နေရာမှာ ဝယ်သူထံကိုပဲကျရောက်ကြောင်း ကျွန်တော်တို့တွေ့ရ ပါတယ်။ ဒီလိုကုန်စည်တွေ ကုန်သွယ်လုပ်ငန်းခွန်လျှော့ပေါ့ခြင်းဟာ နိုင်ငံသားများအတွက်အကျိုး ခံစားခွင့်ပိုမိုမရဘဲနဲ့ ပြည်ပနိုင်ငံသားတွေကိုပဲ ကျွန်တော်တို့ အကျိုးပိုမိုရရှိအောင်ဆောင်ရွက်ပေး သလိုဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေအရပ်ရပ် တိုးတက်ရရှိဖို့ဆောင်ရွက်ခဲ့တဲ့ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ အခွန်ကောက်ခံမှုရာခိုင်နှုန်းတွေကို လည်းပြန်ကြည့်တဲ့အခါမှာ ဝင်ငွေအခွန်ဟာ ၃၅.၆၅ ရာခိုင်နှုန်း၊ ကုန်သွယ်ခွန်က ၄၉.၂၁ ရာခိုင်နှုန်း၊

အမြတ်ခွန်က ၁၁.၀၇ ရာခိုင်နှုန်း၊ တံဆိပ်ခေါင်းခွန်က ၂.၄၁ ရာခိုင်နှုန်း၊ အောင်ဘာလေသိန်းဆုက ၁.၆၆ ရာခိုင်နှုန်းရှိပါတယ်။ ဒီကြားထဲမှာ ကျွန်တော်တို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အမြတ်ခွန်ကိုပြန်လည်ရုပ်သိမ်းရမယ့် အနေအထားဖြစ်တဲ့အတွက် ကျွန်တော်တို့ ဝင်ငွေခွန်အပေါ်မှာသာလျှင် ပိုမိုတည်မှီပြီးတော့ နိုင်ငံတော်အတွက်ရသင့်ရထိုက်တဲ့ ဘဏ္ဍာငွေကြေးတွေ ရှာဖွေရမှာဖြစ်ပါတယ်။ ဒါ့အပြင်ကျွန်တော်တို့ အာဆီယံဒေသအတွင်းမှာလည်းပဲ ကိုယ်စားလှယ်တော်ကြီးများသိတဲ့အတိုင်းပဲ အာဆီယံဒေသအတွင်း နိုင်ငံတွေနဲ့နှိုင်းယှဉ်လိုက်မယ်ဆိုရင်လည်း ကျွန်တော်တို့ရရှိတဲ့ Tax GDP Ratio ဟာ ၃.၂ ရာခိုင်နှုန်းပဲ မနှစ်ကရှိခဲ့ပါတယ်။ ဒေသတွင်းမှာဆိုရင်တော့ အနည်းဆုံးနိုင်ငံဖြစ်နေတာလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ရဲ့ လက်ရှိအချိန်မှာ တိုင်းပြည်စီးပွားဖွံ့ဖြိုး တိုးတက်ဖို့အတွက် ပို့ကုန်မြှင့်တင်ရေးကိစ္စတွေကို ဆောင်ရွက်တဲ့နေရာမှာ အရေးကြီးတဲ့ကုန်စည်ကို ကျွန်တော်တို့ဦးစားပေးပြီးတော့ ကျွန်တော်တို့ပို့ကုန်ခွန်တွေ ကင်းလွတ်ခွင့်ပေးခဲ့တာဖြစ်ပါတယ်။ ဝင်ငွေခွန်ကတော့ လက်ရှိအနေအထားအတိုင်း ကောက်ခံမြဲအတိုင်းပဲ ကျွန်တော်တို့ရှိခဲ့ပါတယ်။ ဒီလိုစဉ်းစားတဲ့နေရာမှာ အခွန်လျှော့ရေးတစ်ခုတည်းပဲ စဉ်းစားလို့လည်း မရပါဘူး။ တကယ့် တကယ်ကျွန်တော်တို့ ဒီနေ့ဖြစ်ပေါ်နေတဲ့အချိန်မှာ နိုင်ငံခြားငွေကြေး ဈေးနှုန်းတည်ငြိမ်ဖို့အတွက်ဆောင်ရွက်ဖို့ကလည်းအရေးကြီးပါတယ်။ ဒါ့အပြင် မိမိရဲ့ထွက်ကုန်ပိုမိုအရည်အသွေးမြင့်မားပြီး ဈေးကွက်ခိုင်မာမှုရရှိအောင် ကြိုးစားဆောင်ရွက်ရေးလည်း အရေးကြီးပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ Trade Promotion ဖြစ်ဖို့အတွက် ဈေးကွက်အသစ်ချဲ့ထွင်ခြင်း၊ မိမိတိုင်းပြည်ထွက် သယံဇာတပစ္စည်းတွေကို ဈေးပေါပေါရောင်းချခြင်းမပြုဘဲနဲ့ ဆောင်ရွက်ဖို့လည်း သိပ်အရေးကြီးပါတယ်။ ဒါ့ကြောင့်ကျွန်တော်တို့ တိုင်းပြည်ရဲ့နောက်ဆုံးအနေအထားအရ အာဆီယံဒေသတွင်းမှာ Tax GDP Ratio လျော့နည်းနေတဲ့လက်ရှိ ၃.၂ ရာခိုင်နှုန်းထက် ထပ်မံကျဆင်းမသွားဖို့လည်း အဘက်ဘက်ကနေဝိုင်းဝန်းကြိုးစား ဖြေရှင်းဆောင်ရွက်သင့်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကမ္ဘာ့စီးပွားရေး၊ တိုင်းပြည်စီးပွားရေး အခြေအနေတွေကို မျက်ခြေမပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိပါတယ်။ နောက်မှ အမှန်လိုအပ်လာတဲ့အချိန်မှာ ဆက်လက်ပြီးတော့ ကျွန်တော်တို့ အခွန်နဲ့ပတ်သက်ပြီး ဆောင်ရွက်ပေးသွားဖို့ အမြဲတမ်းဂရုပြု စဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ဒီနေ့တင်ပြတဲ့ အဆိုရှင်ရဲ့ပို့ကုန်ခွန်များကို လုံးဝဖယ်ရှားရေးအဆိုကို ပြန်လည်ရုပ်သိမ်းသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်ရဲ့အဆိုနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ် သုံးဦးက အဆိုမတင်သွင်းသင့်ကြောင်းနဲ့ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးက အဆိုကို ပြန်လည်ရုပ်သိမ်းသင့်ကြောင်း ဆွေးနွေးသွားတာကြားသိရပါတယ်။ ဒီပေါ်မူတည်ပြီးတော့ စေတနာ အရ တင်ပြဆောင်ရွက်ထားသော်လည်း အခြေအနေအရပ်ရပ်က ဤသို့ရှိတယ်ဆိုတာကိုသိပြီး နောက်ပိုင်းမှာ သက်ဆိုင်ရာအဆိုရှင်ဖြစ်တဲ့ ဦးကြည်မြင့်ရဲ့ ဆန္ဒသဘောထားလည်းသိချင်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တင်သွင်းလိုက်တဲ့အဆိုက သဘောတရားအားဖြင့်လည်း အလွန်တရာနက်ရှိုင်းပြီးတော့ လုပ်ငန်းသဘာဝအားဖြင့်လည်း အလွန် ကျယ်ပြန့်တဲ့၊ ရှုပ်ထွေးတဲ့ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်းပဲ ကျွန်တော့်ရဲ့အဆိုကို တင်သွင်းခြင်းနဲ့ပတ်သက်လို့ နားလည်သဘောပေါက်အောင် ကျွန်တော် စုံစုံလင်လင်၊ ကျယ်ကျယ်ပြန့်ပြန့် ပြန့်တင်ပြခဲ့ပြီးဖြစ်ပေမယ့်လို့ အချိန်အခါအနေနဲ့ ဒီထက်ပိုပြီးတော့သဘောပေါက်နားလည်ဖို့နဲ့ အချိန်ကာလဖြစ်ရပ်အခြေအနေများက ဒီထက်ပိုမိုပြီးတော့ဖြစ်ပေါ်လာဖို့ လိုအပ်ချက်ရှိနေတယ်လို့ ကျွန်တော်လည်းခံယူပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီး ဌာနကလည်း ဒီကိစ္စကိုစဉ်းစားသွားရမယ့် အချိန်အခါစောင့်စားပြီးတော့ စဉ်းစားဆောင်ရွက်ဖို့ လောလောဆယ်မှာ တော့အခြားသောလုပ်ကိုင်ထားပြီးတဲ့ အဆင့်အနေအထားလောက်နဲ့ ဒီမှတစ်ဆင့်သာလျှင် ဆက်ပြီးသွားဖို့ဆိုတဲ့ သဘောမျိုးဖြေရှင်းသွားတာလို့ ကျွန်တော်နားလည်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တင်သွင်းတဲ့အဆိုကို ဒီနေရာမှာ ကျွန်တော် ပြန်လည်ရုပ်သိမ်းခွင့်ပြုပါလို့ပဲ ကျွန်တော်က ပြန်လည်ပြီးတော့ပဲ မေတ္တာရပ်ခံပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၃း ၅၉။**

**ဥက္ကဋ္ဌ**။ ။ သို့ရာတွင် အဆိုတင်ပြတဲ့နေရာမှာ စေတနာထားတင်ပြထားတဲ့အတွက် အဆို ပြန်ရုပ်သိမ်းသွားသော်လည်း မိမိတို့လွှတ်တော်ထဲမှာတော့ မှတ်တမ်းအဖြစ်ထားရှိပြီးပေးပါမယ်။ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကိုယ်စားလှယ်များရဲ့ ပြန်လည်ရုပ်သိမ်းမှုကို လွှတ်တော်ရဲ့သဘောထားမေးပြီးတော့ လွှတ်တော်ရဲ့ သဘောတူညီမှုရရှိဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကိုယ်စားလှယ်ရဲ့ ပြန်လည်ရုပ်သိမ်းမှုကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် တင်သွင်းတဲ့အဆိုကို ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်၏ "စီးပွားရေးနှီးဆွ ငွေကြေးကြိုတင်သုံးစွဲသမျှ ဘတ်ဂျက်ကာလ တစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့်ထိန်းကျောင်း အဖွဲ့အစည်းတစ်ရပ် ထူထောင်လုပ်ကိုင်ရေး"အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၄း ၀၀။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်တင်သွင်းထားတဲ့ " **စီးပွားရေးနှီးဆွငွေကြေး ကြိုတင်သုံးစွဲသမျှ ဘတ်ဂျက်ကာလတစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့်ထိန်းကျောင်း အဖွဲ့အစည်းတစ်ရပ် ထူထောင်လုပ်ကိုင်ရေး"** အဆိုနဲ့ စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော် ကိုယ်စားလှယ်သုံးဦးက အမည်စာရင်းတင်သွင်းထားပါတယ်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ကဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မိယဉ်ချမ်း(ကျိုက်မရောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည်စုံကြပါစေလို့ ဦးစွာဂါရဝပြုဆုတောင်း မေတ္တာပို့သ အပ်ပါတယ်။ ကျွန်မကတော့ ကျိုက်မရောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိယဉ်ချမ်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်တင်သွင်းတဲ့ စီးပွားရေးနှီးဆွငွေကြေး ကြိုတင်သုံးစွဲသမျှ ဘတ်ဂျက်ကာလ တစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့်ထိန်းကျောင်း အဖွဲ့အစည်းတစ်ရပ် ထူထောင်လုပ်ကိုင်ရေးအဆိုနှင့်ပတ်သက်ပြီး တင်ပြဆွေးနွေးလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဦးကြည်မြင့်ရဲ့ အဆိုမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးနှစ်ကာလအတွင်း ဘတ်ဂျက်အလိုက်သုံးစွဲမှုများအား မှန်ကန်စွာ သုံးစွဲခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးကို အဆိုပြုထားတာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး ပြည်သူ့ငွေစာရင်းကော်မတီကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၁၅ ဦးဖြင့် ၃-၃-၂၀၁၁ ရက်နေ့တွင်ဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနဲ့ အခွင့်အရေးများကို သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ပြည်သူ့

ငွေစာရင်းကော်မတီ၏တာဝန်များတွင် ကော်မတီသည် ပြည်ထောင်စုအစိုးရ၏ အသုံးစရိတ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရာတွင် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားတဲ့ ငွေကို သတ်မှတ်ထားတဲ့ကိစ္စအတွက်သာလျှင် သုံးစွဲခြင်း ရှိ၊ မရှိ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီသုံးစွဲခြင်း ရှိ၊မရှိနှင့် ခွင့်ပြုသည့်ရည်ရွယ်ချက်အတိုင်း ထိရောက်မှန်ကန်စွာသုံးစွဲခြင်း ရှိ၊ မရှိ တို့ကိုစိစစ်ရမည်ဟု လည်းကောင်း ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ၊ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းဌာနများသို့ သွားစစ်ဆေးနိုင်သည်ဟု လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရရဲ့တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက်ခွင့်ပြု ထားသောသုံးငွေတစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍သုံးစွဲခြင်း၊ ထိုသို့ခေါင်းစဉ် ပြောင်း၍သုံးစွဲရာ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက သတ်မှတ်ထားသောစည်းမျဉ်းများနှင့် ညီညွတ် မှုမရှိခြင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းသို့ လမ်းညွှန်သင့်သောဘဏ္ဍာငွေသုံးစွဲပုံ နည်းလမ်းအား နည်းချက်များတို့ကိုတွေ့ရှိရပါက ပြည်ထောင်စုလွှတ်တော်သို့တင်ပြပေးရန် ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနကတောင်းဆိုသော အသုံးစရိတ်များရှိလာပါက ပြည်သူ့ငွေစာရင်းကော်မတီသည် ပြည်သူ့ လွှတ်တော်သို့ တင်ပြရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ ဦးကြည်မြင့် လသာမဲဆန္ဒနယ်မှ တင်သွင်းတဲ့အဆိုဟာ စေတနာနဲ့ရည်ရွယ်ချက်ကောင်းသော်လည်းပဲ ပြည်သူ့ ငွေစာရင်းကော်မတီရဲ့ဆောင်ရွက်ရမယ့် တာဝန်နဲ့လုပ်ပိုင်ခွင့်များသာဖြစ်တဲ့အတွက် အဖွဲ့အစည်း တစ်ရပ်ထူထောင်ရန်မလိုအပ်တော့ပါသဖြင့် အဆိုရှင်ဦးကြည်မြင့်တင်သွင်းတဲ့ စီးပွားရေးနှိုးဆွ ငွေကြေးကြိုတင်သုံးစွဲသမျှ ဘတ်ဂျက်ကာလတစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့် ထိန်းကျောင်းအဖွဲ့အစည်းတစ်ရပ် ထူထောင်ရန်လိုအပ်မည်မဟုတ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်ရှင့်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမိုးဇော်ဟိန်း(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နဲ့ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဦးမိုးဇော်ဟိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးကြည်မြင့်ရဲ့ စီးပွားရေးနှီးဆွ ငွေကြေးကြိုတင်သုံးစွဲသမျှ ဘတ်ဂျက်ကာလတစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့်ထိန်းကျောင်းအဖွဲ့အစည်းတစ်ရပ်ထူထောင်လုပ်ကိုင်ရေး အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းဟာ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ရေးဟာလည်း အလွန်ပဲအရေးပါလှပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း စီးပွားဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များ တိုးတက်သုံးစွဲခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့် အသုံးစရိတ်များ တိုးတက်သုံးစွဲလာတာနဲ့အမျှ ဘတ်ဂျက်လိုငွေများပြားလာသော်လည်း ဘတ်ဂျက်လိုငွေနဲ့ GDP အချိုးမှာ ၅ ရာခိုင်နှုန်းအောက်တွင်သာရှိကြောင်း လေ့လာသိရှိရပါတယ်။ ယနေ့ နိုင်ငံတော်မှာ ဘတ်ဂျက်လိုငွေနဲ့ GDP အချိုးကျဆင်းပြီး ရငွေနှင့်သုံးငွေညီမျှသော ဘတ်ဂျက်ဖြစ်ပေါ်စေရန် ဘဏ္ဍာရေးမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ယင်းဘဏ္ဍာရေးမူဝါဒနှင့် အညီ ဝင်ငွေတိုးတက်ရရှိရေးအတွက် အခွန်စီမံခန့်ခွဲမှုနည်းလမ်း၊ ဥပဒေဖြင့် ထိန်းကျောင်းသည့် နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ဒါ့အပြင် အစိုးရရဲ့အသုံးစရိတ်ပိုင်းတွင်လည်း ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်များကို နိုင်ငံတော်၏ဦးစားပေးကဏ္ဍအလိုက် လျှာထားသုံးစွဲလျက်ရှိသဖြင့် ရေရှည်တွင် ရငွေနှင့်သုံးငွေညီမျှသောဘတ်ဂျက် ဖြစ်ပေါ်လာရေးကိုဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၉(က)အရ နိုင်ငံတော်သမ္မတကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်သော ဘဏ္ဍာရေးကော်မရှင်အဖွဲ့ကိုဖွဲ့စည်းပြီး ဘဏ္ဍာရေးကော်မရှင်မှ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို စိစစ်ခြင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို စိစစ်ခြင်းများဆောင်ရွက်မည့်အပြင် နိုင်ငံတော်တွင်ခိုင်မာသောဘဏ္ဍာရေးစနစ်ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပြီး တာဝန်ပေးအပ်သောကိစ္စရပ်များဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ (ဂ) ရဲ့ အပိုဒ်ခွဲငယ် (၃)မှာ အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ဒါ့အပြင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှာ ပြည်သူ့ငွေစာရင်းကော်မတီများဖွဲ့စည်းထားပြီး လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်ရှိ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ

ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာငွေအသုံးစာရင်း ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စာရင်းစစ်ဆေးချက် အစီရင်ခံစာကိုစစ်ဆေးပြီး လွှတ်တော်များသို့ တင်ပြနိုင်ရန်နှင့် လွှတ်တော်က ခွင့်ပြုထားသောငွေကို သတ်မှတ် ထားသောကိစ္စရပ်များအတွက်သာ သုံးစွဲခြင်း ရှိ၊ မရှိ သာမန်သုံးငွေနှင့် ငွေလုံးငွေရင်းသုံးငွေ တစ်ရပ်ရပ်ကိုသုံးစွဲရာတွင် သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခြင်း ရှိ၊ မရှိတို့ကို အထက်ဖော်ပြပါကော်မတီများက စိစစ်သွားမည်ဖြစ်ကြောင်းသိရှိရပါတယ်။ ဒါ့ကြောင့်အဆိုရှင်တင်ပြသော စောင့်ကြည့်ထိန်းကျောင်းအဖွဲ့အစည်းတစ်ရပ် ထပ်မံထူထောင်လုပ်ကိုင်ရန် မလိုအပ်တော့ပါသဖြင့် အဆိုအားထပ်မံတင်သွင်းရန် မလိုအပ်တော့ပါကြောင်း လေးစားစွာဖြင့် တင်ပြရင်း ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ဦးဝင်းမြင့်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ဖြစ်သလို မြင်းခြံစက်မှုဇုန်မှာ ဆီစက် နဲ့ ပဲ၊ နှမ်း၊ ကုန်သည်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦး ဖြစ်ပါတယ်။ ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်မှ တင်သွင်းသွားတဲ့ စီးပွားရေးနှိုးဆွ ငွေကြေးကြိုတင် သုံးစွဲသမျှ ဘတ်ဂျက်ကာလတစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့်ထိန်းကျောင်း အဖွဲ့အစည်းတစ်ခု ထူထောင်လုပ်ကိုင်ရေးအဆိုနဲ့ ပတ်သက်ပြီးဆွေးနွေးတင်ပြလိုပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ငွေကြေးကိစ္စများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအပြင် ဘတ်ဂျက်ကော်မတီဖွဲ့ပြီးတော့ စုပေါင်းဆောင်ရွက်နေခြင်း၊ စီးပွားရေးဆိုင်ရာကိစ္စများကို ဒုတိယသမ္မတတစ်ဦးက ကြီးကြပ်ပေးနေခြင်း၊ ကျွန်တော်တို့ရဲ့ ပြည်သူ့လွှတ်တော်မှာလည်း ပြည်သူ့ငွေစာရင်းကော်မတီကို ပထမအကြိမ်ပုံမှန် အစည်းအဝေးက ဖွဲ့စည်းပေးခဲ့ပြီး အစိုးရအဖွဲ့ရဲ့ ငွေကြေးသုံးစွဲမှုကို စောင့်ကြည့်ထိန်းကျောင်း Check and Balance ပြုလုပ်လျက်ရှိကြောင်းကို ကိုယ်စားလှယ်တော်ကြီးအသိဖြစ်မှာပါ။ ဒါ့အပြင် ပထမအကြိမ် ပြည်သူ့ လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ပထမနေ့က ကိုယ်စားလှယ်တော်ကြီး ဦးကြည်မြင့် တင်သွင်းခဲ့တဲ့အဆိုနဲ့ပတ်သက်ပြီး ဘဏ်နှင့်ငွေကြေးစီမံကိန်း၊ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီး မြှုပ်နှံမှုကော်မတီများကို အတွေ့အကြုံများစွာ ရင့်ကျက်တဲ့ဥက္ကဋ္ဌကြီးများနဲ့ လွှတ်တော်က ဖွဲ့စည်းပေး

ခဲ့ပြီးဖြစ်လို့ လူကြီးမင်းဆန္ဒပြည့်ဝလာမှာမလွဲဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်နဲ့အစိုးရက ဆောင်ရွက်ထားပြီးဖြစ်လို့ လသာမဲဆန္ဒနယ်မှ ကိုယ်စားလှယ်တော်ကြီး ဦးကြည်မြင့်အနေနဲ့ အဆိုကို ပြန်လည်ရုပ်သိမ်းသင့်ပါကြောင်း ခင်မင်လေးစားစွာ ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။(ဩဘာသံများ)

## ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်၏ အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့မှ ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။ **အချိန်၊ ၁၄း ၁၂**။

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးကြည်မြင့်ရဲ့ စီးပွားရေးနှီးဆွငွေကြေးကြိုတင်သုံးစွဲသမျှ ဘတ်ဂျက်ကာလ တစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့်ထိန်းကျောင်း အဖွဲ့အစည်းတစ်ရပ်ထူထောင် လုပ်ကိုင်ရေးအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြလိုပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုရရှိဖို့အတွက် ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်များ တိုးမြှင့်သုံးစွဲသွားဖို့ လိုအပ်ပါတယ်။ ရင်းနှီး မြှုပ်နှံမှုအသုံးစရိတ်များ တိုးတက်လာသည်နှင့်အမျှ ငွေကြေးဖောင်းပွမှုလည်း အထိုက်အလျောက် မြင့်တက်လာနိုင်ပါတယ်။ နိုင်ငံတော်ရဲ့ငွေဖောင်းပွမှုကို လျော့နည်းစေဖို့အတွက် ဘတ်ဂျက်လိုငွေနှင့် GDP ရဲ့အချိုးကို ၅ ရာခိုင်နှုန်းနဲ့ မကျော်လွန်စေရန်နှင့် ရငွေနှင့်သုံးငွေညီမျှသော ဘတ်ဂျက် ဖြစ်ပေါ် ရေးကို ဦးတည်ပြီး မြန်မာနိုင်ငံအနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ္ဍာရေးမူဝါဒနှင့် အညီ နိုင်ငံတော်ရဲ့ ဝင်ငွေတိုးတက်ရရှိရေးအတွက် အခွန်အပြည့်အဝကောက်ခံရရှိရေးအတွက် အခွန်တို့ အမိန့်တို့နှင့် အခွန်အခြေခံကျယ်ကျယ်ပြန့်ပြန့်ကောက်ခံရရှိရေး အခွန်စီမံခန့်ခွဲမှုနည်းလမ်းဥပဒေနှင့် ထိန်းကျောင်းမည့်နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရရဲ့အသုံးစရိတ်များ လျှာထား သုံးစွဲတဲ့နေရာမှာ ကုန်ထုတ်လုပ်မှုကိုတိုက်ရိုက် အထောက်အကူမပြုတဲ့ အသုံးစရိတ်တွေကိုလည်း လျှော့ချသုံးစွဲသွားခြင်းနဲ့ နိုင်ငံတော်ရဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ နိုင်ငံတော်အတွက် မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်တဲ့လုပ်ငန်းမှလွဲ၍ ဦးစားပေးကဏ္ဍအလိုက် ခွဲခြားစိစစ်ဆောင်ရွက်ပေးလျက်

ရှိပါတယ်။ နိုင်ငံတော်၏နှစ်စဉ် အကောင်အထည်ဖော်မယ့် စီမံကိန်းများအပေါ် မူတည်၍ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမယ့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက် လျက်ရှိပါတယ်။ စီမံကိန်းများကို ဆောင်ရွက်ရာမှာ Feasibilty Study ပြုလုပ်ပြီး နိုင်ငံတော်အတွက် အကျိုးရှိပြီး စီးပွားရေးတွက်ခြေကိုက်မှုရှိတဲ့ စီမံကိန်းတွေကိုသာ ရွေးချယ်ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းများကို အကောင်အထည်ဖော်ဖို့အတွက် ပြည်ပချေးငွေရယူရမှာလည်း ချေးငွေပါစည်းကမ်း ချက်များကို အသက်သာဆုံးနှင့် အကျိုးရှိဆုံး၊ အထိရောက်ဆုံးဖြစ်အောင် ဆွေးနွေးညှိနှိုင်းဆောင်ရွက် လျက်ရှိပါတယ်။ ချေးငွေထုတ်ယူသုံးစွဲမှုအလိုက် စီမံကိန်းအကောင်အထည်ဖော်မှုနှင့် တိုးတက်မှု အခြေအနေတွေကို သက်ဆိုင်ရာချေးငွေသုံးစွဲသည့်ဌာနနှင့် ချေးငွေထုတ်ချေးသည့်အဖွဲ့အစည်းတွေက စဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေးလျက်ရှိပါတယ်။

ဒါ့အပြင် တိုင်းပြည်ဝင်ငွေတိုးတက်ရရှိရေးကို ရှေးရှုပြီး ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးတဲ့ အနေနဲ့ပို့ကုန်တင်ပို့ရာမှာ ကုန်သွယ်လုပ်ငန်းကို ရှစ်ရာခိုင်နှုန်းနဲ့ ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း၊ စုစုပေါင်း ၁၀ ရာခိုင်နှုန်း အခွန်ပေးဆောင် နေရာကနေပြီး ကုန်သွယ်လုပ်ငန်းခွန် ရှစ်ရာခိုင်နှုန်းကို ငါးရာခိုင်နှုန်း သို့လျှော့ချ ဆန်စပါး၊ ပဲအမျိုးမျိုး၊ နှမ်း၊ ရော်ဘာ၊ ရေချိုရေငန်ထွက်ပစ္စည်းတွေနဲ့ တိရစ္ဆာန်၊ တိရစ္ဆာန် ထွက်ပစ္စည်းများကို ၁၅-၈-၂၀၁၁ နဲ့ ၁၄-၂-၂၀၁၂ ရက်နေ့အထိ ခြောက်လတိတိအထိ ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခဲ့ပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဟာ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၅၊ နည်းဥပဒေခွဲ(ခ)အရ အမြတ်ခွန်ဥပဒေကို ရုပ်သိမ်း ပြီး ဤဥပဒေကြမ်းကိုလည်းပဲတင်ပြခဲ့ပါတယ်။

ဒါ့အပြင် တံဆိပ်ခေါင်းခွန် အက်ဥပဒေ၊ တံဆိပ်ခေါင်းခွန်ဥပဒေကို ပြင်ဆင်မည့်ဥပဒေမူကြမ်း၊ ကုန်သွယ်လုပ်ငန်းကို ပြင်ဆင်မည့်ဥပဒေမူကြမ်း၊ ဝင်ငွေခွန်ကိုပြင်ဆင်မည့်ဥပဒေမူကြမ်းနှင့် ရုံးခွန် ကိုပြင်ဆင်မည့်ဥပဒေ မူကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံကျတဲ့ဘဏ္ဍာရေးနဲ့ ငွေရေးကြေးရေးအပိုင်းကို ပိုမိုတိုးတက် ခိုင်မာလာအောင် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ ယင်းသို့ဆောင်ရွက်ရာမှာ ငွေဖောင်းပွမှုကို ထိန်းချုပ်နိုင်ရန်အတွက် ပြည်တွင်းစုဆောင်းမှုတိုးမြှင့်ရေး၊ ပြောင်းလွယ် ပြင်လွယ်ဖြစ် သည့် အတိုးနှုန်းစနစ်ကျင့်သုံးခြင်း၊ နိုင်ငံတော်နှင့်ပုဂ္ဂလိကအတွက် လိုအပ်သောအရင်းအနှီးများ စုဆောင်းရန်အတွက် အရင်းအနှီးဈေးဝယ်ထူထောင်ရေးစသည်တို့ကိုလည်း အားပေးဆောင်ရွက်

သွားမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီကို ဖွဲ့စည်းပြီး ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၉(က)အရ ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဘဏ္ဍာရေးကော်မရှင်ကလည်း ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ ရသုံးခန့်မှန်းခြေစာရင်းနဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများရဲ့ ရသုံးအဆင့်ရသုံးခန့်မှန်းခြေငွေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးတဲ့ ဒုတိယသမ္မတတစ်ဦးစီက နေပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများရဲ့ ရသုံးအဆင့်လျာထားချက်၊ တိုင်းဒေသကြီး (သို့) ပြည်နယ်ရသုံးခန့်မှန်းခြေစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးတဲ့ ဒုတိယသမ္မတတစ်ဦးက ဆောင်ရွက်သွားတာဖြစ်ပါတယ်။ ရသုံးခန့်မှန်းခြေ စာရင်းများကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြဖို့အတွက် ခိုင်မာသောဘဏ္ဍာရေးစနစ်ဖြစ်ပေါ်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေအဖြစ်ပြဋ္ဌာန်းပြီးတာဝန်ပေးအပ်သည့် ကိစ္စရပ်များကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၀၃(က)အရ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဟာ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး၊ ယင်းစာရင်းပေါ်မှာ အခြေခံသော ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အစီရင်ခံစာနှင့် ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနက လွှဲအပ်ထားသောကိစ္စရပ်များကိုစိစစ်၍ လွှတ်တော်သို့တင်ပြခြင်း၊ ပုဒ်မ ၁၀၃(ခ)အရ ပြည်ထောင်စုအစိုးရ၏အသုံးစာရင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရာမှာ လွှတ်တော်က ခွင့်ပြုထားသောငွေကို သတ်မှတ်ထားသည့်ကိစ္စရပ်အတွက်သာ သုံးစွဲခြင်း ရှိ၊ မရှိကို စိစစ်ပြီး လွှတ်တော်သို့တင်ပြခြင်း၊ ပုဒ်မ ၁၀၃(ဂ)(၁)အရ ပြည်ထောင်စုအစိုးရ၏ တောင်းဆိုချက်အရကိစ္စတစ်ရပ်အတွက်ခွင့်ပြုသော သာမန်သုံးငွေကိုသုံးစွဲရာမှာ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ပုဒ်မ ၁၀၃(ဂ)(၂) အရ ခွင့်ပြုထားသည့်ငွေလုံးငွေရင်းတစ်ရပ်ရပ်ကိုသုံးစွဲရာမှာ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ပုဒ်မ ၁၀၃ (ဂ) (၃) အရ ပြည်ထောင်စုစီးပွားရေးဝန်ကြီးဌာနက လွှတ်တော်သို့တင်ပြသင့်သည်ဟုယူဆ၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ ပေးပို့လာသောအသုံးစရိတ်များကို စိစစ်ခြင်းကိစ္စရပ်များကို ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ဒါ့အပြင် ပြည်သူ့လွှတ်တော်မှ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ နည်းဥပဒေ ၇၉ တို့ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စရပ်များကို လေ့လာတင်ပြစေရန်လိုအပ်ပါက လွှတ်တော် ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ခြင်း သတ်မှတ်ချက် များနှင့်အညီ ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ စီးပွားရေးနှီးဆွငွေကြေးကြိုတင်သုံးစွဲသမျှ ဘတ်ဂျက်ကာလတစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့်ထိန်းကျောင်းအဖွဲ့အစည်းတစ်ရပ် ထူထောင်လုပ်ကိုင်ရန် မလိုအပ်တော့ပါကြောင်း ရှင်းလင်းဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးကြည်မြင့်ရဲ့ သဘောထားလည်းသိလိုပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)။** ။ ကျွန်တော့်ရဲ့အဆိုကို ပါဝင်ဆွေးနွေးပေးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ရဲ့အဆိုကို ပြန်လည်ဖြေရှင်းပေးခဲ့တဲ့ ဝန်ကြီးကိုလည်းကျေးဇူးတင် ပါတယ်။ သို့သော်လည်းပဲ ကျွန်တော့်ဆိုလိုချက်နဲ့ သဘောပေါက်မှုလေးတွေ နည်းနည်းလွဲနေတယ် လို့တော့ ကျွန်တော်ကမြင်ပါတယ်။ ဒါကလည်းပဲ ကျွန်တော့ဘက်က လိုအပ်ချက်လည်း ဖြစ်ရင်ဖြစ်ပါ လိမ့်မယ်။ ကျွန်တော်ဆိုလိုတာက ဒီကာလ နှစ်တစ်နှစ်အတွင်းမှာ ဘတ်ဂျက်လိုငွေ GDP ရဲ့ ငါးရာခိုင်နှုန်း လောက်ကို ကျွန်တော်ဆိုလိုတာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံတော်မှာ အစိုးရအနေနဲ့ဦးဆောင် ပြီးတော့ သုံးစွဲလိုက်တဲ့ငွေကြေးတွေမှာ ကုန်ထုတ်စွမ်းအားရှိတဲ့ကဏ္ဍတွေကို ရောက်ရှိမယ်ဆိုလို့ရှိရင် ကုန်ပစ္စည်းတွေပေါ်များပြီး အလုပ်အကိုင်တွေတိုးတက်လာမယ်။ ကုန်ပစ္စည်းပေါ်များခြင်းအားဖြင့် ကုန်ဈေးနှုန်းတွေကျဆင်းသွားမယ်။ အလုပ်အကိုင်တွေပေါ်များခြင်းအားဖြင့် ဝင်ငွေတွေတက်လာမယ်။ ကုန်ပစ္စည်းပေါ်များခြင်းကနေ ဝင်ငွေတွေတိုးတက်လာခြင်းကနေပြီးတော့ အခွန်ဘဏ္ဍာတွေတိုးတက် ရရှိမယ်။ ဒီအခွန်ဘဏ္ဍာတွေနဲ့စောစောပိုင်းက နိုင်ငံတော်ကသုံးစွဲလိုက်တဲ့ ငွေကြေးတွေကိုပြန်လည် ဖြည့်တင်းနိုင်ရေးဆိုတာကို ကျွန်တော်ကဆိုလိုတာဖြစ်ပါတယ်။ ဒီကွာဟချက်ရှိမယ်ဆိုလို့ရှိရင် တိုင်းပြည်မှာ ငွေကြေးဖောင်းပွမှုဖြစ်ပါမယ်။ ဒါကြောင့် ကျွန်တော်ဆိုလိုတာက ငွေကြေးဖောင်းပွမှုကို စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့အစည်း ဖွဲ့စည်းဖို့ဆိုတဲ့ အဆိုကိုဆိုလိုတာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်မှာ လုပ်ငန်းတစ်ခုချင်းအတွက် သက်ဆိုင်ရာအဖွဲ့အစည်းတွေ ဖွဲ့စည်းထားတာ ကျွန်တော်

နားလည်သိရှိပါတယ်။ သို့သော်လည်းပဲ သူတို့က သူတို့ရဲ့လုပ်ငန်းတစ်ခု ချင်းမှာ Point of View အနေနဲ့ပေါ့လေ။ သူ့အမြင်၊ သူ့တာဝန်၊ သူ့ရည်မှန်းချက်အနေနဲ့ သူသီးခြားဖြစ်ပါတယ်။ ကျွန်တော် ဆိုလိုတဲ့ ငွေကြေးဖောင်းပွမှုကို စောင့်ကြည့်ထိန်းကျောင်းရေးဆိုတဲ့ရှုထောင့်က အဖွဲ့အစည်းကတော့ လိုအပ်နေတယ်လို့ ကျွန်တော်မြင်ပါတယ်။ သို့သော်လည်းပဲလေ ကျွန်တော့်ရဲ့ ဆန္ဒကစောနေတဲ့ သဘောလည်းဖြစ်ရင်ဖြစ်ပါလိမ့်မယ်။ ဒါ ကျွန်တော်တို့ကတော့ ဒါ ဒီမိုကရေစီပါ။ ဒီမိုကရေစီ ဆိုတာကတော့ အများလက်ခံသဘောတူမယ်ဆိုရင်တော့ ဒီအဆိုတစ်ခုပဲဖြစ်စေ၊ တင်ပြချက်တစ်ခု ပဲဖြစ်စေ ဒါဆုံးဖြတ်ချက်က တစ်မျိုးကျပါတယ်။ ဒါကျွန်တော့်အနေနဲ့က ကျွန်တော်တို့ သုံးစွဲနေကျ စကားလေးတစ်ခုကတော့ ကျွန်တော်တို့ ဒီမိုကရေစီအနေအထားအရပဲ အများကကျွန်တော်တင်သွင်း တဲ့အဆိုကို ပြန်လည်ရုပ်သိမ်းဖို့ဆန္ဒရှိမယ်လို့ ကျွန်တော်တွက်ချက်မိပါတယ်။ ဒီသဘောထားကို အတည်ပြုပြီးတော့ ကျွန်တော့်ရဲ့အဆိုကို ကျွန်တော် ပြန်လည်ရုပ်သိမ်းခွင့်ပေးပါလို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်ပန်ကြားပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာကိုယ်စားလှယ်ရဲ့ ပြန်လည်ရုပ်သိမ်းမှုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ဦးကြည်မြင့်ရဲ့အဆိုကို ရုပ်သိမ်း ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာ မောင်မောင်ဝင့်၊ ဗဟန်းမဲဆန္ဒနယ်၏ "မြန်မာနိုင်ငံဆေးကောင်စီ (Myanmar Medical Council)အား အစိုးရမဟုတ်သော၊ လွတ်လပ်သော Professional Body အဖြစ် ရပ်တည်ခွင့်ပြုမိန့်"အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၄း ၂၅။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် တင်သွင်းထားတဲ့ **"မြန်မာ နိုင်ငံဆေးကောင်စီ(Myanmar Medical Council)အား အစိုးရမဟုတ်သော လွတ်လပ်သော (Professional Body)အဖြစ် ရပ်တည်ခွင့်ပြုမိန့်"** ဆိုတဲ့အဆိုနဲ့စပ်လျဉ်းပြီး အဆိုကိုဆွေးနွေးလို

ကြောင်း လွှတ်တော်ကိုယ်စားလှယ်သုံးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းအား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်း ဖြစ်ပါတယ်။ ကျွန်တော်တင်ပြဆွေးနွေးမယ့် ခေါင်းစဥ်နဲ့ပတ်သက်ပြီး ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်ရဲ့ မြန်မာနိုင်ငံဆေးကောင်စီ Myanmar Medical Council အား အစိုးရမဟုတ်သောလွတ်လပ်သော Professional Body အဖြစ်ရပ်တည်ခွင့်ပြုရေးနဲ့ ပတ်သက်တဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့ မြန်မာနိုင်ငံဆေးကောင်စီရဲ့ ဖွဲ့စည်းထားရှိမှုအခြေအနေကို လေ့လာတင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆေးကောင်စီဟာ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လက်အောက်ခံအဖွဲ့အစည်း တစ်ခုဖြစ်ပြီးတော့ လုပ်ထုံးလုပ်နည်း၊ စည်းမျဥ်းစည်းကမ်းဥပဒေနှင့်အညီ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းမှာ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်ပါမောက္ခချုပ်များ၊ ဝါရင့်ပါမောက္ခ ဌာနမှူးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဝါရင့်ဆရာဝန်ကြီးများနှင့် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ လုပ်ငန်းတာဝန်ပိုင်းကိုလည်း လေ့လာကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ လေ့ကျင့်သင်ကြားရေးအပိုင်းနဲ့ ပတ်သက်ပြီးတော့ ဆေးတက္ကသိုလ်များမှ လေ့ကျင့်သင်ကြားမှုမှာ သက်ဆိုင်ရာဘာသာရပ်ဆိုင်ရာ သင်ကြားမှုအပိုင်းမှာ လက်တွေ့နယ်ပယ်မှာ အသုံးဝင်မှု၊ ဆရာဝန်များရဲ့ အရည်အချင်း၊ အရည်အသွေး၊ ခေတ်နှင့်အညီ အဆင့်အတန်းမြင့်မားစွာ သင်ကြားရေး၊ ဆေးပညာတိုးတက်မှုကိုစဥ်ဆက်မပြတ် လေ့လာဆည်းပူး လေ့လာရေးဆိုတဲ့ Continuous Medical Education နှင့်ပတ်သက်ပြီးတော့လည်း လေ့ကျင့်သင်ကြားရေးအပိုင်းမှာ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ ကျွန်တော်တို့ ပြည်တွင်းမှ ကျွန်တော်တို့ ဆေးတက္ကသိုလ်များမှ ချီးမြှင့်တဲ့ဘွဲ့လက်မှတ်များ၊ ပြည်ပနိုင်ငံများမှ ချီးမြှင့်တဲ့ဘွဲ့လက်မှတ်များနှင့် Degree Certificate များကိုလည်း စိစစ်မှတ်ပုံတင်တဲ့ လုပ်ငန်းတာဝန်ကိုလည်း ဆောင်ရွက်ပါတယ်။ ထို့အတူ ကျွန်တော်တို့ ဆရာဝန်များရဲ့ဆေးကုသမှုလိုင်စင် ဆမနံပါတ်များထုတ်ပေးခြင်း၊ ဆမနံပါတ်များကို ထိန်းချုပ်ခြင်း၊ ကန့်သတ်ခြင်း လုပ်ငန်းများဆောင်ရွက်ပါတယ်။ နောက်ဆရာဝန်များရဲ့ ကျွန်တော်တို့ ကျင့်ဝတ်သိက္ခာ ပိုင်းဆိုင်ရာ ထိန်းသိမ်းကြပ်မတ်ခြင်းအပိုင်း၊ နောက်တစ်ခါ ဆရာဝန်များ

ကျွန်တော်တို့ လုပ်ငန်းဆိုင်ရာများမှာ ဆေးကုသရေးလုပ်ငန်းများမှာ ကျွမ်းကျင်မှုအားနည်းခြင်းကြောင့် ဒါမှမဟုတ် တာဝန်ပေါ့ဆမှုများကြောင့် ဖြစ်ပေါ်လာတဲ့ပြဿနာများ၊ ပေါ်ပေါက်လာလျှင် တိုင်ကြားမှုများရှိလျှင်လည်း ဒီတိုင်ကြားမှုများကို စစ်ဆေးခြင်း၊ အရေးယူခြင်းများ၊ အပြစ်ပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ ကျွန်တော်တို့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးရဲ့တာဝန်နှင့် နိုင်ငံတကာဆေးကောင်စီများနဲ့လည်း ချိတ်ဆက်ပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဆေးဝါးကုသမှုပေးလိုတဲ့ အဖွဲ့အစည်းများပါဝင်တဲ့ ပြည်ပနိုင်ငံများမှ လာရောက်ကုသပေးမယ့် ပြည်ပဆရာဝန်များရဲ့ ဘွဲ့လက်မှတ်များ၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာများနဲ့ လုပ်ငန်းလုပ်ပိုင်ခွင့်လုပ်ငန်းများကိုလည်း စိစစ်သတ်မှတ်ခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ ဆရာဝန်များဟာ အရည်အသွေးပြည့်မီတဲ့၊ ထိရောက်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို အများပြည်သူလူထုခံစားခွင့်ရရှိရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ General Medical Council များကိုလည်း လေ့လာကြည့်မယ်ဆိုလို့ရှိရင် ဒီကောင်စီများဟာ သီးခြားရပ်တည်တဲ့ Professional Body များဖြစ်ပါတယ်။ ဆေးပညာလောကရဲ့ အကျိုးစီးပွားအတွက် လွတ်လပ်စွာတာဝန်ယူ တာဝန်ခံနေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဆေးကောင်စီတွေဟာ အုပ်ချုပ်ရေးအပိုင်း၊ နိုင်ငံရေးအပိုင်း၊ လူမှုရေး အပိုင်း၊ ပုဂ္ဂိုလ်ရေးအပိုင်းမှာ ဩဇာသက်ရောက်မှုကင်းရှင်းစွာနှင့် မိမိရဲ့ Professional ကို တာဝန်ယူ ထိန်းသိမ်းမယ့် အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့ မြန်မာနိုင်ငံဆေးကောင်စီဟာ မြန်မာနိုင်ငံဆေးကောင်စီဆိုင်ရာဥပဒေများ ရေးဆွဲပြီးတော့လည်း ရှေ့နေချုပ်ရုံးကိုတင်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒေါက်တာမောင်မောင်ဝင့်ရဲ့ အဆိုပြုတင်ပြချက် အပေါ်နိုင်ငံတော်ရဲ့ပြောင်းလဲလာတဲ့ ဖွဲ့စည်းပုံမူဝါဒလမ်းစဉ်များအရ မြန်မာနိုင်ငံဆေး ကောင်စီကို အစိုးရမဟုတ်သော လွတ်လပ်တဲ့ Professional Body အဖွဲ့အစည်းအဖြစ် ရပ်တည်ခွင့်ပြုနိုင်ရေးအတွက် ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၄း ၃၀။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်အစည်းအဝေးကို နာရီဝက်ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို ညနေ ၃း၀၀ နာရီတိတိမှာ ပြန်လည်စတင် ပါမယ်။ ဧည့်သည်တော်များနှင့်ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]

**အခမ်းအနားမှူး။** ။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၅း ၀၁။**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာမောင်မောင်ဝင့်ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးမယ့် ပုဂ္ဂိုလ်များက ဒေါက်တာဆရာဝန်များတွေပဲ ဖြစ်ပါတယ်။ အစိုးရအဖွဲ့ဝင်ဝန်ကြီးကလည်း ဒေါက်တာတွေပဲ ဖြစ်တဲ့အတွက် ဒီသဘာဝကတော့ ဆရာဝန်လောကပဲနားလည်တဲ့အတွက် အချိန်ပေါ်မူတည်ပြီးတော့ အချိန်ကိုချွေတာနိုင်ရင်တော့ အကောင်းဆုံးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း ဖြစ်ပါတယ်။ ကျန်းမာရေးဦးစီးဌာနရဲ့ အငြိမ်းစားဆရာဝန်ဖြစ်ပြီးတော့ ဆေးပညာနဲ့အသက်မွေးဝမ်းကြောင်းပြုနေသူတစ်ဦးလည်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဗဟန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့်၏ မြန်မာနိုင်ငံဆေးကောင်စီ Myanmar Medical Council အား အစိုးရမဟုတ်သော လွတ်လပ်သော Professional Body အဖြစ်ရပ်တည်ခွင့်ပြုမိန့် အဆိုကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆေးကောင်စီဟာ အရည်အသွေးမီ၍ ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အများပြည်သူတို့ခံစားမှုရရှိစေရန် ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ ဆရာဝန်များရဲ့ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးအဆင့်အတန်းကိုလည်း ထိန်းသိမ်းပေးနေတဲ့ အဖွဲ့အစည်းတစ်ခုလည်းဖြစ်ပါတယ်။ ဆေးပညာကို ခေတ်နဲ့အညီ အဆင့်အတန်းမြင့်မားစွာ လေ့လာသင်ကြားနိုင်စေရန်အတွက် ဆောင်ရွက် ပေးနေတဲ့ အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ ဆေးပညာတိုးတက်မှုကို ဆရာဝန်များ စဉ်ဆက်မပြတ်လေ့လာဆည်းပူးနိုင်ရန် ဆရာဝန်များ၏ ဂုဏ်သိက္ခာထိန်းသိမ်းမြှင့်တင်ရန်အတွက်လည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဆရာဝန်များ၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းရေးအတွက် ကြီးကြပ်ကွပ်ကဲနေတဲ့အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းဟာ ဆေးပညာလောကမှာ တာဝန်ပိုင်း၊

လုပ်ငန်းပိုင်းအားဖြင့် အလွန်မြင့်မားသော အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ တာဝန်လည်းများပြားပါတယ်။ အခုအချိန်အခါမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံစနစ် မူဝါဒလမ်းစဥ်များကို ဒီမိုကရေစီလမ်းစဥ်ကျင့်ထုံးနဲ့အညီ အကောင်အထည်ဖော်ဆောင်နေပြီဖြစ်သောကြောင့် ခေတ်ကာလအခြေအနေ နိုင်ငံတကာကျင့်ထုံး၊ လုပ်ထုံးနှင့်အညီ မြန်မာနိုင်ငံဆေးကောင်စီကို အစိုးရမဟုတ်သော ပြင်ပသြဇာသက်ရောက်မှုကင်းရှင်းသော Professional Body အဖြစ် ရပ်တည်ခွင့်ပြုပေးပါရန်အဆို တင်သွင်းသော ဗဟန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမောင်မောင်ဝင့်၏အဆိုကို သဘောတူထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါးမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ (ကျောက်တံခါးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ ဖြစ်ပါတယ်။ အခု ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့်ရဲ့ မြန်မာနိုင်ငံဆေးကောင်စီ Myanmar Medical Council အားအစိုးရမဟုတ်သော လွတ်လပ်သော Professional Body အဖြစ်ရပ်တည်ခွင့်ပြုမိန့်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။အဆိုကိုရှေ့မှဒေါက်တာနေလင်းနဲ့ ဒေါက်တာအောင်သန်းတို့မှ ပြည့်စုံစွာရှင်းလင်းသွားပြီး ဖြစ်တဲ့အတွက် အချိန်ကိုချွေတာသောအားဖြင့် ကျွန်တော့်အနေနဲ့ အထက်ပါအဆိုကိုလှိုက်လှဲစွာ ထောက်ခံကြောင်း ပြောကြားရင်းနဲ့နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

## ဒေါက်တာ မောင်မောင်ဝင့်၊ ဗဟန်းမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ဝန်ကြီးဌာနမှပြန်လည်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန် ၊ ၁၅း ဝ၆**။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဖြစ်ပါတယ်။ ကျွန်တော် အခု ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မောင်မောင်ဝင့်ရဲ့ မြန်မာနိုင်ငံဆေးကောင်စီကို အစိုးရမဟုတ်သော၊ လွတ်လပ်သော Professional Body အဖြစ်ရပ်တည် ခွင့်ပြုမိန့်အဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ဆရာကြီးတင်ပြတဲ့အတိုင်း မြန်မာနိုင်ငံဆေးကောင်စီ Myanmar Medical Council ပေါ့လေကျွန်တော်ကတော့ MMC လို့အတို ခေါ်ပါတယ်။ အစိုးရမဟုတ်တဲ့လွတ်လပ်တဲ့ Professional Body အဖြစ် ရပ်တည်နိုင်မယ်ဆိုရင်တော့ အတိုင်းထက်အလွန်ကောင်းပါတယ်။ မြန်မာနိုင်ငံ ဆေးကောင်စီ စတင်ပေါ်ပေါက်လာကတည်းက အဲဒီအချိန်ကစပြီး ၁၉၉၃ လောက်အထိကို ကျွန်တော် တို့ ဒီဆရာဝန်မှတ်ပုံတင်ထုတ်ပေးတဲ့ အဖွဲ့လောက်နဲ့ပဲ ရပ်တည်နိုင်ခဲ့ပါတယ်။ ၁၉၉၃ လောက် ကနေစပြီးတော့မှ ဆရာဝန်မှတ်ပုံတင်ထုတ်ပေးတာအပြင် သိမ်းဆည်းတာ၊ စည်းကမ်းနဲ့အညီ ပြန်လည် စိစစ်ထုတ်ပေးတာတို့ လုပ်ကိုင်လာခဲ့ပါတယ်။ သက္ကရာဇ် ၂ဝဝဝ မှာ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပေါ်ပေါက်လာပြီးမှသာ ဥပဒေနဲ့အညီ စနစ်တကျအဖွဲ့ဝင်များအဖြစ် ပါဝင်တဲ့ကျန်းမာရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များပါဝင်လာပြီးတော့ ပြည်နယ်နဲ့တိုင်း တွေမှာလည်း ဒီ တိုင်းဦးစီးဆရာဝန်ကြီးများကိုယ်တိုင်ပဲပြောတယ်။ သူတို့ရဲ့ဌာန တက္ကသိုလ်ကျောင်း တွေရဲ့ အင်အားကိုအသုံးပြုပြီးတော့ ဆရာကြီးဖော်ပြချက်မှာ ပါရှိတဲ့လုပ်ငန်းများကို အရှိန်အဟုန်မြင့် တင်ပြီး ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒီနေ့ ဒီအချိန်အခါမှာ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့အရှိန်အဟုန်ကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတဲ့အခါမှာ လက်ရှိဘောင်ဝင်နေတဲ့လူတွေကို ရုတ်တရက်ရပ်လိုက်ပြီးတော့ Professional Body အဖြစ်နဲ့ လုံးဝကြီးရပ်တည်လိုက်မယ်ဆိုရင် လက်ရှိဆောင်ရွက်နေတဲ့လုပ်ငန်း

အနေနဲ့ အရှိန်အဟုန်ကျပြီးတော့ **ကလပ်**ဖြစ်နိုင်တဲ့ အနေအထားရှိပါတယ်။ ဒါပေမယ့်လည်း တစ်ဘက်က ကြည့်မယ်ဆိုရင် နိုင်ငံတကာအနေအထားမှာ ဒီဆေးကောင်စီများသည် Independent Body အဖြစ်နဲ့ ရပ်တည်နေတယ်။ တစ်ချိန်မှာ ကျွန်တော်တို့သည် ဒေသတွင်းနိုင်ငံများနှင့် တညီတည်း ဖြစ်ရပြီးတော့ နောင်တစ်ချိန်မှာ ဖြစ်ပေါ်လာမယ့်ဒေသတွင်း ကျွန်တော်တို့ Regional License လို့ခေါ်တဲ့ ဒေသတွင်း ဆရာဝန်လိုင်စင်ပေါ့ ဒီ လိုင်စင်အောင်ရင် ကျွန်တော်တို့ နိုင်ငံကဆရာဝန်များ သည် ဒေသတွင်းမှာဘယ်နိုင်ငံမဆို လုပ်ကိုင်ခွင့်ရမယ်။ ဒါတွေကို လုပ်ဆောင်လာနိုင်ဖို့အတွက်က ကျွန်တော်တို့ ဒီပြောင်းလဲလာတဲ့ အခြေအနေနဲ့အညီ မြန်မာနိုင်ငံ ဆေးကောင်စီဟာ Independent Body ပဲဖြစ်ရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်ခုနကတင်ပြတဲ့ အခြေအနေအတိုင်း ကျွန်တော်တို့မှာ ဌာနဆိုင်ရာအကြီးအကဲတွေ ပြည်နယ်နှင့်တိုင်းဒေသကြီးအထိ အဖွဲ့အစည်း အဆင့်ဆင့်မှာပါနေပြီးတော့ သူတို့ရဲ့လက်ရှိလုပ်ပိုင်ခွင့်အနေနဲ့ Facilityကို သုံးပြီးတော့ဆောင်ရွက် နေတဲ့ အရှိန်အဟုန်ကောင်းနေတာဖြစ်တယ်။ ဥပဒေအရလည်း ဒီအတိုင်းဆောင်ရွက်နေတာဖြစ်တဲ့ အတွက် ရုတ်တရက်ကြီးရပ်လိုက်လို့ရှိရင် ဆောင်ရွက်မှုအင်အားလျော့ကျသွားမယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လိုအပ်သည့်လုပ်ငန်းဆောင်တာများကို အပြည့်အဝလုပ်ဆောင်နိုင်ရန် လက်ရှိမှာတော့ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ထောက်ပံ့ကူညီ ပြီးတော့ ကျွန်တော်တို့ကူညီမှုကို တဖြည်းဖြည်းလျှော့ချသွားမယ်။ တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း မှာလည်း ဥပဒေကိုတင်သွင်းပြီးတော့ ကျွန်တော်တို့ခေတ်နဲ့အညီ အချိန်အခါနဲ့ညီအောင် ဆေးကောင်စီ ဥပဒေကိုပြင်ဆင်သွားပြီးတော့တစ်ခါ တဖြည်းဖြည်း Independent ဖြစ်လာနိုင်အောင် လွတ်လပ် သောအဖွဲ့အစည်းတစ်ခုအဖြစ်ရပ်တည်နိုင်အောင် လုပ်ဆောင်သွားနိုင်လျှင်ပိုပြီးတော့ ကောင်းမှာဖြစ် တဲ့အတွက် ဒီကိစ္စသည် အချိန်ယူဆောင်ရွက် သွားရမယ့်ကိစ္စ၊ လုပ်သင့်တဲ့ကိစ္စဖြစ်တယ်။ ဒါပေမယ့် ရုတ်တရက်ချက်ချင်း လုပ်လို့မရဘဲနဲ့အချိန်ယူ လုပ်ဆောင်သွားရမယ့်ကိစ္စ တစ်ရပ်ဖြစ်ကြောင်း ပြန်လည်ဖြေရှင်း ဖြေကြားလိုပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆရာကြီးဒေါက်တာမောင်မောင်ဝင့်ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော် ကိုယ်စားလှယ်သုံးဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ဒီအဆိုကိုပဲ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသွားပါတယ်။ ဆောင်ရွက်သင့်တဲ့ကိစ္စတစ်ခုဖြစ်သော်လည်း အချိန် အတိုင်းအတာတစ်ခုအထိယူဖို့လိုကြောင်း ဒီလိုပဲသဘောပေါက်ပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ ပတ်သက်ပြီးတော့ အဆိုရှင်တင်သွင်းတဲ့နေရာမှာ အဓိကရည်ရွယ်ချက်ကဘာပါလဲ။ ပြီးတဲ့အခါမှာ

ဒီအဆိုအောင်မြင်ပြီးဆောင်ရွက်ဖို့အတွက် ဆေးကောင်စီဖွဲ့စည်းမယ်ဆိုလို့ရှိရင် အချိန်ကာလ ဘယ်လောက်အထိယူပြီးမှ လုပ်လို့ဖြစ်မှာလဲဆိုတာကိုတော့ ကျွန်တော်တို့လွှတ်တော်ကိုပြန်ပြီးတော့ အခုပဲ ရှင်းလင်းတင်ပြစေချင်ပါတယ်။

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးနေတာတော်တော်ကြာပါပြီဗျာ။ ကျွန်တော်နှစ်ပေါင်းအတော်လေးကြာခဲ့ပါပြီ တကယ့် တကယ်တော့။ အဲဒီတော့အားလုံးက ဒီအချိန်အခါအခြေအနေနဲ့လည်းညီညွတ်တယ်။ လုပ်ငန်း သဘောအရလည်း လွတ်လပ်စွာတည်ရှိသင့်တဲ့ Professional Body အဖြစ်နဲ့ရှိသင့်တယ်။ ဒါတွေဟာ အကုန်လုံး ကျွန်တော်တို့ လောကအတွင်းမှာ အကြိမ်ကြိမ်အခါခါ ဆွေးနွေးထားပြီးသား ဖြစ်တဲ့အတွက် ကျွန်တော်၏ အဆိုတင်ပြချက်ဟာ တကယ်တော့အများသူငါ၏ဆန္ဒ၊ ကျွန်တော်တို့ ဆေးပညာလောက ၏ ဆန္ဒလိုအပ်ချက်ကိုထင်ဟပ်ပြီးတော့ တင်ပြတဲ့အဆိုဖြစ်တယ်ဆိုတာကိုတော့ သေချာအလေး အနက်ပြုပြီး ပြောလိုပါတယ်။ ဒါပေမယ့် ဘယ်ကိစ္စဘယ်ဟာမဆို လုပ်ကိုင်ဆောင်ရွက် တဲ့နေရာမှာ၊ အချိန်အခါ အခြေအနေလေးဆိုတဲ့ဥစ္စာလည်း ကျွန်တော်တို့ ထည့်သွင်းစဉ်းစားရပါတယ်။ အချိန်အခါ အခြေအနေ ရောက်ပြီဆိုတော့လည်း လုပ်ငန်းတစ်ခုကို လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ အကောင်အထည်ဖော်တဲ့နေရာမှာ၊ လုပ်ဆောင်တဲ့နေရာမှာ လုပ်သင့်လုပ်ထိုက်တာလေးတွေကို စဉ်းစားတွေးခေါ်ဆွေးနွေး ပြီးတော့မှလိုအပ်ချက်ကလေးတွေကို ဖြည့်ဆည်းပေးရတဲ့ သဘောရှိတော့ အချိန်၏ပွံ့ပိုးစောင့်ရှောက်မှုဆိုတာလည်းလိုပါတယ်။ ဒါကြောင့်မို့လို့ ခုနဆွေးနွေးသွားတဲ့ဝန်ကြီးတင်ပြ ဆွေးနွေးသွားတဲ့ဥစ္စာကို ကျွန်တော့်အနေနဲ့လည်း လက်ခံပါတယ်။ မူအားဖြင့်လည်း အားလုံးက လက်ခံပြီးသားပဲ၊ ထောက်ခံပြီးသားပဲ၊ ဘယ်အချိန်ဘယ်အခါမှာ အကောင်အထည်ဖော်မယ်ဆိုတဲ့ ကိစ္စကတော့ လက်တွေ့အခြေအနေပေါ်မှာတည်ပြီး လုပ်ရမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့လည်း လက်ခံသဘောတူပါတယ်လို့ ကျွန်တော်တင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန် ၊ ၁၅း ၁၃**။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အဆိုထဲမှာလည်းရှင်းပါတယ်။ ရပ်တည်ခွင့်ပြုမိန့်အဆို ဖြစ်ပါတယ်။ ဒီအဆိုကို လွှတ်တော်က အတည်ပြုတယ်ဆိုရင် ဒီအဆိုအတိုင်းဆက်ပြီးတော့ အချိန်ပေါ် မူတည်ပြီး ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကဆရာကြီး ဒေါက်တာမောင်မောင်ဝင့် တင်သွင်းတဲ့အဆိုကို လက်ခံရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် တင်သွင်းတဲ့ **"မြန်မာနိုင်ငံ ဆေးကောင်စီအားအစိုးရမဟုတ်သော လွတ်လပ်သော Professional Body အဖြစ်ရပ်တည်ခွင့်ပြုမိန့်"** ဆိုကိုလွှတ်တော်က အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒေါက်တာ မောင်မောင်ဝင့်၊ ဗဟန်းမဲဆန္ဒနယ်၏ "ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ (Medical Protection Society)အား ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေများ စီမံဆောင်ရွက်သင့်ကြောင်း"အဆို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၅း ၁၅**။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် တင်သွင်းသွားတဲ့ **"ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ Medical Protection Society အား ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ စီမံဆောင်ရွက်သင့်ကြောင်း"** အဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၆ ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခေါ်) ဦးမင်းထွန်း အားဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွန်း(ခေါ်)ဦးမင်းထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ဖြစ်ပါတယ်။ မနေ့က လွှတ်တော်အစည်းအဝေးမှာ ဗဟန်းမဲဆန္ဒနယ်ကလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့် တင်သွင်းသွားခဲ့တဲ့ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ Medical Protection Society ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေများ စီမံဆောင်ရွက်သင့်ကြောင်းအဆိုနဲ့ပတ်သက်ပြီး အောက်ပါအတိုင်းဆွေးနွေးလိုပါတယ်။

ကျွန်တော်တို့တိုင်းပြည်ဟာ ဘာသာတရားကိုရိုသေကိုင်းရှိုင်းသူ ပေါများတာနဲ့အညီ ကျောင်းဆရာ၊ ဆေးဆရာစတဲ့မိမိတို့ရဲ့ကျေးဇူးရှင်များကို ရိုသေလေးစားတန်ဖိုးထားတတ်တဲ့ တိုင်းပြည်

တစ်ပြည်ဖြစ်ပါတယ်။ မိမိတို့ရဲ့ အသက်သခင်ဆေးဆရာဝန်များကို ရိုသေလေးစားတဲ့အတွက် မတော်တဆဆေးထိုးမှားလို့ အသက်ဆုံးပါးသွားခဲ့ရင်တောင် ခွင့်လွှတ်နားလည်ပေးတတ်ကြပါတယ်။ အပြစ်ပြောလေ့သိပ်မရှိကြပါဘူး။ ဆေးကုသမှုတစ်ခုမှားယွင်းသွားလို့ ဆရာဝန်ကိုပြန်တရားစွဲတယ် ဆိုတဲ့ဟာမျိုးဟာ ကျွန်တော့်တစ်သက်မှာတော့ လွန်ခဲ့တဲ့လေးငါးခြောက်လလောက်က ရန်ကုန်က ဆေးခန်းတစ်ခုမှာ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတစ်ခုကိုပဲကြားဖူးခဲ့ပါသေးတယ်။ သို့သော်လည်းပဲ မတော်တဆ ဆေးထိုးမှားလို့ လူနာသေရတဲ့ကိစ္စ၊ ဆရာဝန်ကပေါ့ဆလို့မတည့်တဲ့ဆေးထိုးမိလို့ သေရတဲ့ကိစ္စ စတဲ့၊ စတဲ့ကိစ္စတွေကတော့ မကြာခဏကြားရတတ်လေ့ရှိပါတယ်။ အဆိုးဆုံးဖြစ်ရပ်တွေကတော့ ယာဉ်မတော်တဆဖြစ်မှုကြောင့်သေလုမျောပါးဒဏ်ရာ အနာတရဖြစ်ခဲ့ရတဲ့လူနာများကို ရဲစခန်းနဲ့ မလွတ်မကင်းဖြစ်မှာစိုးတဲ့အတွက် ဆေးခန်းများကကုသပေးဖို့ငြင်းဆန်ပြီး ပြည်သူ့ဆေးရုံကို သွားခိုင်းတာ၊ ခွဲစိတ်မွေးဖွားပေးရမယ့်လူနာကို ငွေလက်ငင်းမပေးနိုင်လို့ ခွဲစိတ်မွေးဖွားမပေးတဲ့ အတွက် သွေးလွန်ပြီးသေရတာ၊ ခွဲစိတ်ဖို့မလိုတဲ့မွေးလူနာကို ခွဲစိတ်မွေးရမယ်ဆိုပြီးအတင်းအဓမ္မ ခွဲစိတ်ခငွေတောင်းတာ၊ လူနာတွေကို နွေးနွေးထွေးထွေးကြင်ကြင်နာနာမဆက်ဆံတာ စတဲ့၊ စတဲ့ ဆေးဘက်ဆိုင်ရာဝန်ထမ်းများရဲ့ ကျင့်ဝတ်နဲ့မလျော်ညီတဲ့ လုပ်ရပ်မျိုးတွေကိုတော့ တော်တော်များများ ကြားရလေ့ရှိပါတယ်။ အဲဒီလိုကိစ္စမျိုးတွေမှာ လူနာတွေဘက်ကရှေ့နေလိုက် ဆောင်ရွက်ပေးမယ့် ပုဂ္ဂိုလ်များလည်းမရှိသလောက်ရှားပါတယ်။ ဒါကြောင့် ကျွန်တော်တို့တိုင်းပြည်မှာ ဒီလိုစိတ်နှလုံး မချမ်းမြေ့ဖွယ်ရာကောင်းတဲ့ လူနာနဲ့ဆေးဘက်ဆိုင်ရာဝန်ထမ်းများအကြား ဆက်ဆံရေးကိုကြင်ကြင် နာနာနွေးနွေးထွေးထွေးနဲ့ ပိုမိုကောင်းမွန်ချောမွေ့လာစေရေးဟာ သိပ်ကိုလိုအပ်နေတဲ့ကိစ္စတစ်ရပ် ဖြစ်ပါတယ်။ အခု ဒေါက်တာမောင်မောင်ဝင့်တင်သွင်းတဲ့ ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ ဖွဲ့စည်း ရေးဆိုတာက ဒီလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မှာမဟုတ်တဲ့အပြင် ဆန့်ကျင်ဘက်အကျိုးသက် ရောက်မှုကိုသာဖြစ်စေမှာဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုချင်တာက ဒီနေ့ ကာလမှာ ဆေးပညာရှင်များကို ကာကွယ်ပေးရေးထက် လူနာများကိုနွေးနွေးထွေးထွေး လေးလေးစားစားဆက်ဆံခံရဖို့ တစ်နည်း ပြောရရင် လူနာများကိုကာကွယ်ပေးရေးက ပိုမိုအရေးကြီးပါတယ်။ ဒါ့ကြောင့် အဲဒီလိုဆေးပညာရှင် များကာကွယ်ရေးအဖွဲ့ Medical Protection Society ဖွဲ့စည်းရေးကိုပြုလုပ်မယ့်အစား ဆေးဘက်ဆိုင်ရာမတော်မတရားမှုများ ကူညီဖြေရှင်းရေးအဖွဲ့ဆိုပြီး လူနာများနဲ့ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအကြား အငြင်းပွားမှုများကို လူမှုရေးရှုထောင့်၊ ဆေးပညာရှုထောင့်တို့မှ တရားမျှမျှတတ မှန်မှန်ကန်ကန်ဖြင့် ကြည့်မြင်ဖြေရှင်းပေးမယ့် အဖွဲ့များဖွဲ့စည်းခြင်းက လူနာများနဲ့ဆေးဘက်ဆိုင်ရာ

ဝန်ထမ်းများအကြားဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်လာလိမ့်မယ်လို့ ထင်မြင်မိကြောင်း တင်ပြဆွေးနွေးရင်း ဒေါက်တာမောင်မောင်ဝင့်ရဲ့အဆိုကို ပြန်လည်သုံးသပ်ဖို့ တိုက်တွန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မနေ့က ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့် အဆိုပြု တင်ပြခဲ့သည့် ဆေးပညာရှင်များကာကွယ်ရေးအဖွဲ့ (Medical Protection Society) ဖွဲ့စည်း နိုင်ရေးအတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေများ စီမံဆောင်ရွက်သင့်ကြောင်းအဆိုကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆရာဝန်ဆေးပညာရှင်များဖက်က စေတနာသဘောရိုးဖြင့် ကုသဆောင်ရွက် ပေးခဲ့သော်လည်း အချို့သောလူနာရှင်များဘက်က အထင်အမြင်လွဲမှား၍တိုင်ကြားခြင်း၊ တရားစွဲဆို ခြင်းများပြုလုပ်ခဲ့သည့်အတွက် ဆရာဝန်များဘက်က နစ်နာခဲ့ရသောသာဓကများရှိပါတယ်။ ထင်ရှား သည့်အကြောင်းအရာ အဖြစ်အပျက်သာဓကတစ်ခုမှာ ၁၉၉၇ ခုနှစ်အတွင်းက ရန်ကုန်မြို့မှာရှိတဲ့ ဆရာဝန်ကြီးတစ်ဦးက ၎င်းထံလာရောက်ကုသခဲ့သည့် အသည်းအသန်လူနာတစ်ဦးကို ရန်ကုန်ဆေးရုံ ကြီးသို့သွားရန်အကြံပေးခဲ့ရာ မိသားစုက လမ်းတွင်နေသာရန်ဆေးထိုးပေးရန်ပြောသဖြင့် အမောပြေ ဆေးတစ်လုံးကိုထိုးပေးခဲ့ပါတယ်။ ဒီလူနာဟာ ရန်ကုန်ဆေးရုံကြီးသို့ရောက်ခါနီးမှာ သေဆုံးသွားတဲ့အ တွက်၎င်းဆရာဝန်ကြီးထိုးပေးသောဆေးကြောင့် လူနာသေဆုံးရသည်ဟူသော စွပ်စွဲချက်ဖြင့်တိုင်ကြား ခဲ့ရာ ၎င်းဆရာဝန်ကြီးမှာ ထောင်လေးနှစ်ကျပြီးတဲ့နောက် ထောင်မှလွတ်လာတဲ့အခါမှာလည်းပဲ မိသားစုဘဝပျက်ပြီးတော့ အချိန်မတိုင်မီစောစီးစွာကွယ်လွန်ခဲ့ရပါတယ်။ ဤကဲ့သို့ မသိနားမလည် ခြင်း၊ ကိုယ်ကျိုးစီးပွားအတွက်လီဆယ်တိုင်ကြားခြင်းနှင့် အထင်အမြင်လွဲမှား၍ တိုင်ကြားခြင်းများ အတွက် Medical Protection Society ဖွဲ့ထားရန်လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ စီမံဆောင်ရွက်သင့်ကြောင်းနှင့် ပြင်ပဆေးခန်းထိုင်ဆရာဝန်လေးများအနေနဲ့လည်း ငွေကြေးမတတ် နိုင်ကြသဖြင့် ၎င်းတို့အတွက် သက်သာသောဝင်ကြေးပေး၍ ဖွဲ့စည်းသင့်ပါကြောင်းထောက်ခံ ဆွေးနွေးရင်းနဲ့ နိဂုံး ချုပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်း (ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်တောင်းပါတယ်။ ကျွန်တော်ကတော့ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဗဟန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့်ရဲ့ ဆေးပညာရှင်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းခြင်းခွင့်ပြုပါရန်ဆိုတဲ့အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ Medical Protection Society လို့ခေါ်တဲ့ဆေးပညာရှင်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဆိုတာ UK နိုင်ငံ ဆရာဝန်ကြီး တစ်ဦးဟာ ဆေးကုသပေးရင်းနဲ့ထောင်ချခံလိုက်ရတာကအစ ၁၈၉၂ ခုနှစ် မှာ UK နိုင်ငံက စတင် ပြီးတော့ နိုင်ငံတော်တော်များများမှာ စတင်ထူထောင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါတယ်။ အခုအချိန် အခါမှာဆိုလို့ရှိရင် Iseland, New Zealand, Hong Kong နဲ့ Jamica နိုင်ငံတွေအထိ ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်ဆောင်ရွက်ကြနေပြီဖြစ်ပါတယ်။ ဒီလို အသင်းအဖွဲ့မျိုးပေါ်ပေါက် လာခြင်းအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူကြတဲ့ပြည်သူများဟာ လုံခြုံပြည့်ဝပြီး တရားမျှတ တဲ့ကုသမှုတွေ၊ ရောဂါရှာဖွေမှုတွေ ခံစားကြရမှာဖြစ်ပါတယ်။ ဆရာဝန်များ၊ ဆေးပညာရှင် များကိုလည်း ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာကနေ ဥပဒေကြောင်းအရအရေးယူဖို့ အခြေအနေပြဿနာများ ပေါ်ပေါက်လာတဲ့အခါဥပဒေနဲ့အညီ ကူညီပံ့ပိုးပေးနိုင်မှာဖြစ်ပါတယ်။ ဆေးပညာလောကမှာ ကျန်းမာရေးစောင့်ရှောက်မှုအမျိုးမျိုးကိုပေးလျက်ရှိတဲ့ ကျန်းမာရေးဝန်ထမ်းများရဲ့ အကျိုးစီးပွားကိုလည်း ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများရဲ့ ပေါ့ဆမှု၊ တာဝန်မကျေမှု၊ ကျွမ်းကျင်မှုဆိုင်ရာ အားနည်းချက်များကြောင့် အမှန်တကယ် ထိခိုက်နစ်နာမှု ရှိတဲ့ လူနာများ၊ မိသားစုများအတွက်လည်း တရားမျှတမှုရှိအောင် ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဆရာဝန်ကျင့်ဝတ်သိက္ခာနှင့်အညီ အရည်အသွေးပြည့်မီတဲ့ကုသမှု၊ စောင့်ရှောက်မှုများကိုလည်း ဖြစ်စေဖို့ဦးတည်ပြီးတော့ ဆောင်ရွက်သွားမယ့် အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ ဤအဖွဲ့အစည်းကြီး ဖြစ်ပေါ်လာပါက ဆရာဝန်များ၊ ဆေးပညာရှင်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု ရှိစေရန်၊ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်စေရန်လူနာများကို ရောဂါရှာဖွေခြင်း၊ ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးရာမှာ မလိုလားအပ်တဲ့ ပြဿနာများ၊ ထိခိုက်နစ်နာမှုများလျော့ပါးစေရန် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ ပညာပေးဟောပြောမှုများကိုလည်း ပြုလုပ်သွားမှာဖြစ်ပါတယ်။ လုပ်ငန်းခွင်မှာ လူမှုဆက်ဆံရေး

ပြဿနာတွေ ဥပဒေနဲ့ငြိစွန်းနိုင်တဲ့ကိစ္စရပ်တွေ အခြေအနေတွေကို ဆောင်ရန်၊ ရှောင်ရန်ပါ မကျန် အကြံပေးသွားဖို့လည်းရှိပါတယ်။ မှုခင်းဆေးပညာဆိုင်ရာကိစ္စတွေ၊ တရားရုံးမှာ ထွက်ဆိုရမယ့် ကိစ္စတွေ၊ မီဒီယာနဲ့တွေ့ဆုံရင်ဆိုင်ရမယ့် ကိစ္စတွေမှာလည်း လုပ်နည်းလုပ်ဟန်တွေမှန်ကန်ဖို့ ကူညီဆောင်ရွက်ပေးနိုင်တဲ့ အဖွဲ့အစည်းလည်းဖြစ်ပါတယ်၊ ယခုအခါ မြန်မာနိုင်ငံမှာလည်း တခြားနိုင်ငံများနည်းတူ ဆေးကုသပေးခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ရောဂါအမည်တပ် အကြံပြုဆုံးဖြတ်တဲ့ နေရာတွေမှာလည်း ပြဿနာများပေါ်နေပါပြီ။ တိုင်တန်းခြင်း၊ အမှုဖွင့်စွဲဆိုခြင်း၊ လျော်ကြေးငွေတောင်းခံခြင်းများရှိလာကြပါတယ်။ အမှန်တကယ်လိုအပ်သည်များရှိသလို အထင်အမြင်လွဲလို့၊ မသိနားမလည်လို့ လီဆယ်ပြီးနည်းအမျိုးမျိုးနဲ့ တောင်းဆိုမှုများရှိနေတာကိုလည်းတွေ့ရပါတယ်။ အဲဒီလို အခြေအနေတွေတင်းမာလာတဲ့အခါ ကျန်းမာရေးစောင့်ရှောက်မှုပေးသူနဲ့ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူနှစ်ဦးနှစ်ဖက် ယုံကြည်ကိုးစားမှုတွေ၊ မေတ္တာစေတနာတွေပျက်ယွင်းလာနိုင်ပါတယ်။ Medical Protection Society ဟာ ဆေးပညာရှင်များသာမက ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများနှင့် သက်ဆိုင်သူမိသားစုများအတွက်ပါ တရားမျှတအောင် ဆောင်ရွက်ပေးနိုင်စွမ်းရှိတဲ့ အတွက်ဆေးပညာရှင်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့သည် လက်ရှိခေါ်ဝေါ်နေသည့်အမည်ထက် ပိုမိုနက်ရှိုင်းသောအဓိပ္ပာယ်ကိုဆောင်နေပါတယ်။ အဲဒါကြောင့် တရားမျှတမှု၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု၊ ဖြဟ္မစိုရ်တရားပြည့်ဝမှုတို့ကိုရည်သန်၍ Medical Protection Society ကဲ့သို့သောအဖွဲ့အစည်းကို အခြေအနေ၏လိုအပ်ချက်များနှင့်အညီ လေ့လာဆွေးနွေးတိုင်ပင်ကြပြီး မိမိနိုင်ငံနဲ့ကိုက်ညီသော ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းဖွဲ့စည်းခွင့်ပြုသင့်ပါကြောင်း ဗဟန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့်၏အဆိုကို ထောက်ခံဆွေးနွေးတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဒေါက်တာဝင်းမြင့်၊ လှိုင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့် (လှိုင်မဲဆန္ဒနယ် )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီနေ့ ကျွန်တော်ကတော့ ဒေါက်တာမောင်မောင်ဝင့်၊ ဗဟန်းမဲဆန္ဒနယ်မှ ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ Medical Protection Society ဖွဲ့စည်းနိုင်ရန်အတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေများ စီမံဆောင်ရွက်သင့်ကြောင်းအဆိုကို အကြံပြုဆွေးနွေးမှာဖြစ်ပါ

တယ်။ ကျွန်တော်ဆွေးနွေးဖို့အတွက် ပြင်ဆင်ထားတဲ့အချက်အလက် တော်တော်များများဟာ ကျွန်တော်ရှေ့က ဒေါက်တာဦးအောင်သန်း ပြောကြားသွားတဲ့အထဲမှာ ပါသွားပြီးဖြစ်တဲ့အတွက် ကြောင့်မို့လို့ အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်တော် အသေးစိတ်ပြောကြားခြင်းမပြုတော့ပါဘူး။ ဒါပေမယ့် ဒီနေရာမှာဖြည့်စွက် ဆွေးနွေးလိုတာကတော့ Medical Protection Society လို့ ဖွဲ့ခဲ့မယ်ဆိုလို့ရှိရင် Medical Protection Society သည် ဆရာဝန်များကိုသာ ကာကွယ်ပေးခြင်း မဟုတ်ဘဲနဲ့ ဆေးပညာရပ်လောကတစ်ခုလုံးကို ကာကွယ်ပေးခြင်းဖြစ်ဖို့လိုပါတယ်။ ဆေးပညာရပ် ကာကွယ်ပေးခြင်းဆိုတာက ဆေးပညာရပ်သည် အရည်အချင်းပြည့်ဝသောဆေးပညာရပ်ဖြစ်ဖို့အတွက် ကာကွယ်ပေးဖို့ဆိုလိုခြင်းဖြစ်ပါတယ်။ အရည်အချင်းပြည့်ဝသောဆေးပညာရပ် ဆေးကုသမှုပေးနိုင် အောင် Medical Protection Society နဲ့ ဆောင်ရွက်ပေးခြင်းအားဖြင့် တစ်ဘက်က လူနာမိသားစု များ နစ်နာနေမှုများကို ကာကွယ်ပေးရာရောက်နိုင်တယ်လို့ ကျွန်တော် အကြံပြုဆွေးနွေးလိုပါတယ်။ ဒီလို အချက်အလက်သာထည့်သွင်းပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့မယ်ဆိုလို့ရှိရင် ယခုဆရာကြီး ဦးမောင်မောင်ဝင့်တင်ပြတဲ့ Medical Protection Society သည် တရားမျှတမှုကိုအခြေခံသော ဆရာဝန်များကိုသာ ကာကွယ်ပေးသောအဖွဲ့အစည်းမဟုတ်ဘဲ လူနာများကိုပါအကာအကွယ်ပေးနိုင် သောအဖွဲ့အစည်းတစ်ခု၊ လူနာများထိခိုက်နစ်နာမှုမဖြစ်အောင် ကြိုတင်ကာကွယ်ပေးနိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်လာနိုင်မယ့်အတွက်ကြောင့်မို့ ဆောင်ရွက်ဖို့အကြံပြုဆွေးနွေးလိုပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာလည်းပဲ အထောက်အကူပြုလုပ်ငန်းတစ်ခုအနေနဲ့ ဆေးပညာစောင့်ရှောက်မှု လုပ်ငန်းအရည်အသွေး ပြည့်မီရေးအတွက်ကို အချို့သောနိုင်ငံများမှာ Medical Audity System ကျင့်သုံးတယ်လို့သိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်းပဲ ဆေးရုံဆေးခန်းတွေမှာ အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများမှာ လက်ရှိပေးဆောင်လျက်ရှိတဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို Medical Audity System ကိုထည့်သွင်းပြီးကျင့်သုံးနိုင်ခဲ့မယ်ဆိုလို့ရှိရင်တော့ လူနာများအတွက် ပိုမိုကောင်းမွန် သောကျန်းမာရေးစောင့်ရှောက်မှုရနိုင်မှာ ဖြစ်ကြောင်းဆွေးနွေးတင်ပြရင်းနဲ့ ဆရာကြီး ဦးမောင်မောင်ဝင့် တင်ပြသော Medical Protection Society ကို ဆရာဝန်များကိုသာ ကာကွယ်ပေးသော အဖွဲ့အစည်းမဟုတ်ဘဲ လူနာများအတွက်ကိုပါကာကွယ်ပေးသော အဖွဲ့အစည်းအဖြစ်ဖွဲ့စည်းနိုင်ဖို့ ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးအောင်မြင့်သိန်း၊ ပေါင်းတည်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်သိန်း(ပေါင်းတည်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပေါင်းတည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ ခေတ်အဆက်ဆက် အစိုးရလက်ထက်တွေမှာ ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆေးဘက်ဆိုင်ရာပညာရှင်တွေရဲ့ ကျင့်ဝတ်သိက္ခာဆိုင်ရာ ကိစ္စရပ်တွေအတွက် လိုအပ်သော စည်းမျဉ်းဥပဒေ၊ နည်းဥပဒေတွေကို ပြဋ္ဌာန်းကျင့်သုံးခဲ့ကြပါတယ်။ လက်ရှိအခြေအနေမှာ တိုးပွားလာတဲ့လူဦးရေ၊ လူမှုစရိုက်လက္ခဏာများ၊ အတွေးအခေါ်များပြောင်းလဲလာမှု၊ ပညာရပ်ဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာမှု အစရှိသည်ဖြင့် ဒီလိုအချက်တွေအပေါ်မှာအခြေခံပြီး မလျော်ညီတော့တဲ့ အားနည်းချက်ရှိနေတဲ့ စည်းမျဉ်းဥပဒေနဲ့ နည်းဥပဒေတွေကို ပြင်ဆင်ဖို့၊ ဖြည့်စွက်ဖို့ လိုအပ်လာတယ်လို့သုံးသပ်မိပါတယ်။ လက်ရှိမျက်မှောက်ကာလ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ကိစ္စရပ်တွေမှာ ဆေးပညာရှင်များအပိုင်းနဲ့ ပြည်သူတွေရဲ့အပိုင်းမှာ မကျေနပ်မှုတွေ၊ အငြင်းပွားမှုတွေ၊ စွပ်စွဲပြောဆိုတိုင်တန်းမှုတွေ၊ တရားစွဲဆိုမှုတွေအထိရှိလာတာကို မကြာခဏကြားသိနေရပါတယ်။ တကယ်ဆို ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာမှာ ပြည်သူလူနာတွေဘက်က ဆေးပညာရှင်များ အပေါ်မှာအမြင်ကြည်လင်စွာနဲ့၊ ယုံကြည်အားကိုးအားထားရှိနိုင်ဖို့နဲ့ ဆေးပညာရှင်များကလည်း လူနာတွေကို စေတနာ၊ မေတ္တာပြည့်ဝစွာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ အထူးပဲလိုအပ်မှာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးဖြစ်စေဖို့အတွက် သင့်လျော်မည့်ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းစီမံဆောင်ရွက်သင့်ပါတယ်။ ထို့ကြောင့် နှစ်ဦးနှစ်ဘက် မကျေလည်မှုများ ဖြစ်ပေါ်လာပါက လူနာပြည်သူများဘက်ကအခွင့်အရေးရှိသလို ဆေးပညာရှင်များဘက်ကလည်း ပြေလည်ရာပြေလည်ကြောင်း ဖြေရှင်းပေးနိုင်တဲ့ ဆေးပညာရှင်များကာကွယ်ရေးအဖွဲ့ Medical Protection Society ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေများ စီမံဆောင်ရွက်သင့်ပါကြောင်း ဗဟန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့် တင်သွင်းသွားသောအဆိုကို ထောက်ခံအပ်ပါတယ် ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးသူရ၊ ကျုံပျော်မဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးသူရ(ကျုံပျော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့သ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့်တင်သွင်းသွားတဲ့ မြန်မာနိုင်ငံဆေးပညာရှင်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းရန်အဆိုနဲ့ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဆရာဝန်အများစုဟာ Myanmar Medical Association အသင်းဝင်တွေဖြစ်ပါတယ်။ ၎င်းအသင်းတွေနဲ့ အသင်းသားများရဲ့ သာရေး၊ နာရေး၊ လူမှုရေး၊ သက်ကြီးဆရာဝန်များအား စောင့်ရှောက်ရေး၊ တိုးတက်သောဆေးပညာဘာသာရပ်များအား စဥ်ဆက်မပြတ်သင်ယူနိုင်ရေးစသည့် ဆောင်ရွက်ပေးခဲ့လို့ များစွာအကျိုးကျေးဇူးများ ခံစားရပါတယ်။ သို့သော် Medical Protection Society တွေမှာတော့ လူမှုရေးကဏ္ဍအနက် ပညာရေးတိုးတက်ရုံ သာမက Medical Legal Advice များ Legal Representation များပါဝင်မှာဖြစ်လို့ ပိုမိုပြည့်စုံလာမှာဖြစ်ပါတယ်။ Medical Protection Society ဟာ အင်္ဂလန်နိုင်ငံမှာ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်ကတည်းကဖွဲ့စည်းထူထောင်ခဲ့ပြီးတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ၎င်းအဖွဲ့အစည်းရဲ့ ရည်ရွယ်ချက်များကိုကြည့်ရင် ကျန်းမာရေးဝန်ထမ်းများဥပဒေနဲ့အညီ ကာကွယ်စောင့်ရှောက်ပေးထားသလို တစ်ဖက်မှာလည်းပေါ့ဆမှု၊ တာဝန်မကျေမှုနဲ့၊ ကျွမ်းကျင်မှုဆိုင်ရာအားနည်းမှု၊ မလျော်စွာပြုကျင့်မှုစတဲ့ ထိခိုက်နစ်နာမှုများရရှိသွားတဲ့ လူနာမိသားစုများရှိလာရင်လည်း တရားမျှတစွာရရှိခံစားနိုင်စေရန်၊ အရည်အသွေးပြည့်မီသော ကုသစောင့်ရှောက်မှုများ ရရှိစေရန်စတဲ့ ရည်ရွယ်ချက်များ ပါဝင်တာကို တွေ့ရပါတယ်။ ၎င်းအဖွဲ့အစည်းမှာ ဟောပြောမှုများ၊ သင်တန်းများ၊ ဆွေးနွေးမှုများ၊ ဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ အကြံပေးခြင်းများ ပါဝင်မှာဖြစ်လို့ လုပ်ငန်းကျွမ်းကျင်မှုရရှိစေမှာ အမှန်ပင်ဖြစ်ပါတယ်။ ဒါ့ကြောင့် လူနာများအားစောင့်ရှောက်မှုမှာ အရည်အသွေးပြည့်ဝစွာနဲ့ လူနာများအတွက် များစွာအကျိုးသက်ရောက်လာမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်းပဲ ဆေးပညာရှင်ဆရာဝန်များအား တိုင်တန်းတောင်းဆိုခြင်းများဖြစ်လာခဲ့လျှင် ဥပဒေနဲ့အညီကာကွယ်ပေးနိုင်မှာဖြစ်လို့ ဆရာဝန်များအတွက်လည်း အကာအကွယ်ရမှာဖြစ်ပြီး နှစ်ဦးနှစ်ဖက်အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်မယ့်အဖွဲ့အစည်း

တစ်ရပ်ဖြစ်ပါတယ်။ ဒါ့ကြောင့် ဗဟန်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မောင်မောင်ဝင့် တင်သွင်းခဲ့တဲ့ Medical Protection Society အားဖွဲ့စည်းခွင့်ပြုရန်အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ဒေါက်တာ မောင်မောင်ဝင့်၊ ဗဟန်းမဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန် ၊ ၁၅း ၃၆။**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို နှလုံးစိတ်ဝမ်း အေးချမ်း ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဖေသက်ခင် ဖြစ်ပါတယ်။ ဒီဆရာကြီး မောင်မောင်ဝင့်ရဲ့အဆိုကို ကျွန်တော် ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ အဆိုတင်သွင်းတဲ့ ဆရာကြီး ဦးမောင်မောင်ဝင့်ကိုရော၊ ဆွေးနွေးပေး တဲ့ ကိုယ်စားလှယ်တော်ကြီးများကိုရော၊ ခွင့်ပြုတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကိုရော ကျေးဇူးအများကြီး တင်ရှိကြောင်းဦးစွာပြောချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း လွှတ်တော်ကနေတစ်ဆင့် အသိပေး ချင်တဲ့ကိစ္စလေးတွေရှိတဲ့အတွက် ဒါကိုဖြေကြားရတဲ့အတွက် ကျွန်တော့်အနေနဲ့အများကြီး ဝမ်းသာ ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့တော့ ဆရာဝန်များ၊ အခြားပညာရှင်များအဖွဲ့ဝင်အဖြစ် ထားသင့်တဲ့ ဆေးပညာရှင်များကာကွယ်ရေးအဖွဲ့ Medical Protection Society ကို ကိုယ်စားလှယ်တော်ကြီးများ အကြံပြုတဲ့အတိုင်း ဖွဲ့စည်းရန်လိုအပ်တယ်လို့ယူဆပါတယ်။ ပထမဆုံး ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တော်ကြီးကို ကျွန်တော်တို့ ဆရာဝန်တွေကို တစ်ဖက်သတ်အကာအကွယ် ပေးပြီးတော့ လူနာတွေကိုနိုင်ထက်စီးနင်းလုပ်မယ့် အဖွဲ့အစည်းမျိုးမဟုတ်ပါဘူး၊ Medical Protection Society အကြောင်းကိုပဲဖြစ်ဖြစ် သူတို့ဆီမှာ သူနဲ့အလားတူအဖွဲ့အစည်းတွေ နိုင်ငံတကာမှာရှိနေတဲ့ Medical Defence Union ဆိုတဲ့ အဖွဲ့အစည်းတွေရဲ့ အကြောင်းအရာတွေ လေ့လာကြည့်မယ်ဆိုရင် တရားမျှတမှုရှိဖို့ လုပ်ထားတဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ဆရာဝန်တွေနဲ့ပတ်သက်လို့ အဖွဲ့အစည်း တွေရှိပါတယ်။ မြန်မာနိုင်ငံဆရာဝန်အသင်းသည် ဆရာဝန်များဖက်က ရပ်တည်ပြီးတော့ ဦးဆောင်မှု

ပေးတဲ့ Knowledge Give and Attitude ပညာရပ်ဆိုင်ရာမှာ အသိပညာရော၊ အတတ်ပညာရော ခံယူတတ်သော သဘောထားရောအတွက် ဦးဆောင်ပါတယ်။ မြန်မာနိုင်ငံ ဆေးကောင်စီ Myanmar Medical Council ကတော့ ရှိသင့်ရှိထိုက်တဲ့ Standard တွေ၊ ဆေးတက္ကသိုလ်တွေမှာလည်း ရှိသင့်ရှိထိုက်တဲ့ Standard တစ်ဦးချင်းတစ်ယောက်ချင်း ဆရာဝန်တွေမှာလည်း ရှိသင့်ရှိထိုက်တဲ့ Standard ကို ပြဌာန်းထိန်းသိမ်းပြီးတော့ ဆရာဝန်ကျင့်ဝတ်နဲ့ကျူးလွန်လာရင်၊ ဆရာဝန်ရဲ့ အရည်အသွေးနဲ့မကိုက်ညီရင် အရေးယူရတဲ့အဖွဲ့အစည်းပဲဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ခုက ဦးဆောင်မှုပေးတယ်၊ အဖွဲ့အစည်းတစ်ခုက စည်းကမ်းဖောက်ဖျက်မှုကို အရေးယူတယ်ဆိုတဲ့အခါမှာ သူတို့နိုင်ငံမှာ နောက်ထပ်အဖွဲ့အစည်းတစ်ခုက အကာအကွယ်ပေးတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ အကာအကွယ်ပေးတဲ့ အဖွဲ့အစည်းဆိုတာ လူနာဘက်ကကိုရော၊ ဆရာဝန်ဘက်ကကိုရော တရားသဖြင့် ဖြစ်သင့်ဖြစ်ထိုက်တဲ့ဟာကို ဥပဒေနည်းလမ်းကြောင်းအရ အကာအကွယ်ပေးတဲ့အဖွဲ့အစည်းအနေနဲ့ Medical Protection Society သို့မဟုတ် Medical Defence Union တွေဆိုတာရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့လက်ရှိကျန်းမာရေးစနစ်အခြေအနေနဲ့ တစ်ဘက်က လည်း Private Sector ပေါ့ ပုဂ္ဂလိကဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှုကလည်း တိုးတက်လာတဲ့အချိန်မှာ အခုလို ပြဿနာတွေသည် ရှေ့လျှောက်ဒီအတိုင်းထားရင်ပိုမိုပြီးတော့ Trend ကတော့ ပိုများလာမယ့်ဘက်ကိုသွားနေတဲ့အနေအထားမျိုးရှိတယ်လို့ ကျွန်တော်တို့ သုံးသပ်ပါတယ်။ အဲတော့ အခုချိန်မှာ ဒီအဖွဲ့အစည်းဟာ လိုလားအပ်တဲ့အဖွဲ့အစည်းဖြစ်နေပါပြီ။ ဒီဟာကိုရှိမှသာဒီအဖွဲ့အစည်းမျိုးရှိမှသာ ကျွန်တော်တို့တွေသည် အခုချိန်မှာ စတင်တွေ့လာနေရတဲ့ပြဿနာတွေကို အချိန်မီကြီးရာကနေ ငယ်အောင်၊ ငယ်ရာကနေပပျောက်အောင် ကျွန်တော်တို့တားဆီးနိုင်မှာပဲဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းကို ဘယ်လိုဖွဲ့စည်းမလဲဆိုရင်တော့ ကျွန်တော်တို့မှာ ရှိပြီးသားမြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် တွဲဖက်၍ဖြစ်စေ၊ ဒါမှမဟုတ်လို့ရှိရင် ဒီအခြားသင့်တော်တဲ့ အဖွဲ့အစည်းတစ်ခုအနေနဲ့ ဥပမာ ကျွန်တော်တို့ အရင်က ဆွေးနွေးထားတဲ့အတိုင်းပေါ့လေ မြန်မာ့အာမခံလုပ်ငန်း၊ ရှေ့နေချုပ်ရုံး ဒါတွေနဲ့ တိုင်ပင်ပြီးတော့ အဖွဲ့အစည်းတစ်ခုအနေနဲ့ ဖွဲ့စည်းသင့်တယ်လို့ပဲ ကျွန်တော်တို့ ယူဆပါတယ်။ ဒါကတော့ အစိုးရကနေ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနကနေ လုပ်ရမယ့်အဖွဲ့အစည်းမဟုတ်ပါဘူး။ ဒါကတော့ NGO အနေနဲ့ရှိရမယ့်အဖွဲ့အစည်းတစ်ခုလို့ပဲယူဆပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့တော့ Medical Protection Society ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သည်များကို ပြည့်စုံအောင် ကျွန်တော်တို့အပိုင်းက ပံ့ပိုးနိုင်တာရှိတာပံ့ပိုးပြီးတော့ သီးခြားကိစ္စတစ်ရပ်အနေနဲ့ ဆက်လက်စဥ်းစား

ဆောင်ရွက်သွားသင့်တဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆရာကြီးဒေါက်တာမောင်မောင်ဝင့်ရဲ့ အဆိုပြုချက်အပေါ်မူတည်ပြီးတော့ ကိုယ်စားလှယ် ခြောက်ဦးဆွေးနွေးပါတယ်။ နောက်သက်ဆိုင်ရာဝန်ကြီး ဖြည့်စွက်ဆွေးနွေးပါတယ်။ အားလုံးခုနစ်ဦးဖြစ်ပါတယ်။ အဲလိုဆွေးနွေးတဲ့နေရာမှာ ပထမဦးဆုံးဦးရဲထွန်း၊ သီပေါမဲဆန္ဒနယ်က ဆွေးနွေးတဲ့ တစ်ယောက်သာလျှင်ထောက်ခံတယ်ဆိုတဲ့ အသုံးအနှုန်းမသုံးဘဲနဲ့ ပြန်လည်သုံးသပ် ပါရန်ဆိုတဲ့အသုံးအနှုန်းသုံးပါတယ်။ ပြန်လည်သုံးသပ်ဖို့အတွက် သက်ဆိုင်ရာ အထူးသဖြင့်တော့ ဆရာဝန်များတွေရဲ့ ဆွေးနွေးတင်ပြချက်ရယ်၊ ဆရာဝန်မဟုတ်သော်လည်း ဦးအောင်မြင့်သိန်း၊ ပေါင်းတည်မဲဆန္ဒနယ်ကနေပြီးတော့ အခြေအနေသုံးသပ်ပြီးတော့ ထောက်ခံတယ်ဆိုတာရယ်က ဦးရဲထွန်း ပြန်လည်သုံးသပ်ပါဆိုတဲ့ဟာအားလုံး တစ်ပါတည်းပြီးတယ်လို့ ကျွန်တော်ယူဆပါတယ်။ တကယ်တမ်းကျတော့လည်း အဆိုရှင်တင်ပြမှုဟာလည်း မိမိဥက္ကဋ္ဌကို တိုင်တည်တင်ပြသလို ဆွေးနွေးမယ့်သူများကလည်း မိမိဥက္ကဋ္ဌဆီကိုပဲတိုင်တည်ဆွေးနွေးရတဲ့သဘာဝဟာ လွှတ်တော်ရဲ့ သဘာဝပဲဖြစ်ပါတယ်။ အဲလိုဆွေးနွေးသွားတဲ့နေရာမှာ ဆရာဝန်များနဲ့ ဒေါက်တာမဟုတ်သော၊ ဆရာဝန်မဟုတ်သော ဦးအောင်မြင့်သိန်းတို့ရဲ့ ဆွေးနွေးချက်ထဲမှာ ဒီ Medical Protection Society ဆိုတာဟာ ဆရာဝန်နှင့်ဆေးပညာရှင်များကိုသာ အကာအကွယ်ပေးတာမဟုတ်ပဲနဲ့ Patient Protection လူနာများကိုပါ အကာအကွယ်ပေးတဲ့ အဖွဲ့အစည်းဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ပါ။ ပြီးတော့ ဒါလည်း ခိုင်ခိုင်လုံလုံ ပြောသွားတဲ့အနေအထားတွေ့ရပါတယ်။ သို့ရာတွင် မြန်မာလို ပြန်ဆိုထားတဲ့ ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ဆိုတဲ့ ဒီစကားရပ်ပေါ်မူတည်ပြီးတော့ ဦးရဲထွန်းအနေနဲ့ ပြန်လည်သုံးသပ်သင့်တယ်ဆိုတဲ့ စကားကိုပဲ ပြောသွားတယ်လို့ ထင်ပါတယ်။ ဒါကြောင့် ကျွန်တော့်ကို တိုင်တည်ပြောဆိုတဲ့တင်ပြတဲ့ ဆွေးနွေးတဲ့နေရာမှာ ကျွန်တော့်ဘက်ကတော့၊ ဒါနဲ့ပတ်သက်ပြီးတော့ ဒီအဖွဲ့ဟာ မလွဲမသွေဖွဲ့စည်းရမယ့်အဖွဲ့လို့ပဲ ဒီလိုသုံးသပ်ပါတယ်။ သို့ရာတွင် ဒါဟာကျွန်တော့်ရဲ့ သုံးသပ်ချက်ဟာ တစ်ဦးတည်းရဲ့ သုံးသပ်ချက်ဖြစ်မှာ ဖြစ်တဲ့အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူပြီးတော့ ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆရာကြီးမောင်မောင်ဝင့် အဆိုတင်သွင်းတဲ့ ဆေးပညာရှင်များကာကွယ်ရေးအဖွဲ့ ဒါတော့ နောင်မှာတော့ ဒီမြန်မာစကား ပြောင်းချင်ပြောင်းသွားပါမယ်။ သို့ရာတွင် Medical Protection Society လူနာများရော၊ ဆေးပညာရှင်များရော အကာအကွယ်ပေးမယ့် အဖွဲ့ဖွဲ့စည်းဖို့ကိစ္စကိုတော့ လွှတ်တော်ရဲ့သဘောထား

ကိုမေးမြန်းမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆရာကြီးဒေါက်တာမောင်မောင်ဝင့် တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကသဘောတူတဲ့အတွက် ဆရာကြီး မောင်မောင်ဝင့်တင်ပြတဲ့အဆို ကိုလွှတ်တော်က အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဒီနေ့အစီအစဉ်တွေကိုကျင်းပတဲ့ နေရာမှာ အချိန် လေးနာရီမှာ ပြီးကောင်းမှပြီးပါမယ်။ တကယ်လို့မပြီးဘူး ဆက်ပြီးတော့လုပ်ဖို့လိုတယ် ဆိုလို့ ရှိရင်လည်း နာရီဝက်ထက်မပိုသောအချိန်မှာပြုလုပ်ပါမယ်။ ဒါကို လွှတ်တော်ကသဘောတူတယ် ဆိုရင်တော့ ကျွန်တော်ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်၏ "အသေးစားချေးငွေလုပ်ငန်းများ စုစည်းလျက် မြို့စားတို့၏ အတိုးနှင့်စုဆောင်းငွေကို သာတူညီမျှပါဝင်ရင်းနှီးမြှုပ်နှံသည့် ဝေစုရှယ်ယာ Equity Share အဖြစ် အခြေခံကာ မြို့စားအများပိုင်ငွေကြေးနှင့် လူမှုစီးပွားလုပ်ငန်း Finance and Social Business အဖွဲ့အစည်းကြီးတစ်ရပ် ထူထောင်ရေး "အဆိုကို တင်သွင်းခြင်း

**အချိန်၊ ၁၅း၄၅။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုတင်သွင်းခြင်းအစီအစဉ် ဆက်လက်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ အသေးစားချေးငွေလုပ်ငန်းများ စုစည်းလျက် မြို့စားတို့၏ အတိုးနှင့် စုဆောင်းငွေကို သာတူညီမျှပါဝင် ရင်းနှီးမြှုပ်နှံသည့် ဝေစုရှယ်ယာ Equity Share အဖြစ် အခြေခံကာမြို့စား အများပိုင်ငွေကြေးနှင့် လူမှုစီးပွားရေးလုပ်ငန်း Finance and Social Business အဖွဲ့အစည်းကြီးတစ်ရပ် ထူထောင်ရေးအဆိုတင်သွင်းဖို့ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်အားဖိတ်ခေါ် ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ အသေးစား ချေးငွေလုပ်ငန်းတွေလုပ်ကိုင်တဲ့နေရာမှာ ဆင်းရဲသားမြို့စားတွေရဲ့ ချေးတဲ့ငွေအပေါ်မှာပေးဆပ်တဲ့ အတိုးနဲ့စုဆောင်းငွေဟာ ဒီအသေးစားချေးငွေလုပ်ငန်းတစ်ခုလုံးရဲ့ အဓိကဆုံလည်အမှတ်

Deporting Point ဖြစ်နေပါတယ်။ ဆိုလိုတာကတော့ ဒီဆင်းရဲသားမြီစားတွေရဲ့ ချေးငွေအပေါ်မှာ ပြန်လည်ပေးဆပ်တဲ့အတိုးနဲ့ စုဆောင်းငွေဆိုတဲ့အပိုင်းဟာ အသေးစားချေးငွေလုပ်ငန်းကြီး တစ်ရပ်လုံး တိုးတက်ဖို့ သို့မဟုတ် ပျက်စီးဖို့အတွက် အဓိကပွိုင့်ဖြစ်နေပါတယ်။ တနည်းပြောရလို့ ရှိရင်တော့ အသေးစားချေးငွေလုပ်ငန်းတွေအပေါ်မှာ ဆင်းရဲသားမြီစားတွေရဲ့ ယုံကြည်မှုဆိုတာ အရေးကြီးပါတယ်။ ဒီဟာကလည်း ဒီကိစ္စအပေါ်မှာ တည်နေပါတယ်။ အဲတော့ ကျွန်တော့်အနေနဲ့ ကမ္ဘာပေါ်မှာ ပထမဦးဆုံးပေါ်ပေါက်ခဲ့တဲ့ အသေးစားချေးငွေလုပ်ငန်းဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်က ရာမင်းဘဏ် အဲဒီကနေပြီးတော့ လူမှုစီးပွားကော်ပိုရေးရှင်းကြီးဖြစ်လာတဲ့ပုံစံမှာ ချေးငွေရဲ့ငါးရာခိုင်နှုန်းကို ပထမတော့ မြီစားတွေရဲ့စုဆောင်းငွေအဖြစ်နဲ့ ဖယ်ထားခဲ့ပါတယ်။ အဲဒီမှာ မြီစားတွေက အတိုးကတော့ နှစ်ရာခိုင်နှုန်းဒါပေမယ့်လို့ ချေးငွေရဲ့ငါးရာခိုင်နှုန်းကို ဖယ်ထားရတဲ့အတွက်ကြောင့် အတိုးနှုန်းဟာ ခုနှစ်ရာခိုင်နှုန်း ဖြစ်နေပြီဆိုပြီးတော့ မြီစားတွေရဲ့ယုံကြည်မှုမရခဲ့ဘဲနဲ့ ရာမင်းဘဏ်ကြီးက သူ့ရဲ့ရာမင်းအဆင့်တစ်ကို ဖျက်သိမ်းပြီးအဆင့်နှစ်ကို ပြောင်းလဲခဲ့ရပါတယ်။ ရာမင်းဘဏ်အဆင့်နှစ်ရဲ့ ပြောင်းလဲမှုမှာကျတော့ကာ မြီစားတွေကိုချပေးတဲ့ အတိုးနှုန်း နှစ်ရာခိုင်နှုန်းထဲကနေပြီးတော့ တစ်ရာခိုင်နှုန်းကို စရိတ်အဖြစ်နဲ့ ဘဏ်ကယူပါတယ်။ ကျန်တဲ့ တစ်ရာခိုင်နှုန်းကို မြီစားတွေရဲ့ အသင်းကြီးထဲမှာ ငွေစုရှယ်ယာအဖြစ်နဲ့ သတ်မှတ်ပေးခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ပေါ့လေ ကျွန်တော်တို့ ဒီမှာဒီကနေ့ အသေးစားချေးငွေလုပ်ငန်းတွေကို အဓိကလုပ်ကိုင်နေတဲ့ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရဲ့ ပုံစံအနေနဲ့ကတော့ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရဲ့ အထွေထွေအတွင်းရေးမှူးရဲ့ ဂျာနယ်တစ်စောင်မှာ အဆိုအရ ဆိုလို့ရှိရင် မြီစားတွေချေးတဲ့ ချေးငွေအပေါ်မှအတိုးနှုန်း နှစ်ရာခိုင်နှုန်းယူပြီးတော့ အဲဒီမှာ ၀၆.၀ ရာခိုင်နှုန်းကို စရိတ်စကအဖြစ်နဲ့ယူပြီးကျန်တဲ့ ၁.၄ ရာခိုင်နှုန်းကို လူမှုကူညီရေးလုပ်ငန်းတွေမှာ သုံးစွဲမယ်လို့ ဆိုထားတာတွေ့ရပါတယ်။ သဘောတရားအနေနဲ့ကတော့ ကျပ်တစ်သောင်းအပေါ်မှာ အတိုး နှစ်ရာကျသင့်တဲ့အခါမှာ စရိတ်စကအနေနဲ့ ၆၀ ကျပ်ယူပြီးတော့ လူမှုကူညီရေးရန်ပုံငွေအဖြစ်နဲ့ ၁၄၀ ကျပ်တစ်နည်းအားဖြင့်ဆိုလို့ရှိရင် ၃း၇ လို့တွက်လို့ရပါတယ်။ နှိုင်းယှဥ်ကြည့်လိုက်လို့ရှိရင် ရာမင်းဘဏ်ကစရိတ် ဘတ်ဂျက်နဲ့လူမှုကူညီရေးအတွက် ငါးကျပ်ယူပါတယ်။ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရဲ့အနေနဲ့ကတော့ စရိတ်အနေနဲ့ သုံးကျပ်ယူပြီးတော့ လူမှုကူညီရေးအတွက် ခုနှစ်ကျပ် စုဆောင်းပေးထားတာတွေ့ရပါတယ်။ ဒီတော့ ရာမင်းဘဏ်ရဲ့ပုံစံထက် သူကပိုပြီးတော့ အနစ်နာခံပြီးခွဲဝေပေးထားတာကိုတွေ့ရပါတယ်။ သို့သော်လည်းပဲ ဒီမှာလိုအပ်ချက်တစ်ရပ်ကို ကျွန်တော် မြင်တာလေး ပြောလိုပါတယ်။ မြီစားတွေပေးသွင်းတဲ့အတိုးမှာ တစ်ဆယ်ပုံခုနှစ်ပုံဟာ ဘ၀တူ မိမိရပ်ရွာထဲက

နေထိုင်ကြသူချင်း လူမှုကူညီရေးရန်ပုံငွေအဖြစ်နဲ့ ထားရှိမယ်ဆိုတဲ့အချက်ကို မြို့စားတွေအားလုံး ထင်သာမြင်သာနဲ့သိရှိအောင် ရှင်းရှင်းလင်းလင်း ထုတ်ပြန်ပြောဆိုပြသထားဖို့ ဆိုတဲ့အချက် လိုအပ်တာကိုတွေ့ရပါတယ်။ ဒါမှသာလျှင် မြို့စားနဲ့မြို့ရှင်ကြား နားလည်မှုအပြည့်အဝရှိပြီးတော့ အလွန်အောင်မြင်တဲ့ အသေးစားချေးငွေလုပ်ငန်း ဖြစ်လာမှာဖြစ်ပါတယ်။

ကျွန်တော်ဒီအဆိုကို တင်သွင်းမယ်လို့ ပြည်သူ့လွှတ်တော်ကို ခွင့်ပြုချက်တောင်း ခံနေရင်းကနေ ပြီးတော့ ဩဂုတ်လ ၂၂ ရက် ကျွန်တော်ဒီကို ရောက်ရှိတဲ့အချိန်မှာ နိုင်ငံတော်အစိုးရဘက်က နေပြီးတော့ မြန်မာနိုင်ငံအသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်းကို လေ့လာနိုင်ဖို့ ကျွန်တော်တို့ဆီကို ဝေငှလာပါတယ်။ ပြည်ထောင်စုလွှတ်တော်က တစ်ဆင့်ပေါ့ဗျာ။ အဲဒီဥပဒေကြမ်းမှာ အသေးစားချေးငွေလုပ်ငန်းများ ကြီးထွားပြီးတော့ ပိုမိုကျယ်ပြန့်စွာ ထုတ်ချေးနိုင်ခြင်းကနေတစ်ဆင့် အခြေခံလူတန်းစားတွေရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ စီးပွားရေးအခြေအနေများ တိုးတက်ရန်၊ အလုပ်အကိုင်ဖန်တီးပေးရန်၊ အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖွင့်လှစ်လုပ်ကိုင်နိုင်ရန်၊ စိုက်ပျိုး မွေးမြူရေးတို့ကိုကူညီရန်ဆိုတဲ့ ရည်ရွယ်ချက်သဘောတရား ပါဝင်လာတာတွေ့ရပါတယ်။ အဲဒီ တော့ကာ နိုင်ငံတကာမှာကျင့်သုံးလာတဲ့၊ လက်ခံလာတဲ့ရာမင်းပုံစံနဲ့တစ်ချက်နှိုင်းယှဥ် လို့ရတာက တော့ ရာမင်းပုံစံက မြို့စားတွေရဲ့စုဆောင်းငွေကို ဘဏ်ကနေတစ်ဆင့်သွားပြီးတော့ ဘဏ်ကနေ ပွားများတဲ့ငွေကနေ လူမှုကူညီရေးကိုလုပ်ကိုင်တာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဆွေးနွေးသွားမယ့် အသေးစားချေးငွေလုပ်ငန်း ဥပဒေကြမ်းမှာကတော့ တိုက်ရိုက်ပဲ လူမှုကူညီရေးအတွက် လုပ်ကိုင်သွား မယ့် သဘောတွေ့ရပါတယ်။ ဒါတွေဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုနွမ်းပါးလျှော့ချရေး ဗဟိုအဖွဲ့နဲ့ အောက်ခြေအဆင့်ဆင့်လုပ်ငန်းကော်မတီများက ဖွဲ့စည်းလုပ်ကိုင်သွားမှာဖြစ်ပါတယ်။ ဒီတော့ကာ ကျွန်တော်တင်ပြလိုတဲ့ အဆိုဖြစ်တဲ့ ငွေကြေးနဲ့ လူမှုစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ ထူထောင်ရေးဆိုတာနဲ့ကွာခြားခြင်းမရှိတော့တာကို ကျွန်တော်တွေ့ပါတယ်။ အဲတော့ Institutionနဲ့ Organization တစ်ရပ်ထူထောင်ရေးမှာသာလျှင် ကျွန်တော်ကတော့ ရာမင်းပုံစံအတိုင်း ပြည်သူတွေ ရဲ့ဆင်းရဲသားပြည်သူတွေ ချေးတဲ့ငွေရဲ့ပေးရတဲ့အတိုးပေါ်မှာစုဆောင်းပြီး ဘဏ်တစ်ခုထူထောင်ရေး ကနေတစ်ဆင့် လူမှုကူညီရေးကို ကျွန်တော်က ဆိုလိုပြီးတော့ နိုင်ငံတော်အစိုးရရဲ့ ကျွန်တော်တို့ဆီကို ချမှတ်လာတဲ့၊ ဆွေးနွေးဖို့ ချမှတ်လာတဲ့မူကြမ်းမှာကတော့ ဒါကို တိုက်ရိုက်ပဲ လုပ်ကိုင်ပေးသွားဖို့ဆိုတဲ့ သဘောတရားတွေ့ရပါတယ်။ ပြီးတော့ ကျွန်တော့်အဆိုအနေနဲ့ ဆက်လက်တင်သွင်းရန် လိုအပ်ခြင်း

မရှိတော့ဘူးဆိုတာကို ကျွန်တော်သုံးသပ်မိတဲ့အတွက်ကြောင့် ကျွန်တော် အဆိုကိုဒီနေရာကပဲ ပြန်လည်ရုပ်သိမ်းပါတယ်လို့ တင်ပြအပ်ပါတယ်ခင်ဗျား။ (ကြိဘာသံများ)

## ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်၏ ''နိုင်ငံရေးပါတီများရဲ့ လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာဥပဒေများ ပြည်ထောင်စုလွှတ်တော်မှ အမြန်ဆုံး ပြဋ္ဌာန်းပေးပါရန်''အဆို တင်သွင်းခြင်း

**အချိန်၊ ၁၅:၅၃။**

**ဥက္ကဋ္ဌ**။ ။ ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်ကပဲ နိုင်ငံရေးပါတီများရဲ့ လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းဆိုင်ရာဥပဒေများ ပြည်ထောင်စုလွှတ်တော်မှ အမြန်ဆုံး ပြဋ္ဌာန်းပေးပါရန် အဆိုနဲ့ပတ်သက်ပြီး တင်သွင်းခြင်းဖြစ်ပါတယ်။

**ဦးကြည်မြင့် (လသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော့်အနေနဲ့နိုင်ငံရေးပါတီများရဲ့ လိုအပ်တဲ့ ဆိုင်ရာဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ ဆိုင်ရာဥပဒေများကို ပြည်ထောင်စုလွှတ်တော်က အမြန်ဆုံးပြဋ္ဌာန်းပေးပါရန်လို့ ကျွန်တော်က အဆိုတင်သွင်းရန်ကြံစည်ခဲ့ပေမယ့်လည်း ကျွန်တော့် အနေနဲ့ ကျွန်တော်တို့ထက်ပိုပြီးမြန်ဆန်မယ့်ဖွဲ့စည်းပုံ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများရဲ့ လုပ်ဆောင်ချက်ဟာ ကျွန်တော်တို့ထက်ပိုပြီးမြန်မယ့်သဘောထားကို ကျွန်တော်မြင်ရပါတယ်။ အဲဒီအတွက်ကြောင့် မကြာမီမှာပဲနိုင်ငံရေးပါတီများအတွက် လိုအပ်တဲ့ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်း စည်းကမ်းဥပဒေများဟာ ထွက်ပေါ်လာရန်ရှိနေတယ်လို့သုံးသပ်မိတဲ့အတွက် ကျွန်တော် တင်သွင်းမယ့်အဆိုကို ဒီနေရာမှာပဲ ရုပ်သိမ်းခြင်း ပြုပါမယ်ခင်ဗျား။(ကြိဘာသံများ)

**ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်၏ "မိဘပြည်သူများ၊ အလှူရှင်များနှင့်ပညာရေး ဝန်ကြီးဌာနတို့ ပူးပေါင်းပြီးယိုယွင်းနေသော မူလတန်းကျောင်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် Public Private Partnership သဘောမျိုးဖြင့်ပုဂ္ဂလိက အခြေခံပညာမူလတန်းကျောင်းများကို တည်ထောင်ခွင့်ပြုသင့်ကြောင်းနှင့် ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း "အဆို တင်သွင်းခြင်း**

**အချိန်၊ ၁၅း၅၅။**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ မိဘပြည်သူများ၊ အလှူရှင်များနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီးယိုယွင်းနေသော မူလတန်းကျောင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် Public Private Partnership သဘောမျိုးဖြင့်ပုဂ္ဂလိက အခြေခံပညာ မူလတန်းကျောင်းများကို တည်ထောင်ခွင့်ပြုသင့်ကြောင်းနှင့် ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုရေးဆွဲချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း ဖြစ်ပါတယ်။ ပထမဦးစွာ တင်ပြလိုတာကတော့ ကျွန်တော့်အဆိုကိုတိုတိုတုတ်တုတ်နဲ့ သဘောပေါက်အောင်လို့ ကျွန်တော်ပြန်လည်ပြင်ဆင်လိုပါတယ်။ ကျွန်တော် ပြန်လည်ပြင်ဆင်တင်သွင်းလိုတဲ့ အဆိုကတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ အပိုဒ်(ဂ)ပါ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရာမှာ အထောက်အကူဖြစ်စေဖို့အတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်အလိုက်၊ မြို့နယ် အလိုက် တိုင်းရင်းသားမိဘပြည်သူများနဲ့ ပုဂ္ဂလိကအလှူရှင်များက ပညာရေးရန်ပုံငွေ ထူထောင်လျက် ပူးပေါင်းဆောင်ရွက်သင့်ကြောင်းအဆိုဖြစ်ပါတယ်။ ဒီအဆိုကိုဖတ်ကြားတင်သွင်းခွင့်ပြုပါရန် တင်ပြ အပ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၊ အပိုဒ်(ခ)မှာ နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၂၈၊ အပိုဒ်(ဂ)တွင် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ သက်ဆိုင်ရာ

ဝန်ကြီးဌာနအနေနဲ့ အခမဲ့မသင်မနေရမူလတန်းပညာရေးစနစ်ကို ဖော်ဆောင်မယ်ဆိုပါက သင်ထောက်ကူပစ္စည်းများပြည့်စုံသော၊ ကျောင်းဥပဒေရပ်တင့်တယ်သော ဆရာ၊ ဆရာမ ပြည့်စုံ၍ အဆင့်မီသော မူလတန်းကျောင်းများကို မြို့နယ်အလိုက်၊ ကျေးရွာရပ်ကွက်အလိုက်၊ ပြည့်စုံလုံလောက်စွာတည်ထောင်ပေးရန်လိုအပ်ပါတယ်။ အဆိုပါလုပ်ငန်းများကို နိုင်ငံတော်က ခွင့်ပြုထားသောဘဏ္ဍာငွေဖြင့်သာဆောင်ရွက်ရသည်မှာ ကြီးမားသောဝန်ထုပ်၊ ဝန်ပိုးကြီးတစ်ခုဖြစ်လာနိုင်ပါတယ်။ တိုင်းရင်းသားပြည်သူများက လူအင်အား၊ ငွေအင်အားဖြင့် ဝိုင်းဝန်းကူညီသင့်ပါသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ မြို့နယ်အလိုက် တိုင်းရင်းသားမိဘပြည်သူများနှင့် ပုဂ္ဂလိကအလှူရှင်များ ပူးပေါင်းပြီး ပညာရေးရန်ပုံငွေထူထောင်၍ ပါဝင်ဆောင်ရွက်ခွင့်ပြုသင့်ကြောင်း အဆိုကိုတင်သွင်းအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးအောင်သိန်းလင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း တင်သွင်းတဲ့အဆိုဟာ နိုင်ငံတော်အတွင်းမှာဆင်းရဲနွမ်းပါးမှုကြောင့် ပညာသင်ကြားခွင့်မရတဲ့ နိုင်ငံတော်ရဲ့သားငယ်၊ သမီးငယ်၊ လူငယ်များစွာအတွက် ပညာရေးအခွင့်အလမ်းများ ရရှိစေမှာဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈(ခ)ပါ ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန်ကို ဖော်ဆောင်ခြင်းဖြစ်ပြီးတော့ပုဒ်မ ၂၈ (ဃ) မှာ ပါရှိတဲ့ ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ဖော်ဆောင်ခြင်းကို အထောက်အကူပြုတဲ့အတွက်ကြောင့် ၎င်းအဆိုကို ထောက်ခံပါကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း တင်သွင်းတဲ့အဆိုကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်၊ ကြာသပတေးနေ့ အစည်းအဝေးမှာဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## ဦးသိန်းညွှန့် ၊ သယ်န်းကျွန်းမဲဆန္ဒနယ်၏ "၁၉၂၆ ခုနှစ်၊ တရားရေးရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေ (The Contempt of Courts Act., Act XII, 1926) ကိုရုပ်သိမ်း ပေးပါရန် " အဆိုတင်သွင်းခြင်း

**အချိန်၊ ၁၅း၅၉။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်က အဆိုတင်သွင်းလိုကြောင်း ကြိုတင်တင်ပြထားပါတယ်။ ဦးသိန်းညွှန့်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွှန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေအားရုပ်သိမ်းပေးပါရန် ကျွန်တော်အဆိုတင်သွင်းပါတယ်။ ဒီအဆိုကို ကျွန်တော် ဘာ့ကြောင့်တင်သွင်းရသလဲဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ကိုလိုနီခေတ်ကပြဋ္ဌာန်းခဲ့တဲ့ဥပဒေတွေနဲ့ လွတ်လပ်ရေးရပြီးတဲ့အခါမှာ ပါလီမန်ခေတ်ကပြဋ္ဌာန်းခဲ့တဲ့ဥပဒေ၊ တော်လှန်ရေးကောင်စီခေတ်က ပြဋ္ဌာန်းခဲ့တဲ့ဥပဒေတွေ၊ လမ်းစဉ်ပါတီခေတ်မှာ ပြည်သူ့လွှတ်တော်ကပြဋ္ဌာန်းခဲ့တဲ့ဥပဒေတွေ၊ ဒီဘက် ၁၉၈၈ ဒီဘက်အပိုင်းမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့တဲ့ဥပဒေတွေ၊ ယခုပြည်သူ့လွှတ်တော်က အသစ်ပြဋ္ဌာန်းဖို့ ကြိုးစားခဲ့တဲ့ ဥပဒေဆိုပြီးတော့ ဥပဒေအများအပြားရှိပါတယ်။ အဲဒီထဲက ဥပဒေ ၁၀၀၀ ကျော်ထဲမှာ ယခု ကျွန်တော်တင်သွင်းတဲ့တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေပါပါတယ်။ အဲဒီတော့ ဒီနေရာမှာ အရင်ဆုံးရှင်းပြချင်တဲ့ အချက်ကတော့ ၂၄-၆-၂၀၁၁ မှာ ကျွန်တော်တို့ရဲ့ ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးက ရန်ကုန်တိုင်းလွှတ်တော်ကိုယ်စားလှယ်များနဲ့တွေ့တဲ့ပွဲမှာ မိန့်ကြားခဲ့တဲ့စကားရှိပါတယ်။ ဒါကဘာလဲဆိုတော့ ဥပဒေပြုရမည်ဆိုရာ၌ တည်ဆဲဥပဒေများအား ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဥပဒေသစ်များပြဋ္ဌာန်းခြင်းတို့ ပါဝင်တယ်ဆိုတာမိန့်ကြားခဲ့ပါတယ်။ အဲဒါကြောင့် ကျွန်တော် ဥပဒေ တစ်ခု၊ ကိုလိုနီခေတ်ဥပဒေတစ်ရပ်ကို ပယ်ဖျက်ဖို့တင်ခြင်းဟာ ဥပဒေသစ်များကို ဥပဒေပြုခြင်းဆိုတဲ့ အချက်ကို ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ဦးစွာရှင်းလင်းတင်ပြလို ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် လိုရင်းအချက်များကိုရှင်းပြရရင် တရားရုံးကိုမထီမဲ့မြင်ပြုမှု အက်ဥပဒေဟာ ၁၉၂၆ ခု၊ မေလ ၁ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေဟာပြဋ္ဌာန်းစဉ်ကပင် ကိုလိုနီအစိုးရ လက်ထက်ကတိုင်းရင်းသားများနဲ့ ပြည်မကိုခွဲခြားထားတဲ့ဥပဒေဖြစ်ပါတယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်းနှင့် ရှမ်းပြည်တို့မှာ ဤ ဥပဒေဟာ အာဏာသက်ရောက်ခြင်းမရှိပါဘူး၊ ဒီကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့တဲ့ဥပဒေအရဆိုရင် ဒီတရားရုံးများကို မထီမဲ့မြင်ပြုတဲ့အက်ဥပဒေအရ တရားရုံးချုပ်က မိမိရုံးကို မထီမဲ့မြင်ပြုမှုဟာ စီရင်ပိုင်ခွင့်အာဏာရှိသည့်အတိုင်း လက်အောက်ခံတရားရုံးများ ကိုလည်း မထီမဲ့မြင်ပြုမှုများကို အလားတူစီရင်ပိုင်ခွင့် အာဏာရှိရမယ်ဆိုပြီးတော့ ပုဒ်မ(၂)မှာ ပြဋ္ဌာန်းထားပါ တယ်။ အင်မတန်ကျယ်ပြန့်တဲ့အာဏာဖြစ်ပါတယ်။ အဲဒီတော့ ဗြိတိသျှအင်ပါယာခေတ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေနဲ့ပတ်သက်ပြီးတော့ ဒီကျွန်တော်တို့ တရားဥပဒေလောကမှာအင်မတန်မှ ပညာရှင်အဖြစ် ထင်ရှားခဲ့တဲ့ ဒေါက်တာဦးဘတင်၊ သူကိုယ်တိုင်က အင်္ဂလန်ကနေ ဥပဒေဘွဲ့ရခဲ့ပါတယ်။ သူက ရန်ကုန် ရွှေနေအသင်းရဲ့ရွှေနေမဂ္ဂဇင်းမှာ ၈၄-၈၅ မဂ္ဂဇင်း အမှတ် ၄၊ စာမျက်နှာ ၅၀ မေးခွန်း ၁၈ မှာလွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ နီးပါးက ဖြေတဲ့အချိန်မှာကတည်းက ဒီဥပဒေဟာ ကျွန်တော်တို့တိုင်းပြည်မှာ ရုပ်သိမ်း သင့်ကြောင်းကို သူ့အမေး၊ အဖြေလေး ကျွန်တော်ပြည်သူ့လွှတ်တော်ကိုဖတ်ပြပါမယ်၊ ဖတ်ပြခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။

မေး - ၁၉၂၆ ခုနှစ်၊ တရားရုံးမထီမဲ့မြင်ပြုမှုအမှတ် ၁၂ ၏ သဘောတရားသည် မည်သို့ရှိပါ သနည်း။

ဖြေ - ဤဥပဒေသည် ဗြိတိသျှအင်ပါယာထူထောင်သောခေတ်တွင် အင်္ဂလန်နိုင်ငံမှ ဆင်းသက်လာပါတယ်။ သမိုင်းအရ တစ်ချိန်ကအင်္ဂလန်နိုင်ငံ၌ ပဒေသရာဇ်ခေတ်တွင် မြေပိုင်ရှင် လူတန်းစားများ စိုးမိုးသောအချိန်၌ ၎င်းလူတန်းစားများကို အကျိုးပြုသောဥပဒေစနစ်ကိုကျင့်သုံးရာ၌ ထိုအချိန်ကတည်ဆဲတရားဥပဒေများကို စိုးမိုးကွပ်ကဲသော တရားသူကြီးများအား ကြောက်ရွံ့ဝပ်တွား

စေရန်တည်ရှိခဲ့ပါသည်။ ယခုလုပ်သားပြည်သူ့ခေတ်နှင့် ဆီလျော်သည်ဟုမဆိုနိုင်ပါ။ ဤဥပဒေကို ပယ်ဖျက်လျှင် ယခုရှိးရိုးဥပဒေအရ တရားရုံးအားမထီမဲ့မြင်ပြုခဲ့သူများအား အာဏာဖီဆန်နှောင့်ယှက်မှုနှင့်အရေးယူလျှင် လုံလောက်မည်ဟုယူဆနိုင်ပါသည်။ ဒါဥပဒေ ပညာရှင်ကြီး ဒေါက်တာဘတင်ရဲ့ သဘောထားကို ကျွန်တော် အင်မတန်သဘောတူပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၈ မှာ တရားစီရင်ရေးဆောင်ရွက်နေသည့် ပြည်သူ့ဝန်ထမ်းတစ်ဦးအား တမင်စော်ကားခြင်း(သို့မဟုတ်)ဝင်ရောက်နှောင့်ယှက်ခြင်းပြုပါက ထိုသူ့ကို အလုပ်လက်မဲ့နှင့်ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ် ၁၀၀၀ ကျပ်ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ချမှတ်ရမည်ဟုပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေမှာ ပါပြီးဖြစ်တဲ့အချက်ကို နောက်ထပ်သီးသန့်ခွဲပြီးတော့ အထူးဥပဒေအရ ရယူထားတဲ့ဥပဒေမျိုးရှိခြင်းဟာ ဒါဥပဒေအရပြောရရင် ဒါ ပြည်သူလူထုကိုဝန်ထုပ်ဝန်ပိုးပိစေပါတယ်။ ဒီဟာကို အခုအချိန်မှာ ဘာကြောင့် ပယ်ဖျက်ဖို့ပြောရသလဲဆိုရင် အခု ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာသက်ရောက်ပါပြီ။ အဲဒီတော့ မိမိယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားခွင့်တွေကို သတင်းမီဒီယာများကို ကျွန်တော်တို့ပေးကြရပါမယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးနဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကိုယ်တိုင် သတင်းမီဒီယာများကို စတုတ္ထမဏ္ဍိုင်အဖြစ် အသိအမှတ်ပြုထားပါတယ်။ ဒီဥပဒေကို ပြန်လည်မရုပ်သိမ်းဘူးဆိုရင် အရင်တုန်းက ဒီဥပဒေဒဏ်ကြောင့် ဘေးသင့်တဲ့သူတွေကတော့ ရှေ့နေရှေ့ရပ်တွေပါ။ အခုထပ်ပြီးတော့ ဘေးသင့်မယ့်ပုဂ္ဂိုလ်တွေကတော့ သတင်းမီဒီယာလောက က လူတွေဖြစ်မယ့်အလားအလာ အကြောင်းအချက်အများကြီးရှိပါတယ်။ ကျွန်တော် သာဓကပြောပါရစေ။ ဤဥပဒေအရ ကိုလိုနီခေတ်တုန်းက မြန်မာ့အလင်းဆရာစိန်လို ပုဂ္ဂိုလ်ကြီးအရေးယူခံခဲ့ရပါတယ်။ လွတ်လပ်တဲ့ဗမာနိုင်ငံခေတ်မှာလည်း ဗမာ့ခေတ်ဦးကိုလေးအရေးယူခံခဲ့ရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးအဖြစ်တာဝန်ယူခဲ့ပြီးတော့ အရင်တုန်းက နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုကို ဘဝရှင်မင်းတရားကြီးလို့ခေါ်ခဲ့တဲ့ ဆရာကြီးထွန်း နေ့စဉ် ဦးထွန်းဖေတို့လည်း သတင်းစာပါ ရေးသားမှုတွေကြောင့် တရားရုံးတော်ကို မထီမဲ့မြင်ပြုမှုအရ အရေးယူခံခဲ့ရပါတယ်။ ဒါကြောင့် ဒီဥပဒေတွေဟာ ဒီနေ့ ပြည်သူတွေရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေလည်းမဟုတ်ပါဘူး။ ပါလီမန် သို့မဟုတ် ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေလည်းမဟုတ်ပါဘူး။ ဒါကြောင့် ဒီဥပဒေဟာ ဒီပညာရှင်ကြီး ဒေါက်တာဘတင်ရဲ့ သုံးသပ်ချက်အရတင်ပြရရင် တရားရုံးကိုကာကွယ်တဲ့ဥပဒေ

မဟုတ်ပါဘူး။ တရားသူကြီးများကိုကာကွယ်တဲ့ဥပဒေဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ မကြာခဏပြောကြားတဲ့စကားနဲ့ပြောရရင် ဥပဒေရဲ့အထက်မှာ တရားသူကြီးတွေရောက်နေတယ်ဆိုတာ ဒီဥပဒေက အကာအကွယ်ပေးထားပါတယ်။ ဥပဒေအထက်မှာ မည်သူမှမရောက်ဖို့ဆိုရင်တော့ ဒီဥပဒေကိုရုပ်သိမ်းရမယ့်အချိန်တန်ပါပြီ။ ဒါကြောင့် ဒီဟာ ကျွန်တော်တို့ ပြည်သူ့အကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွားကို စောင့်ရှောက်နိုင်တဲ့ဥပဒေလည်း မဟုတ်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း ညီညွတ်ခြင်းမရှိဘူးလို့ ကျွန်တော်ယူဆပါတယ်။

နောက်တစ်ခါ ဒီနေ့ တရားစီရင်ရေးလောက၊ တရားရေးမဏ္ဍိုင် ကြံ့ခိုင်ဖို့အတွက် တရားသူကြီးတော်တော်များများ လာဘ်ပေးလာဘ်ယူနဲ့အကျင့်ပျက်မှုဖြစ်နေတဲ့ဟာကို အကာအကွယ်ပေးနိုင်တဲ့ဥပဒေလည်းဖြစ်နေပါတယ်။ နောက်ပြီးတော့ ဒီလိုဥပဒေမျိုးဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ ရှေ့ဆက်ကျင့်သုံးမယ့် လူ့အခွင့်အရေးအခြေခံများနဲ့လည်း မကိုက်ညီပါဘူး။ ကျွန်တော်တို့နိုင်ငံ လက်မှတ်ရေးထိုးထားပြီးသော ကုလသမဂ္ဂကအတည်ပြု၊ ကုလသမဂ္ဂ လူ့အခွင့်အရေး အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း ပုဒ်မ ၁၉ မှာ လူတိုင်းတွင် လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာဖွင့်ဟဖော်ပြခွင့်ရှိသည်။ အဆိုပါအခွင့်အရေးများ၌ အနှောင့်အယှက်မရှိပဲ လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့် ပါဝင်သည့်အပြင်ဆိုတော့ ဒီလွတ်လပ်ခွင့်ကို လူ့အခွင့်အရေးကြေညာစာတမ်း ၁၉ အရဆိုရင်လည်း တရားရုံးများကိုမထီမဲ့မြင်ပြုတဲ့အက်ဥပဒေက အနှောင့်အယှက်ပေးနေပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ၁၉၂၆ ခုနှစ်၊ တရားရုံးများကိုမထီမဲ့မြင်ပြုတဲ့အက်ဥပဒေကို ရုပ်သိမ်းပြီး၊ ရုပ်သိမ်းပေးနိုင်ဖို့ဒီအဆိုကို ကျွန်တော်တင်သွင်းရခြင်းဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်တင်သွင်းတဲ့အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်အပ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ လသာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စောစောက သဃ်န်းကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့်တင်သွင်းခဲ့တဲ့ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ရုပ်သိမ်းပေးပါရန်ဆိုတဲ့အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း

**အချိန်၊ ၁၆း၁၁။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သယံဇာတကွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ (ကြာသပတေးနေ့) အစည်း အဝေးမှာဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။ ယခု အစီ အစဉ်မတိုင်မီ တင်ပြသွားတဲ့ ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်ရဲ့ အဆိုပြင်ဆင် တင်သွင်းမှုနဲ့ပတ်သက်ပြီးတော့ ရေးသားထားတဲ့အဆိုတင်သွင်းမှုကို လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ် ထံနှင့် ပညာရေးဝန်ကြီးထံကို အစည်းအဝေးပြီးတဲ့အခါမှာ တစ်ပါတည်းပေးလိုက်မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၆း၁၂။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးစတုတ္ထနေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်၊ (ကြာသပတေးနေ့) ၁၀၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၆း၁၄ နာရီ အချိန်တွင် ရပ်နားပါသည်။]